ပခုက္ကူ ဦးအုံးဖေ စာပေဆုရ

ဦးညွန့်မောင်



# မနိကျည်းစေ့ကမ္မဝါ
# ပန်းအကျွရာ

၁၉၉၉ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု
သုတေသန စာပေပထမဆုရ

# "မန်ကျည်းစေ့ ကမ္ဘဝါ ပန်းအက္ခရာ"

ဦးညွန့်မောင်

စီစဉ်တည်းဖြတ်သူ – ဦးညွန့်ဟံ
ညွန့်ဟံ (ကြူးဘော)
စာတည်း (တာဝန်ခံ)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၀ ပြည့်နှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

အဖိုး ( ၉၅ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ဒုတိယအထွေထွေမန်နေဂျာ ထုတ်လုပ် (ဒေါ်မြမြ) က
မှတ်ပုံတင်အမှတ် ၄၁၆/ (ယာယီ) ဖြင့် ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ်
၂၅၈ (ယာယီ) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ✪ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- ✪ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ✪ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- * ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ် ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအား သည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက် ဝယ် တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက် အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘုရားသာသနာ၊ လေးရာမက၊
ငါးဆယ်မျှဌ်၊ ဝဋ္ဋဂါမဏိ၊
မင်းကြီးလက်ထက်၊ အာဏာစက်တွင်၊
ထွန်းတောက်ဘုန်းရောင်၊ ရွှေတောင်အက်ခြ၊
စက်နှယ်ရှသား၊ သောဏမည်ထူး၊
အမှူးပြုဆောင်၊ ဘောင်သီဟိုဠ်ပေါ်၊
ထေရ်ကျော်ငါးရာ၊ ရဟန္တာဝသီ၊
သမ္မိဒါဉာဏ်ရ၊ သံဃာနှတို့၊
ဘုရားမိန့်ရွှတ်၊ ပိဋကတ်ကို၊
မွတ်မွတ်ဖြူဖွေး၊ ပေထက်ရေး၍၊
ဆေးလေးကြပ်ကြပ်၊ အထပ်တစ်ရာ၊
တည်းဖြတ်ပါလည်း၊ အက္ခရာပုဒ်ဆွေး၊
မှားယွင်းသေး၏၊ ညစ်ကြေးစပ်ယှဉ်၊
ပုထုဇဉ်သာ၊ ငါတို့မှာကား၊
မမှားဘယ်သို့၊ ရှိလေမြို့လိမ့်၊
ယွင်းချို့အက္ခရာ၊ ပျက်ယိုရာဌ်၊
ပညာကြီးရှင်၊ ငြမ်းကောင်းဆင်သို့၊
ပြင်စေသတည်း။

ဦးတေနပျို့ (မုံရွေးဆရာတော်)

မွေးသည့်မိခင်၊ မွေးသည့်ဖခင် ကျေးဇူးရှင်နှစ်ပါး အဦးထား၍ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့အား ဤကျမ်းစာဖြင့် ဦးညွတ် ပူဇော်လိုက်ပါ၏။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **နိဒါန်း** | |
| ၁။ | **အကြောင်းအရာ ကမ္မဝါ** | ၁ |
| | – ဝေါဟာရရှင်းလင်းချက် | |
| | – သံဃာဟူသည် | |
| | – သံဃာအပြား | |
| | – ကမ္မဟူသည် | |
| | – ကမ္မ (ကံ) အပြား | |
| | – ကံလေးမျိုးနှင့် ၄င်းတို့၏ အရာဌာနများ | |
| | – ကမ္မ (ကံ) လေးမျိုးအစိပ္ပာယ် | |
| | – ကံလေးမျိုးတို့၏ ပျက်ပြားခြင်း | |
| | – သံဃာငါးမျိုးသည် ပြုနိုင်သောကံများ | |
| | – ကမ္မဝါစာဟူသည် | |
| | – ကမ္မဝါစာအမျိုးအစား | |
| | – ကမ္မဝါစာ ရွတ်ဖတ်ရာ၌ အရေးအကြီးဆုံး အချက် | |
| | – ကမ္မဝါစာကို ရဟန်းတော်များသာ ရွတ်ကောင်းသလော | |
| | – ကမ္မဝါစာကို သိမ်ထဲမှာသာ ရွတ်ကောင်းသလော | |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | – ကမ္ဗဝါစာကို ပါဠိဘာသာဖြင့်သာ ရွတ်ကောင်းသလော | |
| | – ကမ္ဗဝါစာကို တီထွင်ကောင်းပါသလား | |
| | – ဥတ်သည် ကမ္ဗဝါစာ မည်ပါသလော | |
| | – ကမ္ဗဝါစာ၏ ကျေးဇူးနှင့် အာနိသင် | |
| ၂။ | **ရှပ်ဝတ္ထုပိုင်း ကမ္ဗဝါ** | ၃၆ |
| | – ဝတ်လဲကမ္ဗဝါ ပြုလုပ်ပုံ | |
| ၃။ | **အရေးအသားပိုင်း ကမ္ဗဝါ** | ၄၄ |
| | – မန်ကျည်းစေ့ ကမ္ဗဝါ သမိုင်းအစ | |
| | – မန်ကျည်းစေ့ ကမ္ဗဝါအက္ခရာရေးသားပုံ | |
| ၄။ | **အပြောက်အမွမ်းပိုင်း ကမ္ဗဝါ** | ၆၅ |
| | – အနားပိုင်း အပြောက်အမွမ်း | |
| | – အတွင်းပိုင်း အပြောက်အမွမ်း | |
| | – အဖုံးပိုင်း အပြောက်အမွမ်း | |
| | – ကမ္ဗဝါ စာလုံးနှင့် အပြောက်အမွမ်းများ ဆေးသားရေးခြယ်ပုံ | |
| ၅။ | **အထွေထွေပိုင်း ကမ္ဗဝါ** | ၈၁ |
| | – ကမ္ဗဝါစာ မိုက်ထုတ်ခြင်း | |
| | – ပညာရှင်များအား အခကြေးငွေ ချီးမြှင့်မှု | |
| | – ခေတ်အလိုက် ကမ္ဗဝါတစ်ဆူ၏ တန်ဖိုး | |
| | – ကမ္ဗဝါ လုပ်ငန်းသုံး ပညာရပ် ဝေါဟာရများ | |
| | – မန္တလေးမြို့မှ ကမ္ဗဝါထောင်ဆရာများ | |
| | **နိဂုံး** | ၈၉ |
| | **မှီငြမ်းကိုးကားကျမ်းစာရင်း** | ၉၄ |
| | **သီးခြားဓာတ်ပုံများ** | ၉၈ |

# နိဒါန်း

ရန်ကုန်မြို့ ရွှေတိဂုံစေတီ ကုန်းတော်ပေါ်၌လည်းကောင်း၊ ရန်ကုန်မြို့ ကဘဲ့ မိုးကောင်းစေတီတော် ပရဝုဏ်အတွင်း၌ လည်းကောင်း တရားဓမ္မ ဆွေးနွေးကြသော ဓမ္မသာကစ္ဆာဝိုင်း များ ရှိကြပါသည်။ ထိုဓမ္မသာ ကစ္ဆာဝိုင်းများသို့ ကျွန်တော် ရံဖန်ရံခါ တက်ရောက် လေ့လာဖူးပါသည်။ ဤ တရားဝိုင်းများ၌ တစ်ခါတစ်ရံ ရဟန်းတော်များသုံးသော ကမ္မဝါစာအကြောင်းကို စပ်စပ်စုစု ဆွေးနွေးကြသည်ကိုလည်း တွေ့ဖူးပါသည်။ သို့ရာတွင် စာပေကျမ်းဂန် အထောက်အထားဖြင့် ဆွေးနွေးနိုင်သူကား လွန်စွာနည်းပါး ပါသည်။ အများစုမှာ အတ္တနောမတိ မိမိအလို အားဖြင့် လည်းကောင်း၊ အနုမာန မှန်းဆချက်အားဖြင့် လည်း ကောင်း ဆွေးနွေးကြသည် များကိုသာ တွေ့ရပါသည်။

အချို့သော ပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်များမှာမူ “စိတ်တစ်ခု ရုပ်ကိုးဆယ်” ဟုဆိုသော သင်္ဂြိုဟ်ပုတ်အိုးကွဲသမား တို့၏ အဘိဓမ္မာ စကားကဲ့သို့ ရယ်စရာကောင်းလောက်အောင် လွဲချော်နေကြသည်များကိုလည်း တွေ့ရပါသည်။

ကျွန်တော် တာဝန်ထမ်းဆောင်နေသော တက္ကသိုလ် ပရဝုဏ် အတွင်း၌လည်း လက်ဖက်ရည်ဆိုင်များ၌ မြန်မာစာပေ အကြောင်း ဆွေးနွေးကြသော စာပေဝိုင်းများရှိကြပါသည်။ ယင်းသို့ဆွေးနွေးရာတွင် တစ်ခါတစ်ရံ ကမ္မဝါ၌ရေးသော မန်ကျည်းစေ့အက္ခရာအကြောင်းလည်း ပါရှိပါသည်။ ထိုပုဂ္ဂိုလ် များတွင်လည်း စာပေအထောက်အထား အာဂုံသာဓကများဖြင့်

# နိဒါန်း

ရန်ကုန်မြို့ ရွှေတိဂုံစေတီ ကုန်းတော်ပေါ်၌လည်းကောင်း၊ ရန်ကုန်မြို့ ကမ္ဘာ့ အေးကောင်းစေတီတော် ပရဝုဏ်အတွင်း၌လည်းကောင်း တရားဓမ္မ ဆွေးနွေးကြသော ဓမ္မသာကစ္ဆာဝိုင်းများ ရှိကြပါသည်။ ထိုဓမ္မသာ ကစ္ဆာဝိုင်းများသို့ ကျွန်တော် ရံဖန်ရံခါ တက်ရောက် လေ့လာဖူးပါသည်။ ဤတရားဝိုင်းများ၌ တစ်ခါတစ်ရံ ရဟန်းတော်များသုံးသော ကမ္မဝါစာအကြောင်းကို စပ်စပ်စုစု ဆွေးနွေးကြသည်ကိုလည်း တွေ့ဖူးပါသည်။ သို့ရာတွင် စာပေကျမ်းဂန် အထောက်အထားဖြင့် ဆွေးနွေးနိုင်သူကား လွန်စွာနည်းပါး ပါသည်။ အများစုမှာ အတ္တနောမတိ မိမိအလိုအားဖြင့် လည်းကောင်း၊ အနုမာန မှန်းဆချက်အားဖြင့် လည်းကောင်း ဆွေးနွေးကြသည် များကိုသာ တွေ့ရပါသည်။

အချို့သော ပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်များမှာမူ "စိတ်တစ်ခု ရုပ်ကိုးဆယ်" ဟုဆိုသော သင်္ဂြိုဟ်ပုတ်အိုးကွဲသမားတို့၏ အဘိဓမ္မာ စကားကဲ့သို့ ရယ်စရာကောင်းလောက်အောင် လွဲချော်နေကြသည်များကိုလည်း တွေ့ရပါသည်။

ကျွန်တော် တာဝန်ထမ်းဆောင်နေသော တက္ကသိုလ် ပရဝုဏ်အတွင်း၌လည်း လက်ဖက်ရည်ဆိုင်များ၌ မြန်မာစာပေအကြောင်း ဆွေးနွေးကြသော စာပေဝိုင်းများရှိကြပါသည်။ ယင်းသို့ဆွေးနွေးရာတွင် တစ်ခါတစ်ရံ ကမ္မဝါ၌ရေးသော မန်ကျည်းစေ့အက္ခရာအကြောင်းလည်း ပါရှိပါသည်။ ထိုပုဂ္ဂိုလ်များတွင်လည်း စာပေအထောက်အထား အာဂုံသာဓကများဖြင့်

လက်မှုအနုပညာတစ်ရပ်ကို ဖော်ထုတ်သည့်အနေအားဖြင့်လည်းကောင်း မန်ကျည်းစေ့ကမ္ဗဝါအကြောင်း ကျမ်းစာ တစ်စောင်ကိုရေးသားပြုစုရန် ကျွန်တော်ဆုံးဖြတ်လိုက်မိပါသည်။

ယင်းသို့ဆုံးဖြတ်လိုက်သော်လည်း တကယ်ရေးသားမည်ရှိသောအခါ ကျွန်တော့်စိတ်တွင် စိုးရွံ့မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အကြောင်းမှာ ကမ္ဗဝါစာဟူသည် ရဟန်းတို့၏ ဝိနည်းဒေသနာတော်နှင့် ဆိုင်ပါသည်။ ဝိနည်းတရားဟူသည် ဘုရားနှုတ်နက် ပိဋကတ်ထွက်ဖြစ်ရကား အလွန်တရာနက်နဲပါသည်။ ကျယ်ဝန်းပါသည်။ သိမ်မွေ့ပါသည်။

ဤသို့ နက်နဲကျယ်ဝန်းသိမ်မွေ့လှသော ဘုရားနှုတ်နက် ပိဋကတ်ထွက် ကမ္ဗဝါစာအကြောင်းကို သာမန်လူတို့ နားလည်အောင် ရေးသားရန်နှင့် အမှားအယွင်းကင်းအောင် ရေးသားရန်မှာ မလွယ်လှသောကိစ္စ ဖြစ်ပါသည်။ ယင်းသို့ မလွယ်လှသော ကိစ္စတစ်ရပ်ကို အရဲစွန့်လုပ်ရမည်ဖြစ်သဖြင့် ကျွန်တော်စိုးရွံ့မိ ခြင်း ဖြစ်ပါသည်။ သို့ရာတွင် "ကြောက်လျှင်လွဲ ရဲမင်းဖြစ်" ဟူသော ဝီရ ရသဖော်စကားပုံကို နှလုံးမူကာလူတိုင်းနားလည်ရန်နှင့် အမှားကင်းအောင် ကျွန်တော်စွမ်းနိုင်သမျှ ကြိုးစားထား ပါသည်။

ဤကျမ်းစာကို ရေးသားရာ၌ အကြောင်းအရာပိုင်းကမ္ဗဝါ (Content)၊ ရုပ်ဝတ္ထုပိုင်း ကမ္ဗဝါ (Form)၊ အရေးအသားပိုင်း ကမ္ဗဝါ (Type of hand writing)၊ အပြောက်အမွမ်းပိုင်းကမ္ဗဝါ (Decoration) နှင့် အထွေထွေပိုင်း ကမ္ဗဝါ (General) ဟူ၍ အပိုင်းကြီးငါးပိုင်း ခွဲခြားတင်ပြထားပါသည်။

ကျမ်းစာအမည်ကို "မန်ကျည်းစေ့ကမ္ဗဝါ ပန်းအကျရာ" ဟုအမည်ခံ ထားသည့်အတိုင်း ဤကျမ်းကအလေးပေး ဖော်ပြလိုရင်းမှာ

မန်ကျည်းစေ့ကမ္ဘဝါစာလုံးများအကြောင်း ဖြစ်ပါသည်။ မန်ကျည်းစေ့ စာလုံးများသည် ပန်းကလေးများလို လှပပုံ၊ ပန်းကလေးများနှင့် တူပုံကို ဖော်ပြလိုရင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤကျမ်း၏ အလေးပေးထားသော အပိုင်းမှာ "အရေးအသားပိုင်း ကမ္ဘဝါ"ဟူသော တတိယအပိုင်း ဖြစ်သည်။

သို့ရာတွင် မန်ကျည်းစေ့ကမ္ဘဝါဟူသော အမည်သည် အရေးအသားပိုင်း ကမ္ဘဝါနှစ်မျိုးတွင် တစ်မျိုး၏အမည်သာ ဖြစ်ပါသည်။ ထို့ကြောင့်အရေးအသားနှစ်မျိုးလုံး နှံ့စပ်၍ အခြေခံကျသော "ကမ္ဘဝါစာ" အကြောင်းကို ရှေးဦးစွာရေးသား တင်ပြမှ သင့်တော်မည်ဟု ယူဆသဖြင့် "အကြောင်းအရာပိုင်း ကမ္ဘဝါ"ဟူသောအပိုင်းကို ပထမပိုင်းအဖြစ် တင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် ဝိနည်းပိဋကတ်လာ ကမ္ဘဝါအကြောင်း သိစရာတွေက များလွန်းလှသဖြင့် ရှည်လျားသွားရခြင်း ဖြစ်ပါသည်။ လူပုဂ္ဂိုလ်များနှင့်လျော်ရုံ အကျဉ်းဆုံးတင်ပြထားခြင်း ဖြစ်ပါသည်။

ကြွင်းကျန်သော အပိုင်းလေးပိုင်းမှာ မြန်မာ့ရိုးရာလက်မှု အနုပညာရပ်များနှင့် ဆိုင်ပါသည်။ ဖတ်ကြည့်လျှင် သိရပါလိမ့်မည်။

ဤကျမ်းစာကိုရေးသားခြင်းမှာ စိတ်ဝင်စားသော သုတေသီလူပုဂ္ဂိုလ်များ သုတပွားစေရန်သာ ရည်ရွယ်ရေးသား ခြင်း ဖြစ်ပါသည်။ သို့တစေ "အကြောင်းအရာပိုင်း ကမ္ဘဝါ" အပိုင်းတစ်သည် ဝိနည်းပါဠိတော်ကြီးများကို မတက်ဖူး မသင်ယူဖူးသေးသော ရှင်ငယ်ရဟန်းငယ်များအတွက်လည်း ဝိနည်းဗဟုသုတ တိုးပွားစေနိုင်သဖြင့် ကျေးဇူးများလိမ့်မည်ဟု ယုံကြည်ပါသည်။

# နိဒါန်း

နောက်ဆုံးအနေဖြင့် ရင်တွင်းခံစားချက်ကို ဖော်ပြရလျှင် ဤ "မန်ကျည်းစေ့ကမ္ဘဝါ ပန်းအက္ခရာ" ဟူသောကျမ်းငယ်ဖြင့် သုတေသီတို့အတွက် သုတအစာကို ပေးလိုက်ရခြင်း၊ မြန်မာတို့၏ ဂုဏ်ယူမြတ်နိုးဖွယ် ရိုးရာလက်မှုအနုပညာတစ်ရပ်ကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခြင်းနှင့် မည်သူတစ်ဦးတစ်ယောက်မျှ သုတေသနမလုပ်ဘူးသေးသော မန်ကျည်းစေ့အက္ခရာနှင့် မန်ကျည်းစေ့ကမ္ဘဝါအကြောင်းကို စိတ်ဝင်စားဖွယ်ရာ လေ့လာရေးသားနိုင်ခြင်းတို့ကြောင့် စာရေးသူအနေဖြင့် လွန်စွာအားရကျေနပ်ခြင်း ဖြစ်ရပါကြောင်း တင်ပြလိုက်ရပါသည်။

# ၁။ အကြောင်းအရာ ကမ္မဝါ

## ဝေါဟာရ ရှင်းလင်းချက်

ကမ္မဝါဟူသော မြန်မာဝေါဟာရသည် “ကမ္မဝါစာ”ဟူသော ပါဠိဘာသာမှ ရွေ့လျောလာသော ပါဠိသက်ဝေါဟာရဖြစ်သည်။ ခေါ်ဝေါ်ရလွယ်ကူစေခြင်းအကျိုးငှာ “ကမ္မဝါစာ”မှ ‘စာ’ ကိုဖြုတ်၍ အတိုကောက်အားဖြင့် ကမ္မဝါဟု မြန်မာမှုပြုထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဝိနည်းပဉ္စမကျမ်းဖြစ်သော ‘ပရိဝါရ’ ကို ပရဝါဟု လည်းကောင်း၊ ဝိနည်းတေရသကဏ္ဍအဖွင့် ဖြစ်သော သာရတ္ထဒီပဏီဋီကာကို တေရသကဏ်ဋီကာဟု လည်းကောင်း ခေါ်ဝေါ်သကဲ့သို့ပင်တည်း။

ကမ္မဝါစာဟူသော မူရင်းပါဠိပုဒ်သည်လည်း ကမ္မနှင့် ဝါစာဟူသော ပုဒ်နှစ်ပုဒ်ကို ပေါင်းစပ်ထားသော သမာသ်နာမ်ပုဒ်ဖြစ်သည်။ ဝစနတ္ထပြုရသော် ကမ္မေသု ဝတ္တဗ္ဗာဝါစာ ကမ္မဝါစာဟု မဇ္ဈေလောပ သတ္တမီတပ္ပုရိသ်သမာသ် ပြုရပါမည်။ အနက်ကား ကမ္မေသု[၁](သံဃကမ္မေသု) သံဃာ့ကံ သံဃာ့အမှု ကိစ္စတို့၌၊

---

၁။ အထက် ကမ္မဝါစာပုဒ်၏ ဝစနတ္ထ၌ ကမ္မကို သံဃကမ္မဟု ဖွင့်ဆိုခဲ့ခြင်းမှာ “ဣဒါနိ တေသံ ကမ္မာနံ ကာရကဿ သံဃဿ ပရိစ္ဆေဒံ ဒဿေန္တော စတုဝဂ္ဂကရဏေ ကမ္မေတိ အာဒိမာဟ” ဟူသော ပရိဝါရ အဋ္ဌကထာ၊ ကမ္မဝဂ္ဂဝဏ္ဏနာ၊ စာ – ၂၆၀ နှင့်အညီ ဖွင့်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်း၌မူ ကမ္မကိုဝိနည်းကံဟု ဆရာဉာဏ်က ဖွင့်ဆိုထားပါသည်။ မမှားသော်လည်း စာနှင့်မညီပါ။

ဝတ္တာဗ္ဗာ၊ ရွတ်ဆိုအပ်သော၊ ဝါစာ၊ စကားတည်း။ ဤတိ ထိုကြောင့် ကမ္မဝါစာ၊ ကမ္မဝါစာမည်၏။ ကမ္မဝါစာ၊ သံဃာ့ကံ သံဃာ့အမှုကိစ္စတို့၌ ရွတ်ဆိုရသောစကားဟု အဓိပ္ပာယ်ရပါသည်။

## သံဃာဟူသည်

အထက် ကမ္မဝါစာပုဒ်၏ ဝစနတ္ထ၌ ကမ္မအရကို သံဃကမ္မ ဟု ဖွင့်ဆိုခဲ့သဖြင့် ကမ္မဝါစာနှင့် ပတ်သက်၍ သံဃဟူသော သိစရာစကားတစ်လုံး တိုးလာခဲ့ပြန်ပါသည်။ ထိုကြောင့် ယခု တိုးလာသော သံဃာဟူသောစကားလုံးအကြောင်းကို ရှေးဦးစွာ ရှင်းပြလိုပါသည်။

သံဃဟူသော ပါဠိပုဒ်ကို မြန်မာတို့က သံဃာ၊ သံဃာ တော်ဟု အာကာရန္တဖြင့် ဣတ္ထိလိင်အသံ ပြောဆိုနေကြပါ သည်။ ဥပမာ ရှင်အာနန္ဒကို ရှင်အာနန္ဒာဟုလည်းကောင်း၊ ရှင် ရာဟုလကို ရှင်ရာဟုလာဟုလည်းကောင်း ခေါ်ဝေါ်နေကြ သကဲ့သို့ပင် ဖြစ်ပါသည်။ ဤသည်မှာ သံဃဟူသော အကာရန္တ ပုလ္လိင် ပါဠိပုဒ်ကို မြန်မာတို့က အာကာရန္တ ဣတ္ထိလိင်အသံဖြင့် သံဃာဟု မြန်မာမှုပြုခြင်းသာ ဖြစ်ပါသည်။ ထိုကြောင့် သံဃာ ဟု ပြောဆိုရေးသားလျှင် ပါဠိဘာသာအနေဖြင့် မမှန်သော် လည်း မြန်မာမှုနယ်ပယ်၌ မှန်သည်ဟုပင် မှတ်ယူရပါမည်။

တစ်ဖန် မြန်မာမှုနယ်ပယ်၌ ရဟန်းတစ်ပါးနှစ်ပါး စသည် ကို သံဃာ၊ သံဃာတော်ဟု ခေါ်နိုင်သော်လည်း ဝိနည်းအရာ ဤကမ္မဝါစာအရာ၌မူ ရဟန်းတစ်ပါးနှစ်ပါးစသည်ကို သံဃာဟု မခေါ်ပါ။ လေးပါးနှင့်အထက် ရဟန်းများကိုသာ သံဃာဟု ခေါ်ပါသည်။

**သံဃာအပြား**

အထက်ပါ သံဃာသည်လည်း တစ်ပါးမက ငါးပါး အပြားရှိပါသည်။

ယင်းငါးပါးတို့မှာ –

၁။ စတုဝဂ်သံဃာ (လေးပါးအစုသံဃာ)
၂။ ပဉ္စဝဂ်သံဃာ (ငါးပါးအစုသံဃာ)
၃။ ဒသဝဂ်သံဃာ (၁၀ ပါးအစုသံဃာ)
၄။ ဝီသတိဝဂ်သံဃာ (၂၀ ပါးအစုသံဃာ)
၅။ အတိရေကဝီသတိဝဂ်သံဃာ (အပါး ၂၀ ကျော်အစု သံဃာ) တို့ဖြစ်ပါသည်။

## ကျမ်းကိုးပါဠိ

"ပဉ္စသံဃာ စတုဝဂ္ဂေါ ဘိက္ခုသံဃော၊ ပဉ္စဝဂ္ဂေါ ဘိက္ခုသံဃော၊ ဒသဝဂ္ဂေါ ဘိက္ခုသံဃော၊ ဝီသတိဝဂ္ဂေါ ဘိက္ခုသံဃော၊ အတိရေက ဝီသတိဝဂ္ဂေါ ဘိက္ခုသံဃော။"

(မဟာဝဂ္ဂပါဠိ၊ စမ္မေယျက္ခန္ဓက၊ စတုဝဂ္ဂ ကရဏာဒိကထာ။ စာ – ၄၃၉)

**ကမ္မဟူသည်**

ကမ္မဝါစာနှင့် ပတ်သက်၍ သံဃအကြောင်းကို သိပြီးသော အခါ ကမ္မအကြောင်းကို သိဖို့လိုလာပြန်ပါသည်။

ကမ္မဟူသည် ကံပင်ဖြစ်ပါသည်။ ယင်းကံသည် အဘိဓမ္မာ၌လာသော ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဇနကကံ၊ ဥပတ္ထမ္ဘကကံ၊ ဥပပီဠကကံ၊ ဥပစ္ဆေဒကကံ စသော ကံမျိုးပင်လောဟု စောကြောလျှင်းပါးစရာရှိပါသည်။ ယင်းသို့ စောဒကတက်ခဲ့သော် ဤကမ္မဝါစာ၌ အကျုံးဝင်သောကံသည် အထက်ဖော်ပြပါ အဘိဓမ္မာကံမျိုးမဟုတ်ပါ။

ရဟန်းသံဃာသည် ပြုအပ်သောသံဃကံ (ဝိနည်းကံ) သာ ဖြစ်သည်ဟု ဖြေဆိုရပါမည်။

**ကမ္မ (ကံ)အပြား**

ယင်းသံဃကံ (ဝိနည်းကံ)သည်လည်း အကျဉ်းအားဖြင့် လေးပါးရှိပါသည်။

ယင်းတို့မှာ –

၁။ အပလောကနကံ (သံဃာအားပန်ကြားသောကံ)

၂။ ဉတ္တိကံ (သံဃာအားအသိပေးသောကံ)

၃။ ဉတ္တိဒုတိယကံ (ဉတ်လျှင်နှစ်ကြိမ်မြောက်ရှိသော ကြားလျှောက်သောကံ)

၄။ ဉတ္တိစတုတ္ထကံ (ဉတ်လျှင် လေးကြိမ်မြောက်ရှိသော ကြားလျှောက်သောကံ) တို့ ဖြစ်ကြပါသည်။

**ကျမ်းကိုးပါဠိ**

**"စတ္တာရိ ကမ္မာနိ အပလောကနကမ္မံ၊ ဉတ္တိကမ္မံ၊ ဉတ္တိ ဒုတိယကမ္မံ၊ ဉတ္တိစတုတ္ထကမ္မံ"**

**(ပရိဝါရ ပါဠိ၊ ပဉ္စဝဂ္ဂ၊ ကမ္မဝဂ္ဂ စာ – ၃၈၀)**

**အကျယ်အားဖြင့် ရေတွက်လျှင်မူ သံဃကံသည် လေးပါး မက များစွာရှိပါသေးသည်။**

**ကံလေးမျိုးနှင့် ၎င်းတို့၏ အရာဌာနများ**

ထိုကံလေးမျိုးတို့တွင် အပလောကနကံသည် ငါးဌာနသို့ ရောက်၏။ ဉတ္တိကံသည် ကိုးဌာနသို့ရောက်၏။ ဉတ္တိ ဒုတိယကံ သည် ခုနစ်ဌာနသို့ ရောက်၏။ ဉတ္တိ စတုတ္ထကံသည်လည်း ခုနစ် ဌာနသို့ ရောက်၏။

## အပလောကနက်ကံ ရောက်သောငါးဌာန

၁။ ဩသာရဏာ (ထုတ်သောသူကို သွင်းခြင်းကံ)
၂။ နိဿာရဏာ (ထုတ်ခြင်းကံ)
၃။ ဘဏ္ဍုကကမ္မ (ဆံရိတ်ခြင်းကံ)
၄။ ဗြဟ္မဒဏ္ဍ (ဗြဟ္မဒဏ်ပေးခြင်းကံ)
၅။ ကမ္မလက္ခဏ ( ကံသာလျှင် လက္ခဏာ ဖြစ်သော အဝန္တိယ စသောကံ)

## ဉတ္တိကံရောက်သောကိုးဌာန

၁။ ဩသာရဏာ (သွင်းခြင်းကံ)
၂။ နိဿာရဏာ (ထုတ်ခြင်းကံ)
၃။ ဥပေါသထ (ဥပုသ်ကံ)
၄။ ပဝါရဏာ (ပဝါရဏာကံ)
၅။ သမ္မုတိ (သမုတ်ခြင်းကံ)
၆။ ဒါန (သင်္ကန်းစသည်ကို ပေးခြင်းကံ)
၇။ ပဋိဂ္ဂဟ (အာပတ်ကိုခံခြင်းကံ)
၈။ ပစ္စုက္ကဍုန (ပဝါရဏာကို ငင်ခြင်းကံ)
၉။ ကမ္မလက္ခဏ (ကံသည်သာ လက္ခဏာ ဖြစ်သောကံ)

## ဉတ္တိဒုတိယကံရောက်သောခုနစ်ဌာန

၁။ ဩသာရဏာ (သွင်းခြင်းကံ)
၂။ နိဿာရဏာ (ထုတ်ခြင်းကံ)
၃။ သမ္မုတိ (သမုတ်ခြင်းကံ)
၄။ ဒါန (သင်္ကန်းစသည်ကို ပေးခြင်းကံ)
၅။ ဥဒ္ဒရဏာ (ကထိန်နုတ်ခြင်းကံ)
၆။ ဒေသန (ကုဋိရာကျောင်းရာကို ကြားခြင်းကံ)
၇။ ကမ္မလက္ခဏ (ကံသည်သာလက္ခဏာ ဖြစ်သောကံ)

## ဥတ္တိစတုတ္ထကံရောက်သောခုနစ်ဌာန

၁။ သြသာရဏ (သွင်းခြင်းကံ)
၂။ နိဿာရဏ (ထုတ်ခြင်းကံ)
၃။ သမ္မုတိ (သမုတ်ခြင်းကံ)
၄။ ဒါန (သင်္ကန်းစသည်ကိုပေးခြင်းကံ)
၅။ နိဂ္ဂဟ (နှိပ်ခြင်းကံ)
၆။ သမနုဘာသန (ဆုံးမခြင်းကံ)
၇။ ကမ္မလက္ခဏ (ကံသည်သာ လက္ခဏာဖြစ်သောကံ)

## ကျမ်းကိုးပါဠိ

"အပလောကနကမ္မံ ပဉ္စဌာနာနိ ဂစ္ဆတိ။ ဉတ္တိကမ္မံ နဝ ဌာနာနိ ဂစ္ဆတိ။ ဉတ္တိဒုတိယကမ္မံ သတ္တဌာနာနိ ဂစ္ဆတိ။ ဉတ္တိစတုတ္ထ ကမ္မံ သတ္တဌာနာနိ ဂစ္ဆတိ။

(ပ) ဩသာရဏံ နိဿာရဏံ ဘဏ္ဍုကမ္မံ ဗြဟ္မဒဏ္ဍံ ကမ္မလက္ခဏဉ္စေဝ ပဉ္စမံ။ အပလောကန ကမ္မံ ဣမာနိ ပဉ္စဌာနာနိ ဂစ္ဆတိ။

(ပ) ဩသာရဏံ နိဿာရဏံ ဥပေါသထံ ပဝါရဏံ သမ္မုတိံ ဒါနံ ပဋိဂ္ဂဟံ ပစ္စုက္ကဍ္ဎနံ ကမ္မလက္ခဏဉ္စေဝ နဝမံ။ ဉတ္တိကမ္မံ ဣမာနိ နဝဌာနာနိ ဂစ္ဆတိ။

(ပ) ဩသာရဏံ နိဿာရဏံ သမ္မုတိံ ဒါနံ ဥဒ္ဒရဏံ ဒေသနံ ကမ္မလက္ခဏဉ္စေဝ သတ္တမံ။ ဉတ္တိဒုတိယကမ္မံ ဣမာနိ သတ္တဌာနာနိ ဂစ္ဆတိ။

(ပ) ဩသာရဏံ နိဿာရဏံ သမ္မုတိံ ဒါနံ နိဂ္ဂဟံ သမနုဘာသနံ ကမ္မလက္ခဏဉ္စေဝ သတ္တမံ။ ဉတ္တိစတုတ္ထကမ္မံ ဣမာနိ သတ္တဌာနာနိ ဂစ္ဆတိ။ "

(ပရိဝါရပါဠိ ကမ္မဝဂ်၊ စာ – ၃၈၃ – ၃၈၄)

အပလောကနက်စသော ဤကဲလေးပါးတို့ ရောက်ရာဗျာန များ၏ အဓိပ္ပာယ်ကို ဤပရဝါပါဠိတော်နှင့် ပရိဝါရပါဠိတော် မြန်မာပြန်စကားမျှဖြင့် သာမန်လူတို့ နားလည်ရန် မလွယ်ပါ။ သာမန်လူတို့ နားလည်ရန်ဟု အဌကထာ ဖွင့်ဆိုချက်များဖြင့် ရှင်းပြပါကလည်း ပို၍ နားရှုပ်ကုန်မည်သာ ဖြစ်ပါသည်။ အမှန် စင်စစ် ယင်းဗျာနများနှင့် ဆိုင်သော မူရင်းပါဠိတော် အဌကထာ ပုဂ္ဂိ ကြောင်းများကို ဖတ်ရှုနိုင်မှသာလျှင် သာမန်လူတို့ အနေဖြင့် အနည်းအကျဉ်းသဘောပေါက်နိုင်ပါလိမ့်မည်။ ထို့ကြောင့် ယင်း ကံလေးပါးတို့ ရောက်ရာဗျာနများ၏ အဓိပ္ပာယ် အကျယ်ကို ရှင်း မပြလိုက်တော့ပါ။ ဤနေရာ၌ သရုပ်သိရုံမျှ ဖြင့်သာ ကျေနပ် ကြစေလိုပါသည်။

အထက်ကံလေးပါးတို့၏ ဗျာနသရုပ်ကို ရေတွက်ရာ၌ အပလောကနကံ၌ ငါးဗျာန၊ ဥတ္တိကံ၌ ကိုးဗျာန၊ ဥတ္တိ ဒုတိယကံ၌ ခုနစ်ဗျာန၊ ဥတ္တိစတုတ္ထကံ၌ ခုနစ်ဗျာန ဖြစ်သဖြင့် အားလုံး (၂၈) ဗျာန ရှိပါသည်။

အထက်ပါ ကံလေးပါးတို့၏ ဗျာန ၂၈ ပါးတွင် ဩသာ ရဏ၊ နိဿာရဏ၊ သမ္မုတိ၊ ဒါနစသောဗျာနများသည် ကံ လေးပါး၌ သုံးလေးကြိမ်ပါဝင်နေသဖြင့် အတူတူဟု မယူဆ သင့်ပါ။ အမည်တူသော်လည်း သူ၏ ကံအလိုက် အခြင်းအရာ အားဖြင့် ကွဲပြားကြပါသည်။ ဥပမာ သမုတ်ခြင်းကံ တစ်ခုတည်း ကပင် သမုတ်ခြင်း ၁၃ ပါး၊ ၁၅ ပါး စသည်ဖြင့် ကွဲပြားနေသော ကြောင့် ဖြစ်ပါသည်။

ပါဠိတော်က ယင်း ၂၈ ပါးကို ကံလေးပါး၏ ဗျာနများဟု ဆိုသဖြင့် ကံမဟုတ်ဟူ၍လည်း မမှတ်ယူသင့်ပါ။ ယင်းတို့သည် လည်း ကံများပင် ဖြစ်ကြပါသည်။ ယင်းဗျာနများကံပင်

ဖြစ်ကြောင်းကို ကမ္မလက္ခဏာ ဟူသော ပဌမ၊ နဝမ၊ သတ္တမဌာန များဖြင့်ပင် သိနိုင်ပါသည်။

၎င်းပြင် "တတြဘိက္ခဝေ ယွာယံ စတုဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ တိဏိကမ္မာနိ ဥပသမ္ပဒံ၊ ပဝါရဏံ၊ အဗ္ဘာနံ ခမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော" ဟူသော ဝိနည်း မဟာဝါ ပါဠိတော် စမ္ပေယျက္ခန္ဓက၊ စတုဝဂ္ဂကရဏာဒိကထာ စာ – ၄၃၉ ၌လည်း ရဟန်းခံခြင်း၊ ပဝါရဏာပြုခြင်း၊ အဗ္ဘာန်သွင်းခြင်းတို့ကို ကံဟု ဖော်ပြထားသဖြင့်လည်းကောင်း၊

ထိုမှတစ်ပါး "တတ္ထ သီမာသမ္မုတိ၊ သီမာသမူဟနနံ၊ ကထိနဒါနံ၊ ကထိနုဒ္ဓါရော၊ ကုဋိဝတ္ထုဒေသနာ၊ ဝိဟာရဝတ္ထု ဒေသနာတိ ဣမာနိ ဆကမ္မာနိ ဂရုကာနိ အပလောကေတွာ ကာတုံ နဝဋ္ဋန္တိ။ ဉတ္တိဒုတိယကမ္မဝါစံ သာဝေတွာဝကာတဗ္ဗာနိ။ အဝသေသာ တေရသ သမ္မုတိယော သေနာသနဂ္ဂါဟက မတက စီဝရဒါနာဒိ သမ္မုတိယောစာတိ ဧတာနိ လဟုကကမ္မာနိ အပလောကေတွာပိ ကာတုံ ဝဋ္ဋန္တိ၊ ဉတ္တိကမ္မ ဉတ္တိစတုတ္ထ ကမ္မဝသေန ပန နကာတဗ္ဗမေဝ။" ဟူသော ပရိဝါရအဋ္ဌကထာ၊ ကမ္မဝဂ္ဂဝဏ္ဏနာ ( စာ ၂၄၃ – ၂၄၇ ) ၌ သိမ်သမုတ်၊ သိမ်နှုတ်၊ ကထိန် သင်္ကန်းပေး၊ ကထိန်နှုတ်၊ ကုဋိဝတ္ထုကြား၊ ဝိဟာရ ဝတ္ထုကြား ခြင်းတို့ကို ဂရုကံ (၁၃) ပါးသော သမုတ်ခြင်းတို့ကို လဟုကံဟု သုံးထားသဖြင့် လည်းကောင်း၊

၎င်းပြင် စူဠဝါပါဠိတော်၊ ကမ္မက္ခန္ဓက၊ (စာ ၁ – ၇၉) ၌ တဇ္ဇနီယကမ္မ၊ နိယဿကမ္မ၊ ပဗ္ဗာဇနီယကမ္မ၊ ပဋိသာရဏီယ ကမ္မ၊ အာပတ္တိယာ အဒဿနေ ဥက္ခေပနီယကမ္မ၊ အာပတ္တိယာ

ဒ-ပဋိကမ္မေ ဥက္ကေ္ခပနီယာကမ္မ၊ ပါပိကာယသိဋ္ဌိယာ အပ္ပဋိနိဿဂ္ဂေ ဥက္ကေ္ခပနီယကမ္မ ဟူသော ကံခုနစ်ပါးကို ပြထားသောကြောင့် လည်းကောင်း၊

ပရိဝါအဋ္ဌကထာ၊ ကမ္မဝဂ္ဂဝဏ္ဏနာ (စာ ၂၅၀ – ၂၆၀) ၌ "တဇ္ဇနီယကမ္မာဒီနံ သတ္တန္နံ ကမ္မာနံ ဝသေန နိဿာရဏာ" စသည်ဖြင့် ယင်းတို့ကို ကံဟုဖွင့်ဆိုထားသောကြောင့် လည်းကောင်း၊

ထိုမှတစ်ပါး ဆဋ္ဌသံဂါယနာမူ ပရဝါပါဠိတော် မြန်မာပြန်၌ လည်း ယင်း၌ာန (၂၈) ပါးကို ကံဟု ပြန်ဆိုထားသောကြောင့် လည်းကောင်း၊

ဤအကြောင်းများကို ထောက်ဆ၍ ဤ ကံလေးပါး၏ ဌာန (၂၈) ပါးတို့ကိုလည်း ကမ္မ (ကံ) ဟု ကောန်မှုချမှတ်အပ် လှတော့သည်။ ထို့ကြောင့် အထက်၌ "အကျယ်အားဖြင့် ရေ တွက်လျှင် သံဃကံသည် လေးပါးမကများစွာ ရှိသေးသည်" ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဝိနည်း၌ လာသော ကံဟူသမျှတို့သည် ဤ ကံ (၂၈) ပါးသို့ အကျုံးဝင်ကုန်သည်သာ ဖြစ်တော့၏။

## ကမ္မ (ကံ) လေးပါးအဓိပ္ပာယ်

အထက် ကံအပြားခေါင်းစဉ်၌ ကံလေးပါး၏ သရုပ်ကို အကျဉ်းအားဖြင့် ပြခဲ့ပါသည်။ ယင်းကံလေးပါးတို့၏ အဓိပ္ပာယ် ကို အောက်ပါအတိုင်း မှတ်အပ်ပါသည်။

သိမ်၌တည်သော သံဃာကို သုတ်သင်၍ ဆန္ဒလိုက်သော ရဟန်းတို့၏ ဆန္ဒကိုဆောင်၍ ညီညွတ်သော သမဂ္ဂသံဃာ၏ အလိုအားဖြင့် သုံးကြိမ်ပန်ကြား၍ ပြုအပ်သောကံသည် အပ လောကနကံ မည်၏။

ဆိုအပ်ပြီးသောနည်းဖြင့် သိမ်၌ တည်သော သံဃာကို သုတ်သင်၍ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ယူ၍ ညီညွတ်သောသံဃာ၏ အလိုအားဖြင့် ဉတ်တစ်ကြိမ်ဖြင့် အသိပေးအပ်သောကံသည် ဉတ္တိကံ မည်၏။

ဆိုအပ်ပြီးသောနည်းဖြင့် သိမ်၌ တည်သောသံဃာကို သုတ်သင်၍ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကိုယူ၍ ညီညွတ်သောသံဃာ၏ အလိုအားဖြင့် ဉတ်တစ်ကြိမ်၊ အနုဿာဝန ဟူသော ကြားလျှောက်ခြင်း တစ်ကြိမ် ဤသို့ ဉတ်လျှင် နှစ်ခုမြောက်ဖြစ်သော အနုဿာဝနဖြင့် ပြုအပ်သောကံသည် ဉတ္တိဒုတိယကံ မည်၏။

ဆိုအပ်ပြီးသောနည်းဖြင့် သိမ်၌ တည်သောသံဃာကို သုတ်သင်၍ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ယူ၍ ညီညွတ်သောသံဃာ၏ အလိုအားဖြင့် ဉတ်တစ်ကြိမ် အနုဿာဝန သုံးကြိမ် ဤသို့ ဉတ်လျှင် လေးခုမြောက်ဖြစ်သော အနုဿာဝန သုံးကြိမ်တို့ဖြင့် ပြုအပ်သော ကံသည် ဉတ္တိစတုတ္ထကံ မည်၏။

ထိုကံလေးပါးတို့တွင် အပလောကနကံကို ပန်ကြား၍သာလျှင် ပြုအပ်၏။ ဉတ္တိကံစသည်တို့၏ အစွမ်းအားဖြင့် မပြု အပ်။ ဉတ္တိကံကိုလည်း ဉတ်တစ်ကြိမ်ထား၍ သာလျှင် ပြုအပ်၏။ အပလောကနကံ စသည်တို့၏ အစွမ်းအားဖြင့် မပြုအပ်။ ဉတ္တိဒုတိယကံသည်မူကား ပန်ကြား၍ ပြုအပ်သည်လည်း ရှိ၏။ မပြုအပ်သည်လည်း ရှိ၏။

ထိုကံတို့တွင် သိမ်သမုတ်ခြင်း၊ သိမ်နုတ်ခြင်း၊ ကထိန်သင်္ကန်းပေးခြင်း၊ ကထိန်နုတ်ခြင်း၊ ကျောင်းငယ်ရာကြားခြင်း၊

ကျောင်းကြီးရာကြားခြင်း ဟူသော ဤခြောက်ပါးသောကံတို့သည် ဂရုကံ ဖြစ်ကုန်၏။ ပန်ကြား၍ ပြုခြင်းငှါ မအပ်ကုန်။ ဉတ္တိဒုတိယကမ္မဝါစာကို ကြား၍သာလျှင် ပြုအပ်ကုန်၏။

ကြွင်းကျန်သော ၁၃ ပါးသော သမုတ်ခြင်းနှင့် ကျောင်း အိပ်ရာနေရာယူရန် သမုတ်ခြင်း၊ သေသောရဟန်း၏ သင်္ကန်းကိုပေးခြင်း စသောသမုတ်ခြင်းတို့သည် လဟုကံ ဖြစ်ကုန်၏။ ပန်ကြား၍လည်း ပြုကောင်းကုန်၏။ ဉတ္တိကံ ဉတ္တိစတုတ္ထကံတို့၏ အစွမ်းအားဖြင့်ကား မပြုအပ်သည်သာလျှင်တည်း။

ဉတ္တိစတုတ္ထကံကို ဉတ်ကိုလည်းကောင်း၊ ကမ္မဝါစာသုံးကြိမ်ကိုလည်းကောင်း ကြားစေ၍သာလျှင် ပြုအပ်၏၊ အပလောကနကံ စသည်တို့၏ အစွမ်းအားဖြင့် မပြုအပ်။

## ကျမ်းကိုးပါဠိ

“အပလောကနကမ္မံ နာမ သီမဋ္ဌကသံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗံ ကမ္မံ။

ဉတ္တိကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ အနုမတိယာ ဧကာယ ဉတ္တိယာ ကတ္တဗ္ဗံ ကမ္မံ။

ဉတ္တိဒုတိယကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ဧကာယစ အနုဿာဝနာယာတိ ဧဝံ ဉတ္တိဒုတိယာယ အနုဿာဝနာယ ကတ္တဗ္ဗံ ကမ္မံ။

ဉတ္တိစတုတ္ထ ကမ္မံနာမ ဝုတ္တနယေနေဝ သမဂ္ဂ သံဃဿ အနုမတိယာ ဧကာယဉတ္တိယာ တီဟိစ အနုဿာဝနာဟီတိ ဧဝံ ဉတ္တိစတုတ္ထာဟိ တီဟိ အနုဿာဝနာဟိ ကတ္တဗ္ဗံ ကမ္မံ။

တတ္ထ အပလောကနကမ္မံ အပလောကေတွာဝ ကာတဗ္ဗံ။ ဉတ္တိကမ္မာဒိဝသေန န ကာတဗ္ဗံ။ ဉတ္တိကမ္မမ္ပိ ဧကံ ဉတ္တိံ ဌပေတွာဝ ကာတဗ္ဗံ။ အပလောကန ကမ္မာဒိဝသေန န ကာတဗ္ဗံ။ ဉတ္တိဒုတိယကမ္မံ ပန အပလောကေတွာ ကာတဗ္ဗမ္ပိ အတ္ထိ၊ အကာတဗ္ဗမ္ပိ အတ္ထိ။

တတ္ထ သီမာ သမ္မုတိ၊ သီမာသမူဟနနံ၊ ကထိနဒါနံ၊ ကထိနုဒ္ဓါရော၊ ကုဋိဝတ္ထုဒေသနာ၊ ဝိဟာရဝတ္ထုဒေသနာတိ ဣမာနိ ဆ ကမ္မာနိ ဂရုကာနိ အပလောကေတွာ ကာတုံ န ဝဋ္ဋန္တိ။ ဉတ္တိဒုတိယကမ္မဝါစံ သာဝေတွာဝ ကာတဗ္ဗာနိ။ အဝသေသာ သမ္မုတိယော သေနာသနဂ္ဂါဟက မတကစီဝရဒါနာဒိ သမ္မုတိယော စာတိ ဧတာနိ လဟုကကမ္မာနိ အပလောကေတွာပိ ကာတုံ ဝဋ္ဋန္တိ။ ဉတ္တိကမ္မ ဉတ္တိစတုတ္ထ ကမ္မဝသေန ပန န ကာတဗ္ဗမေဝ။

ဉတ္တိစတုတ္ထ ကမ္မံ ဉတ္တိံ စ တိဿော စ ကမ္မဝါစာယော သာဝေတွာဝ ကာတဗ္ဗံ။ အပလောကန ကမ္မာဒိဝသေန န ကာတဗ္ဗံ။"

(ပရိဝါရအဋ္ဌကထာ၊ ကမ္မဝဂ္ဂဝဏ္ဏနာ၊ စာ ၂၄၃ - ၂၄၄)

## ကံလေးပါးတို့၏ ပျက်ပြားခြင်း

အပလောကနကံစသော ယင်းကံလေးပါးတို့သည် ဝတ္ထုအားဖြင့်လည်းကောင်း၊ ဉတ်အားဖြင့်လည်းကောင်း၊ အနုသာဝနအားဖြင့်လည်းကောင်း၊ သိမ်အားဖြင့်လည်းကောင်း၊ ပရိသတ်အားဖြင့်လည်းကောင်း ဤငါးပါးသော အခြင်းအရာ တို့ဖြင့် ပျက်ကုန်၏။

ထိုတွင် (၁၇) ပါးသော အခြင်းအရာတို့ဖြင့် ဝတ္ထုကြောင့် ပျက်ကုန်၏။ ငါးပါးသော အခြင်းအရာတို့ဖြင့် ဉတ်ကြောင့် ပျက်ကုန်၏။ ငါးပါးသော အခြင်းအရာတို့ဖြင့် အနုသာဝန

ကြောင့် ပျက်ကုန်၏။ (၁၁) ပါးသော အခြင်းအရာတို့ဖြင့် သိမ်ကြောင့် ပျက်ကုန်၏။ (၁၂) ပါးသော အခြင်းအရာတို့ဖြင့် ပရိသတ်ကြောင့် ပျက်ကုန်၏။

## ကျမ်းကိုးပါဠိ

"ကတမာနိ စတ္တာရိ ကမ္မာနိ ကတိဟာကာရေဟိ ဝိပဇ္ဇန္တိ။ ကတမာနိ စတ္တာရိ ကမ္မာနိ ပဉ္စဟာကာရေဟိ ဝိပဇ္ဇန္တိ။ ဝတ္ထု တော ဝါ ဉတ္တိတော ဝါ အနုဿာဝနတော ဝါ သီမတော ဝါ ပရိသ တော ဝါ။

ကထံ ဝတ္ထုတော ကမ္မာနိ ဝိပဇ္ဇန္တိ။ ပ။ ဒွါဒသဟာကာရေဟိ ပရိသတော ကမ္မာနိ ဝိပဇ္ဇန္တိ။"

(ပရိဝါရပါဠိ၊ ကမ္မဝဂ္ဂ၊ စာ ၃၈၀ – ၃၈၁)

အားလုံးပေါင်းလိုက်လျှင် ကံပျက်ကြောင်း အခြင်းအရာ ၅၀ ရှိကုန်၏။ ယင်းကံပျက်ကြောင်း အခြင်းအရာ ၅၀ တို့၏ အဓိပ္ပာယ်ကိုကား သာမန်လူတို့ နားလည်ရန် မလွယ်သော ကြောင့်လည်းကောင်း၊ ကျမ်းလေးအံ့စိုးသောကြောင့်လည်း ကောင်း အကျယ်ရှင်းမပြသာတော့ပါ။

အလိုရှိသော ပုဂ္ဂိုလ်များ ပရိဝါရပါဠိ၊ ကမ္မဝဂ္ဂ၊ စာ ၃၈၀ – ၃၈၃၊ ယင်း၏ အဖွင့် ပရိဝါရ အဋ္ဌကထာနှင့် ယင်းတို့၏ နိဿယ၊ မြန်မာပြန် ကျမ်းစာများမှပဲရန် တိုက်တွန်းအပ်ပါသည်။

### သံဃာငါးမျိုးသည် ပြုနိုင်သောကံများ

အထက်၌ ပြခဲ့သော သံဃာအစုငါးမျိုးတို့တွင် လေးပါး အစုရှိသော စတုဝဂ်သံဃာသည် ရဟန်းခံသောဥပသမ္ပဒကံ၊ ပဝါရဏာကံနှင့် အဗ္ဘာနကံသုံးမျိုးတို့မှ တစ်ပါး အလုံးစုံသောကံ တို့ကို ပြုကောင်း၏။ ငါးပါးအစုရှိသော ပဉ္စဝဂ်သံဃာသည် မဇ္ဈိမဒေသ ဇနပုဒ်တို့၌ ရဟန်းခံသော ဥပသမ္ပဒကံနှင့် အဗ္ဘာနကံ

တို့မှ တစ်ပါး အလုံးစုံသော ကံတို့ကို ပြုကောင်း၏။ ဆယ်ပါးအစု ရှိသောဒသဝဂ်သံဃာသည် အဗ္ဘာန်ကံ တစ်မျိုးမှ တစ်ပါး အလုံးစုံသော ကံတို့ကို ပြုကောင်း၏။ ၂၀ ပါးအစု ရှိသော ဝီသတိဝဂ်သံဃာနှင့် ၂၀ ပါးထက်ပိုသော အစုရှိသော အတိရေကဝီသတိဝဂ်သံဃာတို့သည်မူကား မပြုအပ် မပြုကောင်းသော ကံ ဟူ၍ မရှိ။ ကံအားလုံးတို့ကို ပြုကောင်းသည်သာတည်း။

## ကျမ်းကိုးပါဠိ

“တတြဘိက္ခဝေ ယွာယံ စတုဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာတိဏိကမ္မာနိ ဥပသမ္ပဒံ ပဝါရဏံ အဗ္ဘာနံ ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော။ တတြဘိက္ခဝေယာယံ ပဉ္စဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ ဒွေကမ္မာနိ [1]မဇ္ဈိမေသု ဇနပဒေသု ဥပသမ္ပဒံ အဗ္ဘာနံ ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မ ပ္ပတ္တော။ တတြဘိက္ခဝေ ယွာယံ ဒသ ဝဂ္ဂေါ ဘိက္ခုသံဃော ဌပေတွာ ဧကကမ္မံ အဗ္ဘာနံ ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မ ပ္ပတ္တော။ တတြဘိက္ခဝေ ယွာယံ ဝီသတိဝဂ္ဂေါ ဘိက္ခုသံဃော ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော။ တတြဘိက္ခဝေ ယွာယံ အတိရေက ဝီသတိ ဝဂ္ဂေါ ဘိက္ခုသံဃော ဓမ္မေန သမဂ္ဂေါ သဗ္ဗကမ္မေသု ကမ္မပ္ပတ္တော။ ”

(မဟာဝဂ္ဂပါဠိ၊ စမ္မေယျက္ခန္ဓက၊ စတုဝဂ္ဂကရဏာ ဒိကထာ၊ စာ – ၄၃၉ – ၄၄၀)

---

၁။ မဇ္ဈိမေသုဇနပဒေသု ဆိုသည်မှာ မဇ္ဈိမဒေသ တိုင်းနိုင်ငံတို့၌ ဟု ဆိုလိုသည်။ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ သံဃာငါးပါးဖြင့် ရဟန်းပြု မပေးနိုင်။ သံဃာ ၁၀ ပါးရှိမှသာ ပရိသ သမ္ပတ္တိဖြစ်၍ ရဟန်းပြု ပေးနိုင်သည်။

## ကမ္မဝါစာဟူသည်

အထက်ဝေါဟာရရှင်းလင်းချက်အခန်း၌ ကမ္မကို သံဃာ့ကံဟု ဖွင့်ဆိုခဲ့သည့် အားလျော်စွာ သံဃအကြောင်းကို လည်းကောင်း၊ ကမ္မအကြောင်းကိုလည်းကောင်း၊ သံဃာနှင့် ကမ္မတို့၏ ကတ္တုကမ္မအဖြစ်ဖြင့် ဆက်နွယ်ပတ်သက်နေမှုကို လည်းကောင်း ပြဆိုခဲ့ပါပြီ။ ထို့ကြောင့် ယခု အခါကမ္မဝါစာအကြောင်းကိုပြဆိုရန် အခွင့် ရောက်လာခဲ့ပါ သည်။ အထက်၌ ဖွင့်ဆိုခဲ့သည့်အတိုင်း ကမ္မဝါစာဟူသည် သံဃာ့ကံ သံဃာ့အမှုကိစ္စတို့၌ ရွတ်ဆိုအပ်သောစကားများပင် ဖြစ်သည်။

## ကမ္မဝါစာအမျိုးအစား

အထက်၌ သံဃာ့ကံကို အကျဉ်းအားဖြင့် လေးမျိုး အကျယ်အားဖြင့် (၂၈) မျိုးဟု ပြခဲ့ပါသည်။ ထိုသို့ပြခဲ့သဖြင့် ထိုကံတို့၌ ရွတ်ဆိုရသော ကမ္မဝါစာကိုလည်း (၂၈) မျိုးပင် ရှိလိမ့်မည်ဟု မမှတ်ယူသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ကံ တစ်မျိုးတည်း၌ပင် ရွတ်ဆိုရသော ကမ္မဝါစာကတစ်မျိုးမက များစွာရှိနေသောကြောင့်ဖြစ်သည်။

ထို့ကြောင့်ယခုအခါ(၃၇)ခန်းကမ္မဝါစာစသည်ဖြင့် တွေ့ရှိနေရခြင်း ဖြစ်ပါသည်။ နမူနာအဖြစ် မင်းကွန်းတိပိဋက ဓရ ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ စုစည်းတင်ပြ သော (၃၇) ခန်း ကမ္မဝါစာ မာတိကာကို ဖော်ပြပါသည်။

၁။ ဥပသမ္ပဒါဝိဓိ

၂။ ဥပသမ္ပဒကမ္မဝါစာ

၃။ ဩဝါဒ

၄။ ဒွန္နဥပသမ္ပဒါဝိဓိ

၅။ တဇ္ဇနီယကမ္မပါဠိ အနုလောမ ဒွန္နဥပသမ္ပဒါ ကမ္မဝါစာ

၆။ ကုဋ္ဌိဝတ္ထု သြလောကနာဒိပါဠိ အနုလောမဒွန္န ကမ္မဝါစာ

၇။ ဝိမတိဝိနောဒနီဋီကာ အနုလောမဒွန္နဥပ သမ္ပဒါ ကမ္မဝါစာ

၈။ ကထိန စီဝရဒါန ကမ္မဝါစာ

၉။ ကထိနုဒ္ဓါရ ကမ္မဝါစာ

၁၀။ အဝိပ္ပဝါသ သိမာသမူ ဟနန ကမ္မဝါစာ

၁၁။ သမာန သံဝါသ သိမာ သမူ ဟနန ကမ္မဝါစာ

၁၂။ သိမာ သမ္မုတိ ဝိဓိ

၁၃။ သမာန သံဝါသ သိမာ သမ္မုတိ ကမ္မဝါစာ

၁၄။ အဝိပ္ပဝါသ သိမာ သမ္မုတိ ကမ္မဝါစာ

၁၅။ ဥပေါသထာဂါရ သမ္မုတိ ကမ္မဝါစာ

၁၆။ ဥပေါသထာဂါရ သမူ ဟနန ကမ္မဝါစာ

၁၇။ ကပ္ပိယဘူမိ သမ္မုတိ ကမ္မဝါစာ

၁၈။ ကုဋိဝတ္ထု သြလောကန သမ္မုတိ ကမ္မဝါစာ

၁၉။ စီဝရ ပဋိဂ္ဂါဟက သမ္မုတိ ကမ္မဝါစာ

၂၀။ စီဝရ နိဒဟက သမ္မုတိ ကမ္မဝါစာ

၂၁။ ဘဏ္ဍာဂါရ သမ္မုတိ ကမ္မဝါစာ

၂၂။ ဘဏ္ဍာဂါရိက သမ္မုတိ ကမ္မဝါစာ

၂၃။ စီဝရ ဘာဇက သမ္မုတိ ကမ္မဝါစာ

၂၄။ ဘတ္တုဒ္ဒေသက သမ္မုတိ ကမ္မဝါစာ

၂၅။ သေနသန ပညာပကာဒိ သမ္မုတိ ကမ္မဝါစာ

၂၆။ အပ္ပင်္ဂိစ္ဆနွ မာနတ္တ
၂၇။ အပ္ပင်္ဂိစ္ဆနွ အဗ္ဘာန
၂၈။ အဂ္ဃသမောဓာန ပရိဝါသ
၂၉။ အဂ္ဃသမောဓာန မာနတ္တ
၃၀။ အဂ္ဃသမောဓာန အဗ္ဘာန
၃၁။ သုဒ္ဓန္တ ပရိဝါသ
၃၂။ သုဒ္ဓန္တ မာနတ္တ
၃၃။ သုဒ္ဓန္တ အဗ္ဘာန
၃၄။ အနန္တရာယိကခဏ္ဍ ပဗ္ဗာဇနိယ ကမ္မဝါစာ
၃၅။ မဟာဒ္ဓိက ဒေဝရက္ခ သမ္မုတိ ကမ္မဝါစာ
၃၆။ ဂိရိမာနန္ဒ သုတ္တ ဘာသန သမ္မုတိ ကမ္မဝါစာ
၃၇။ ပကိဏ္ဏကခဏ္ဍ ဥပသမ္ပဒါခဏ္ဍ ပါဠိ နိဿယာဒိ

အထက်ပါ (၃၇) ခန်း ကမ္မဝါစာတွင် ရဟန်းတို့၏ ဂရုက အာပတ်ဖြေရာ ကျင့်ဝတ်တစ်ခု ဖြစ်သော ဝုဋ္ဌာနက်ံ ဆိုင်ရာ ဝတ်ကမ္မဝါစာ တစ်မျိုးတည်း၌ပင် အမှတ်စဉ် (၂၆) မှ (၃၃) အထိ ကမ္မဝါစာ ရှစ်မျိုး ပါဝင်နေပါသည်။ "လယ်တီကမ္မဝါဒီပနီ" ကျမ်းစာတွင်မူ ယင်းဝတ်ကမ္မဝါစာ တစ်မျိုးတည်း၌ပင် ကမ္မဝါစာ မျိုးကွဲ (၁၈) မျိုး ပါဝင်နေပါသည်။ ထိုကြောင့် ကံတစ်မျိုးတည်း၌ပင် ရွတ်ဆိုရသော ကမ္မဝါစာက တစ်မျိုးမက များစွာရှိနေကြောင်း အထက်၌ ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဤအကြောင်းအရာတို့ကို ထောက်ဆ၍ ကမ္မဝါစာသည် (၃၇) မျိုးမက ရှိနိုင်ကြောင်း သိရှိနိုင်ပေသည်။ အရေအတွက် အတိအကျ ပြောရန်ကား မလွယ်လှပါ။ ဝိနည်းဆောင် ဝိနယဓရ ပုဂ္ဂိုလ်များ၏ အရာသာ ဖြစ်သင့်ပါသည်။

## ကမ္မဝါစာ ရွတ်ဖတ်ရာ၌ အရေးအကြီးဆုံးအချက်

အထက်က လေးပါးတို့၏ ပျက်ပြားခြင်း ခေါင်းစဉ်တွင် အနုဿာဝနကြောင့် ကံပျက်ခြင်း ငါးပါးရှိကြောင်း ပြဆိုခဲ့ပါသည်။ အနုဿာဝနဟူသည် ကမ္မဝါစာ၏ ပရိယာယ်ပင် ဖြစ်ပါသည်။ အနုဿာဝနကြောင့် ကံပျက်ခြင်းငါးပါးတွင် သာဝနံ်ဟာပေတိ (ကမ္မဝါစာကို ယုတ်လျော့စေခြင်း) ဟူသော အင်္ဂါတစ်ချက် ပါဝင်နေပါသည်။ ဤအင်္ဂါသည် လွန်စွာ အရေးကြီးပါသည်။

ကမ္မဝါစာရွတ်ဖတ်ရာ၌ ပရိတ်ကြီးစသော အခြားစာများကို ရွတ်ဖတ်သကဲ့သို့ ပေါ့ပေါ့တန်တန် ရွတ်ဖတ်၍ မရပါ။ ပရိတ်စသည်ကို မှန်အောင်မရွတ်နိုင်သော်လည်း အကျိုးဆုတ်ယုတ်မှု မရှိလှပါ။ ကမ္မဝါစာကို ပေါ့ဆသောအားဖြင့် မှန်ကန်စွာ မရွတ်ဆိုနိုင်ခဲ့သော် မိမိတို့ ပြုလိုရင်း ကံပျက်ပါသည်။ ယင်းကံသည် အထမမြောက်တော့ပါ။ ဥပမာ ရဟန်းခံရာ၌ ဥပသမ္ပဒ ကမ္မဝါစာကို ဌာန်ကရိုဏ်းကျနအောင် မရွတ်ဆိုနိုင်ပါက ပဉ္စင်းလောင်းသည် ရဟန်းမဖြစ်တော့ပါ။ ထို့ကြောင့် ကမ္မဝါစာရွတ်ဖတ်ရာ၌ လွန်စွာအရေးကြီးသော အချက်များကို အသေးစိတ် ထပ်မံတင်ပြပါဦးမည်။

အနုဿာဝနံ ဟာပေတိ (ကမ္မဝါစာကို ယုတ်လျော့စေ၏) ဟူသည် အချင်းခပ်သိမ်းကမ္မဝါစာကို မရွတ်ခြင်းနှင့် ကမ္မဝါစာသုံးကြိမ်ရွတ်ရမည့် ဉတ္တိစတုတ္ထကံ၌ ကမ္မဝါစာတစ်ကြိမ်နှစ်ကြိမ်သာ ရွတ်ခြင်းသည်လည်းကောင်း ကမ္မဝါစာကို အကြိမ်ပြည့်ပင် ရွတ်သော်လည်း အက္ခရာကျန်နေခြင်း၊ လွဲမှား၍ ရွတ်ခြင်းသည်လည်းကောင်း ကမ္မဝါစာကို ယုတ်လျော့စေသည် မည်၏။ ကံပျက်နိုင်၏။

ထို့ကြောင့် ကမ္ဘဝါစာကို ရွတ်ဖတ်ရာ၌ ဗျဉ္ဇန ဗုဒ္ဓိ (၁၀) ပါး၊ ဒ္ဒါန်ကရိုဏ်းပယတ်တို့နှင့် အညီ အသံထွက်မှန်ကန်အောင် ရွတ်ခြင်းသည် လွန်စွာ အရေးကြီးပေသည်။

ဗျဉ္ဇနဗုဒ္ဓိ (၁၀) ပါး ဟူသည်

၁။ သိထိလ (ပျော့ပျော့ ရွတ်ရသော ဝဂ်ငါးပါးတို့၏ ပထမက္ခရာ ငါးလုံးနှင့် တတိယက္ခရာ ငါးလုံး)

၂။ ဓနိတ (မာမာရွတ်ရသော ဝဂ်ငါးပါးတို့၏ ဒုတိယက္ခ ရာ ငါးလုံးနှင့် စတုတ္ထက္ခရာငါးလုံး)

၃။ ဒီဃ (ရှည်ရှည်ရွတ်ရသော အာ၊ ဤ၊ ဦ၊ ဧ၊ ဩဟူသော ဒီဃ သရငါးလုံး)

၄။ ရဿ (တိုတိုရွတ်ရသော အ၊ ဣ၊ ဥ ဟူသော ရဿသရ သုံးလုံး)

၅။ ဂရုက (လေးလေးရွတ်ရသော ဒီဃသရ ငါးလုံးနှင့် နက္ခမတိ၌ "န" ကဲ့သို့ သံယုတ်နောက်၌ ရှိသော အက္ခရာ၊

၆။ လဟုက (ပေါ့ပေါ့ရွတ်ရသော ရဿသရ သုံးလုံးနှင့် နခမတိ၌ "န" ကဲ့သို့ သံယုတ်နောက်၌ မရှိသော အက္ခရာ)

၇။ နိဂ္ဂဟိတ (ကရိုဏ်းတို့ကို နှိပ်၍ ခံတွင်းကို မဖွင့်ဘဲ နှာသံဖြင့် ရွတ်ဆိုအပ်သောအက္ခရာ)

၈။ သမ္ဗန္ဓ (နောက်ပုဒ်နှင့် ဆက်စပ်၍ ရွတ်အပ်သော တဏှာသ စသော အက္ခရာ)

၉။ ဝဝတ္ထိတ (နောက်ပုဒ်နှင့် မဆက်စပ်ဘဲ ရွတ်အပ်သော တဏှာ အဿစသော အက္ခရာ)

၁၀။ ဝိမုတ္တ (ကရိဏ်းတို့ကို မနှိပ်မူ၍ လွတ်လွတ် ခံတွင်းကို ဖွင့်ပြီး နှာသံ မပါဘဲ ရွတ်အပ်သော အက္ခရာ)

ဤ ၁၀ ပါးတို့တည်း။

## ကျမ်းကိုးပါဠိ

"ဒုရုတ္တံ ကရောတီတိ ဧတ္ထပန အယံဝိနိစ္ဆယော။ ယောဟိ အညသ္မိံ အက္ခရေ ဝတ္တဗ္ဗေ အညံ ဝဒတိ၊ အယံ ဒုရုတ္တံ ကရောတိ နာမ။ တသ္မာ ကမ္မဝါစံ ကရောန္တေန ဘိက္ခုနာ ယွာယံ –

သိထိလံ ဓနိ တဉ္စ ဒီဃရဿံ၊ ဂရုကံလဟုကဉ္စ နိဂ္ဂ ဟိတံ။

သမ္ဗန္ဓ ဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇန ဗုဒ္ဓိယာ ပဘေ ဒေါတိ ဝုတ္တော။ အယံသုဋ္ဌု ဥပလက္ခေတဗ္ဗော။

ဧတ္ထဟိ သိထိလံနာမ ပဉ္စသုဝဂ္ဂေသု ပဌမ တတိယံ။ ဓနိတံ နာမ တေသွေဝ ဒုတိယစတုတ္ထံ။ ဒီဃန္တိ ဒီဃေန ကာ လေန ဝတ္တဗ္ဗံအာကာရာဒိ။ ရဿန္တိ တတောဥပဍ္ဎကာလေန ဝတ္တဗ္ဗံ အကာ ရာဒိ။ ဂရုကန္တိ ဒီဃမေဝ၊ ယံဝါအာယသ္မတော ဗုဒ္ဓ ရက္ခိတတ္ထေရဿ၊ ယဿနက္ခမတီတိ ဧဝံ သံယောဂပရံ ကတွာ ဝုစ္စတိ။ လဟုကန္တိ ရဿမေဝ ၊ ယံဝါအာယသ္မတော ဗုဒ္ဓရက္ခိတ ထေရဿ၊ ယဿနခမတီတိ ဧဝံ အသံယောဂပရံကတွာဝုစ္စတိ။ နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟေတွာ အဝိဿဇ္ဇေတွာ အဝိဝ ဋေန မုခေန သာနုနာသိကံ ကတွာ ဝတ္တဗ္ဗံ။ သမ္ဗန္ဓန္တိ ယံပရပဒေန သမ္ဗန္ဓိတွာ တုဏှီဿာတိဝါတုဏှ ဿာတိဝါ ဝုစ္စတိ။ ဝဝတ္ထိတန္တိ ယံပရပဒေန အသမ္ဗန္ဓံ ကတွာ ဝိစ္ဆိန္ဒိတွာ တုဏှီ အဿာတိဝါ တုဏှ အဿာတိဝါ ဝုစ္စတိ။ ဝိမုတ္တန္တိ ယံကရဏာနိ အနိဂ္ဂ ဟေတွာ ဝိဿဇ္ဇေတွာ ဝိဝဋေန မုခေန အနုနာသိကံ အကတွာ ဝုစ္စတိ။"

(ပရိဝါရအဋ္ဌကထာ၊ ကမ္မဝဂ္ဂ ဝဏ္ဏနာ၊ စာ – ၂၄၇)

အထက်၌ ပြခဲ့သော ဈာန်ဖုဒ္ဓိ ၁၀ ပါးတွင်လည်း သိထိလနှင့် ဓနိတ၊ နိဂ္ဂဟိတနှင့် ဝိမုတ္တ ဤ ဈာန်လေးပါးတို့ကို မှန်ကန်အောင် မရွတ်ဆိုနိုင်ခဲ့သော် ကံပျက်စေနိုင်၏။ ကြွင်းကျန်သော ဈာန်ခြောက်ပါးတို့သည်ကား ကံကို မပျက်စေနိုင်။ ထို့ကြောင့် ဈာန် ဖုဒ္ဓိ ၁၀ ပါးတွင် သိထိလ၊ ဓနိတ၊ နိဂ္ဂဟိတ၊ ဝိမုတ္တ ဟူသော ဈာန် လေးပါးသည် ကမ္မဝါရွတ်ဖတ်ရာ၌ အရေးအကြီးဆုံး အချက်များဖြစ်သည်ကို သတိရှိဖို့ လိုလေသည်။

## ကျမ်းကိုးပါဠိ

“ဣတိသိထိလေ ကတ္တဗ္ဗေ ဓနိတံ၊ ဓနိတေ ကတ္တဗ္ဗေ သိထိလံ၊ ဝိမုတ္တေ ကတ္တဗ္ဗေ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတေ ကတ္တဗ္ဗေ ဝိမုတ္တန္တိ ဣမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တောကမ္မဝါစာယ ကမ္မံ ဒူသေန္တိ။ ဧဝံဝဒန္တောဟိ အညသ္မိံ အက္ခရေ ဝတ္တဗ္ဗေ အညံဝဒတိ၊ ဒုရုတ္တံ ကရောတီတိ ဝုစ္စတိ။ ဣတရေသုပန ဒီဃရဿာဒိသု ဆသုဗျဉ္ဇနေသု ဒီဃဋ္ဌာနေ ဒီဃမေဝ ရဿဋ္ဌာနေစရဿမေဝါတိ ဧဝံ ယထာဋ္ဌာနေ တံတဒေဝ အက္ခရံ ဘာသန္တေန အနုက္ကမာဂတံ ပဝေဏိံ အဝိနာသန္တေန ကမ္မဝါစာ ကာတဗ္ဗာ။ သစေပန ဧဝံ အကတွာ ဒီဃေဝတ္တဗ္ဗေ ရဿံ၊ ရဿေဝါ ဝတ္တဗ္ဗေ ဒီဃံဝဒတိ။ တထာဂရုကေဝတ္တဗ္ဗေ လဟုကံ၊ လဟုကေ ဝတ္တဗ္ဗေ ဂရုကံဝဒတိ၊ သမ္ဗန္ဓေဝါပန ဝတ္တဗ္ဗေ ဝဝတ္ထိတံ၊ ဝဝတ္ထိတေ ဝါဝတ္တဗ္ဗေ သမ္ဗန္ဓံ ဝဒတိ။ ဧဝံ ဝုတ္တေပိ ကမ္မဝါစာန ကုပ္ပတိ။ ဣမာနိဆဗျဉ္ဇနာနိ ကမ္မံ နကောပေန္တိ။ ”

(ပရိဝါရ အဋ္ဌကထာ၊ ကမ္မဝဂ္ဂဝဏ္ဏနာ၊ စာ – ၂၄၈)

**ဌာန်ငါးပါး**

၁။ ကဏ္ဌဌာန် (လည်ချောင်းအရပ်)

၂။ တာလုဌာန် (အာစောက်အရပ်)

၃။ မုဒ္ဒဌာန် (လျှာထိပ်အရပ်)
၄။ ဒန္တဌာန် (သွားအရပ်)
၅။ ဩဋ္ဌဌာန် (နှုတ်ခမ်းအရပ်)
(ဤဌာန်ငါးပါးသည် အက္ခရာတို့ဖြစ်ရာ အရပ်ဒေသနှင့် ဆိုင်၏)

**ဌာန်နှင့် အက္ခရာ**

အဝဏ်နှစ်လုံး၊ ကဝဂ်ငါးလုံး၊ ဟ အက္ခရာ ဤ ရှစ်လုံးသော အက္ခရာတို့သည် လည်ချောင်းအရပ်၌ ဖြစ်ကုန်၏။

ဣဝဏ်နှစ်လုံး စဝဂ်ငါးလုံး ယအက္ခရာ၊ ဤ ရှစ်လုံးသော အက္ခရာတို့သည် အာစောက်အရပ်၌ ဖြစ်ကုန်၏။

ဋ ဝဂ် ငါးလုံး၊ ရ အက္ခရာ၊ ဠ အက္ခရာ၊ ဤ ခုနစ်လုံးသော အက္ခရာတို့သည် လျှာထိပ်အရပ်၌ ဖြစ်ကုန်၏။

တဝဂ် ငါးလုံး၊ လအက္ခရာ၊ သ အက္ခရာ၊ ဤ ခုနစ်လုံးသော အက္ခရာတို့သည် သွားအရပ်၌ ဖြစ်ကုန်၏။

ဥဝဏ်နှစ်လုံး၊ ပဝဂ်ငါးလုံး၊ ဤ ခုနစ်လုံးသော အက္ခရာတို့သည် နှုတ်ခမ်းအရပ်၌ ဖြစ်ကုန်၏။

ဧ အက္ခရာသည် လည်ချောင်းအရပ်၊ အာစောက်အရပ် နှစ်ဌာန၌ ဖြစ်၏။

ဩအက္ခရာသည် လည်ချောင်းအရပ်၊ နှုတ်ခမ်းအရပ် နှစ် ဌာန၌ ဖြစ်၏။

ဝ အက္ခရာသည် သွားအရပ်၊ နှုတ်ခမ်းအရပ် နှစ်ဌာန၌ ဖြစ်၏။

**ကရိုဏ်းလေးပါး**

၁။ ဇိဝှါမဇ္ဈ (လျှာလယ်အရပ်)
၂။ ဇိဝှါဖဂ္ဂ (လျှာဖျား၏ အနီးအရပ်)
၃။ ဇိဝှဂ္ဂ (လျှာဖျားအရပ်)

၄။ သကဋ္ဌာန (မိမိတို့၏ ဌာန်အရပ်)

(ဤကရိုဏ်းလေးပါးတို့သည် အက္ခရာတို့ကို ရွတ်ရာ၌ လျှာအနေအထားနှင့် ဆိုင်၏။)

**ကရိုဏ်းနှင့် အက္ခရာ**

အထက်၌ ပြခဲ့သော တာလုဇ အက္ခရာ ရှစ်လုံးသည် ဇိဝှါမဇ္ဈကရိုဏ်းကြောင့် ဖြစ်ကုန်၏။

မုဒ္ဓဇအက္ခရာ ခုနစ်လုံးသည် ဇိဝှါပဂ္ဂကရိုဏ်းကြောင့် ဖြစ်ကုန်၏။

ဒန္တဇအက္ခရာ ခုနစ်လုံးသည် ဇိဝှဂ္ဂကရိုဏ်းကြောင့် ဖြစ်ကုန်၏။

ကြွင်းသော အက္ခရာ ၁၉ လုံးတို့သည် သကဋ္ဌာန ကရိုဏ်းကြောင့် ဖြစ်ကုန်၏။

**ပယတ်လေးပါး**

၁။ သံဝုဋ (နှုတ်ခမ်းတို့၏ ပိတ်ခြင်း)

၂။ ဝိဝဋ (နှုတ်ခမ်းတို့၏ ဖွင့်ခြင်း)

၃။ ဖုဋ္ဌ (နှုတ်ခမ်းတို့၏ ထိခြင်း)

၄။ ဤ သံဖုဋ္ဌ (နှုတ်ခမ်းတို့၏ စဉ်းငယ်ထိခြင်း)

(ဤ ပယတ်လေးပါးတို့သည် အက္ခရာတို့ကို ရွတ်ရာ၌ နှုတ်ခမ်းအနေအထားနှင့် ဆိုင်၏။)

**ပယတ်နှင့် အက္ခရာ**

အသရသည်၊ သံဝုဋ ပယတ်ကြောင့် ဖြစ်၏။

အာအစရှိသော ခုနစ်လုံးသော သရ၊ သအက္ခရာ၊ ဟ အက္ခရာ၊ ဤ ကိုးလုံးသော အက္ခရာ တို့သည် ဝိဝဋပယတ်ကြောင့် ဖြစ်ကုန်၏။

ဝဂ်အက္ခရာ ၂၅ လုံးတို့သည် ဖုဿပယတ်ကြောင့် ဖြစ်ကုန်၏။

ယ၊ ရ၊ လ၊ ဝ၊ ဤ လေးလုံးသော အက္ခရာတို့သည် ဤ သံဖုဿ ပယတ်ကြောင့် ဖြစ်ကုန်၏။

ဤ ဌာန်ကရိုဏ်း ပယတ်တို့၌ ဖော်ပြခဲ့သော ပါဠိဘာသာ သဒ္ဒါ အသုံးအနှုန်းများကို သဘောပေါက် နားလည်စေရန် ဇယားပြုလုပ်ဖော်ပြလိုက်ပါသည်။

## ပါဠိဘာသာ ဗျည်း (၃၃) လုံး သဒ္ဒါ အသုံး

| | ပထမအက္ခရာ | ဒုတိယအက္ခရာ | တတိယအက္ခရာ | စတုတ္ထအက္ခရာ | ပဉ္စမအက္ခရာ | | | |
|---|---|---|---|---|---|---|---|---|
| ကဝဂ် ၅ လုံး | က | ခ | ဂ | ဃ | င | | | |
| စဝဂ် ၅ လုံး | စ | ဆ | ဇ | ဈ | ဉ | | | |
| ဋဝဂ် ၅ လုံး | ဋ | ဌ | ဍ | ဎ | ဏ | | | |
| တဝဂ် ၅ လုံး | တ | ထ | ဒ | ဓ | န | | | |
| ပဝဂ် ၅ လုံး | ပ | ဖ | ဗ | ဘ | မ | | | |
| အဝဂ် ၈ လုံး | ယ | ရ | လ | ဝ | သ | ဟ | ဠ | အံ |

င၊ ဉ၊ ဏ၊ န၊ မ ဤငါးလုံးသည် ဝဂ်၏အဆုံး၌ တည်ရှိသောကြောင့် ဝဂ္ဂန္တမည်ကုန်၏။

## ပါဠိဘာသာသရ (၈) လုံးသဒ္ဒါအသုံး

| အဝဏ် | | ဣဝဏ် | | ဥဝဏ် | | အသဝဏ် | |
|---|---|---|---|---|---|---|---|
| ရဿ | ဒီဃ | ရဿ | ဒီဃ | ရဿ | ဒီဃ | ဒီဃ | ဒီဃ |
| အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | ဩ |

ဤသို့ ဗျဉ္ဇနဗုဒ္ဓိ ၁၀ ပါးနှင့် အညီရွတ်ဆိုရမည်ဟု ဆိုသဖြင့် အချို့သော ပုဂ္ဂိုလ်များသည် ခမတိ သံဃဿဒ္ဓ "ခ" နှင့် "ဃ" ကဲ့သို့သော ဓနိတအက္ခရာများကို ရွတ်ဆိုရာဝယ် ခေါင်းတုန် ဖင်တုန် ဣန္ဒြေပျက်လောက်အောင် အလွန်ပြင်းစွာ ရွတ်ဆို တတ်ကြပါသည်။ အမှန်မှာ ဓနိတ အက္ခရာများကို အခြားအက္ခရာ များထက် အသံမာမာဖြင့် ရွတ်ဆိုလျှင် လုံလောက်ပါသည်။ ဣန္ဒြေပျက်လောက်အောင် ပြင်းပြင်းရွတ်ဖို့ မလိုပါ။ ကျမ်းပြု အကျော် မဟာဂန္ဓာရုံဆရာတော်ကလည်း ထိုသို့ ဣန္ဒြေပျက် လောက်အောင် အလွန်ပြင်းစွာ ရွတ်ဆိုမှုများကို မလိုလားအပ်ဟု ပြစ်တင်ရှုတ်ချ တော်မူခဲ့ပါသည်။

## ကမ္မဝါစာကို ရဟန်းတော်များသာ ရွတ်ကောင်းသလော

"ကမ္မဝါစာကို ရဟန်းတော်များသာ ရွတ်ကောင်းသလား၊ လူပုဂ္ဂိုလ်များကော မရွတ်ကောင်းဘူးလား။" ဤကား စိတ်ဝင် စားသူ အချို့သော ပုဂ္ဂိုလ်များက ဓမ္မသာကစ္ဆာ စကားဝိုင်းများ တွင် မေးတတ်သော မေးခွန်း ဖြစ်ပါသည်။

ဤမေးခွန်းကို ဖြေရပါလျှင် ကမ္မဝါစာသည် သာဃာ့ကံ သံဃာ့ အမှုကိစ္စတို့၌ ရွတ်ဆိုအပ်သော စကားဟု ဖွင့်ဆိုခဲ့သည့် အတိုင်း သံဃာ့ကံ သံဃာ့အမှုကိစ္စနှင့် ဆိုင်သော ကမ္မဝါစာကို ရဟန်းတော်များ;သာ ရွတ်ဆိုကောင်းပါသည်။ သို့ရာတွင် သံဃာ့ ကံ သံဃာ့အမှုကိစ္စနှင့် မဆိုင်သော ကမ္မဝါစာများလည်း ရှိပါသေး သည်။ ဥပမာ – အန္တရာယ်ကင်းပဗ္ဗာဇနိယကမ္မဝါစာ စသည်တို့ ဖြစ်ပါသည်။ ဤကဲ့သို့ သံဃာ့ကံ သံဃာ့အမှုကိစ္စနှင့် မဆိုင်သော ကမ္မဝါစာမျိုးကိုမူ လူပုဂ္ဂိုလ်များလည်း ရွတ်ကောင်းသည်ဟု

ဖြေဆိုရပါမည်။ ဤသို့ဆိုခြင်းမှာ ဆရာသမားတို့၏ အစဉ်အလာ ဒိဋ္ဌာနုဂတိအရ ဆိုခြင်း ဖြစ်ပါသည်။ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးသည် ဤအန္တရာယ်ကင်း ပဗ္ဗာဇနိယ ကမ္မဝါစာကို လူပုဂ္ဂိုလ်များအား ရွတ်ဆိုစေခဲ့သော အစဉ်အလာရှိပါသည်။ ထို့ကြောင့်ဆရာတော်၏ ပရိယတ္တိဝိသာရဒဂုဏ်ကို ယုံကြည်လေးစားမှုဖြင့် အထက်ပါအတိုင်း ဖြေဆိုလိုက်ရခြင်း ဖြစ်ပါသည်။

## ကမ္မဝါစာကို သိမ်ထဲမှာသာ ရွတ်ဆိုကောင်းသလော

အချို့သော သုတေသီများကမူ "ကမ္မဝါစာကို သိမ်ထဲမှာသာ ရွတ်ကောင်းသလား သိမ်ပြင်ပ၌ကော မရွတ်ဆိုကောင်းဘူးလား" ဟု မေးမြန်းတတ်ကြ ပြန်ပါသည်။

ဤမေးခွန်း၌လည်း အထက်မေးခွန်းနည်းတူ သံဃာ့ကံ သံဃာ့အမှုကိစ္စနှင့် ဆိုင်သော ကမ္မဝါစာများကို သိမ်အတွင်းမှာသာ ရွတ်ဆိုရပါမည်။ သံဃာ့ကံ သံဃာ့အမှုကိစ္စနှင့် မဆိုင်သော ကမ္မဝါစာများကိုမူ သိမ်ပြင်ပ၌လည်း ရွတ်ဆိုကောင်းသည်ဟု ဖြေဆိုရပါမည်။

ဤသို့ ဖြေရခြင်းမှာလည်း မုံရွာမြို့လယ်တီဆရာတော်ဘုရားကြီးသည် သံဃာ့ကံ သံဃာ့အမှုကိစ္စနှင့် မသက်ဆိုင်သော အန္တရာယ်ကင်း ပဗ္ဗာဇနိယ ကမ္မဝါစာနှင့် မိုးကမ္မဝါစာ တို့ကို သိမ်ပြင်ပ မြို့ရွာလမ်းမများ၌ ရွတ်ဆိုစေခဲ့ဖူးသော အစဉ်အလာရှိသောကြောင့် ယင်းအစဉ်အလာကို ဒိဋ္ဌာနုဂတိလိုက်၍ ဖြေဆိုလိုက်ရခြင်း ဖြစ်ပါသည်။

ဤနေရာ၌ အပလောကနကံ ဟုဆိုအပ်သော သံဃာ့ကံကို သိမ်ပြင်ပ၌ ပြုကောင်းသည်မဟုတ်ပါလောဟု စောဒကဝင်စရာ

ရှိပါသည်။ ဟုတ်ပါသည်၊ အပလောကနက်ကို သိမ်အပြင်ပဌ်ြ ပြုကောင်းသော်လည်း ယင်းကံ၌ ရွတ်ဆိုရသော အပလောကန ဝါစာ (ပန်ကြားစကား) ကို ပရိဝါအဋ္ဌကထာက ကမ္မဝါစာဟု မဆို သောကြောင့် အထက်ပါအတိုင်း ဖြေဆိုလိုက်ရခြင်း ဖြစ်ပါသည်။

## ကမ္မဝါစာကို ပါဠိဘာသာဖြင့်သာ ရွတ်ကောင်းသလော

ကမ္မဝါစာကို ပါဠိဘာသာဖြင့်သာ ရွတ်ဆိုကောင်းပါသလား၊ မြန်မာဘာသာဖြင့်ကော မရွတ်ဆိုကောင်းဘူးလား။ ဤကား စာပေပညာရှင်များ၏ စာပေဝိုင်းများ၌ အချို့သော စာပေ သမားများက မေးမြန်းတတ်သော မေးခွန်း ဖြစ်ပါသည်။

ယခုအခါ ပိဋကတ်သုံးပုံကို မြန်မာဘာသာ ပြန်ဆို၍ သင်အံ လေ့ကျက်နေကြသဖြင့် ဤမေးခွန်းသည် အလွန်မေးထိုက်သော မေးခွန်းဟု ယူဆမိပါသည်။

ဤမေးခွန်း၌ သံဃာ့ကံ ဝိနည်းကံကို ပြုရာ၌ ကမ္မဝါစာကို အခြားဘာသာဖြင့် မရွတ်ဆိုကောင်း၊ ပါဠိဘာသာဖြင့်သာ ရွတ်ဆိုရမည်ဟု ဖြေဆိုလိုပါသည်။

## ကျမ်းကိုးပါဠိ

"ယထာပါဠိယာ နိရုတ္တိ သောဓေတွာ ဒသဝိဓာယ ဗျဉ္ဇနနိ ရုတ္တိယာ ဝုတ္တဒေါသေ ပရိဟရန္တေန ကမ္မဝါစာ ကာတဗ္ဗာ၊ ဣတရထာဟိ သာဝနံ ဟာပေတိနာမ။"

(ပရိဝါရအဋ္ဌကထာ၊ ကမ္မဝဂ္ဂဝဏ္ဏနာ၊ စာ – ၂၄၈)

## (ရှင်းလင်းချက်)

အထက် "ကံလေးပါးတို့၏ ပျက်ပြားခြင်း" ဟူသော ခေါင်းစဉ်၌ ကံပျက်ခြင်းငါးပါးကို ပြဆိုခဲ့ပါသည်။ ထိုကံပျက်ခြင်း

ငါးပါးတွင် တတိယမြောက် ဖြစ်သော အနုဿာဝန (ကမ္မဝါစာ) ကြောင့် ကံပျက်ခြင်းသည်လည်း ငါးမျိုးရှိကြောင်း သချ်ာမှုကို ပြဆိုခဲ့ပါသည်။ အနုဿာဝနကြောင့် ကံပျက်ခြင်းငါးမျိုးတွင် သာဝနံဟာပေတိ (ကမ္မဝါစာကို ယုတ်လျော့စေခြင်း) ဟူသော အင်္ဂါတစ်ပါး ပါဝင်ပါသည်။ ယင်းအင်္ဂါအကြောင်းကိုလည်း အထက် "ကမ္မဝါစာရွတ်ဖတ်ရာ၌ အရေးအကြီးဆုံးအချက်" ဟူသောခေါင်းစဉ်၌ အတန်ငယ်ရှင်းပြခဲ့ပြီးလည်း ဖြစ်ပါသည်။ ယခု ကိုးကားသော အဋ္ဌကထာပါဌ်သည်လည်း အနုဿာဝန ကြောင့် ကံပျက်ခြင်းနှင့် ဆိုင်ပါသည်။ ဤ အဋ္ဌကထာစကား၌ "ယထာပါဠိယာ" ဟူသော စကားသည် အဓိက ကိုးကားလိုရင်း ဖြစ်ပါသည်။

ယင်းပါဌ်ကို အဋ္ဌကထာဆိုရခြင်းမှာ သုတ္တန်ဆောင်မထေရ် များက တ အက္ခရာနှင့် ဒ အက္ခရာကဲ့သို့ ကာရိကာရိယ အပြောင်း အလဲရှိသော အက္ခရာများ၌ တ အက္ခရာဖြင့် ရွတ်ရမည့် အရာ၌ ဒ အက္ခရာဖြင့် ရွတ်သော်လည်း မဆန့်ကျင်၊ ရွတ်ကောင်းသည် ဟု ဆိုကြသဖြင့် ဤသို့ ကာရိ ကာရိယ ပြောင်းလဲ၍ ရွတ်ခြင်း သည် အခြားနေရာများ၌ သာအပ်သည်။ ကမ္မဝါစာ၌မူ ဤသို့ ပြောင်းလဲမရွတ်အပ်။ ပါဠိ ရှိသည့် အတိုင်းသာ ရွတ်ဆိုရမည်ဟု သိစေလိုသဖြင့် ယထာပါဠိယာ ဟူသော စကားကို အဋ္ဌကထာ ဆရာ ဆိုခြင်း ဖြစ်သည်။

ဤသို့ ပါဠိဘာသာ၌ပင် ကာရိကာရိယ ပြောင်းလဲ၍ မရွတ် အပ် ဟုဆိုလျှင် အခြားသော ဘာသန္တရဖြင့် ရွတ်ခြင်း၌ အဘယ် ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ မရွတ်အပ်သည်သာတည်းဟု အဓိပ္ပာယ် သက်ရောက်သဖြင့် အထက်ပါ ပါဠိကို ကိုးကားလိုက် ရခြင်း ဖြစ်ပါသည်။

## ကမ္မဝါစာကို တီထွင်ကောင်းပါသလား

အထက် ခေါင်းစဉ်ပါ မေးခွန်းကို ဖြေဆိုရလျှင် ကမ္မဝါစာကို တီထွင်ကောင်းသည်ဟုပင် ဖြေရပါမည်။ တီထွင်ခဲ့သော သာဓက များလည်း ရှိပါသည်။

ဥပမာ မင်းကွန်းတိပိဋကဓရ (၃၇) ခန်း ကမ္မဝါစာလာ တဇ္ဇနီယ ကမ္မပါဠိ အနုလောမ ဒွန္ဒဥပမ္ပဒကမ္မဝါစာ၊ ဣဋ္ဌိဝတ္ထု ဩလောကနာဒိ ပါဠိအနုလောမ ဒွန္ဒဥပသမ္ပဒ ကမ္မဝါစာ၊ ဝိမတိ ဝိနောဒနီဋီကာအနုလောမ ဒွန္ဒဥပသမ္ပဒကမ္မဝါစာ၊ မဟိန္ဒိက ဒေဝ ရက္ခသမ္မုတိကမ္မဝါစာ၊ ဂိရိမာနန္ဒသုတ္တဘာသန သမ္မုတိ ကမ္မဝါစာ၊ အနန္တရာယိက ပဗ္ဗာဇနီယ ကမ္မဝါစာနှင့် လယ်တီ ဆရာတော်၏ မိုးကမ္မဝါစာ စသည်တို့ ဖြစ်ပါသည်။

ဤသို့ ကမ္မဝါစာကို တီထွင်ကောင်းသည်ဟု ဆိုသဖြင့် စည်းမရှိကမ်းမရှိ မိမိစိတ်ထင်ရာ တီထွင်၍ရသည်ဟု မမှတ်ယူ သင့်ပါ။ အကြောင်းခြင်းရာတူ အမှုကိစ္စမျိုး၌ လာသော အလား တူ ကမ္မဝါစာကို နည်းမှီး၍ အလျော်ဖြစ်အောင်သာ တီထွင် ကောင်းပါသည်။ အထက်၌ ပြခဲ့သော ဒွန္ဒဥပသမ္ပဒကမ္မဝါစာ များသည် ပါဠိတော်၌ တိုက်ရိုက်မလာရှိဘဲ သဘောနီးစပ်ရာ တဇ္ဇနီယကမ္မပါဠိ၊ ဣဋ္ဌိဝတ္ထုဩလောကနာဒိပါဠိ၊ ဝိမတိဝိ နောဒနီ ဋီကာတို့ကို နည်းမှီး၍ အလျော်စီရင်ထားသော ကမ္မဝါ စာများ ဖြစ်ပါသည်။ ၎င်းပြင် မဟိန္ဒိက ဒေဝ ရက္ခသမ္မုတိ ကမ္မဝါ စာနှင့် ဂိရိမာနန္ဒသုတ္တ ဘာသနသမ္မုတိကမ္မဝါစာ တို့သည်လည်း ပါဠိတော်လာ သမ္မုတိ ကမ္မဝါစာများကို နည်းမှီး၍ စီရင် ထားခြင်း ဖြစ်ပြီး အနန္တရာယိက ပဗ္ဗာဇနီယကမ္မဝါစာသည် ရှုဠဝါပါဠိ

တော်လာ ပဗ္ဗာဇနိယ ကမ္မဝါစာကို နည်းမှီး၍ အလျော်စီရင်ထား သော ကမ္မဝါစာ ဖြစ်ပါသည်။ သို့ရာတွင် လယ်တီ ဆရာတော်၏ မှီးကမ္မဝါစာကိုကား အလားတူမည်သည့် ကမ္မ ဝါစာ ကို နည်းမှီး၍ ဖြစ်ပေါ်လာသည်ဟု ကျွန်ုပ်တို့ ဖော်ပြနိုင်စွမ်း မရှိပါ။

## ဉတ်သည် ကမ္မဝါစာ မည်သလော

ဤခေါင်းစဉ် မေးခွန်းကို ဖြေနိုင်ရန်အတွက် ကမ္မဝါစာကို သရုပ်ခွဲ၍ ပြရပေလိမ့်မည်။ ဉတ္တိဒုတိယကမ္မဝါစာနှင့် ဉတ္တိစတုတ္ထကမ္မဝါစာတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်လိုက်သော် ဉတ်၊ အနုဿာဝနနှင့် ကမ္မနိဋ္ဌာန ဟူသော အပိုင်းသုံးပိုင်းကို တွေ့ရပါမည်။

ထိုတွင် "သုဏာတုမေ ဘန္တေ သံဃော" ဖြင့် စ၍ "ဧသာ ဉတ္တိ" တွင် ဆုံးသောစကားစုကို ဉတ်ဟုခေါ်ပါသည်။ ဉတ် ဟူသည့် သံဃာကို အသိပေးသော စကားဖြစ်သည်။ ယင်း ဉတ်စကားကို ကမ္မဝါစာ၏ နိဒါန်း (Introduction) ဟုဆိုနိုင် ပါသည်။

"သုဏာတုမေ ဘန္တေ သံဃော" ဖြင့် ပင်စ၍ "သောဘာ သေယျ" တွင် ဆုံးသော စကားစုကို အနုဿာဝန ဟုခေါ်ပါသည်။ အနုဿာဝန ဟူသည် သံဃာကို လိုရင်းကိစ္စ ကြားလျှောက်သော စကား ဖြစ်သည်။ ယင်းအနုဿာဝနကို ကမ္မဝါစာ၏ စာကိုယ် (Body of Kammawasa) ဟု ခေါ်နိုင်ပါသည်။

အမှုကိစ္စအားလျော်စွာ စ၍ "ဓေ၀မေတံဓာရယာမိ" တွင် ဆုံးသော စကားစုကို "ကမ္မနိဋ္ဌာန" ဟုခေါ်ပါသည်။ ယင်းကမ္မနိ ဋ္ဌာနကို ကမ္မဝါစာ၏ နိဂုံးပိုင်း (Conclusion) ဟု ခေါ်နိုင်ပါသည်။

ထိုသုံးပိုင်းတွင် ပရိဝါအဋ္ဌကထာ အလိုအားဖြင့် အနုဿာဝန ကိုသာ ကမ္မဝါစာ ခေါ်ပါသည်။ ဉတ်ကို ကမ္မဝါစာ ဟု မခေါ်ပါ။ အဘယ်သဒ္ဒါရိပ်ကို ထောက်၍ သိရသနည်းဆိုသော် ဉတ္တိ ဒုတိယ ကံအဖွင့်၌ "ဧကာယ ဉတ္တိယာ ဧကာယစ အနုဿာဝနာယ" ဟု ဉတ်နှင့် အနုဿာဝနကို ဒွန်ဝါကျဖြင့် ခွဲခြား ဖွင့်ဆိုထားသော သဒ္ဒါရိပ်ကို ထောက်သဖြင့်လည်းကောင်း၊ တစ်ဖန် ဉတ္တိစတုတ္ထ ကံအဖွင့်၌ "ဉတ္တိဋ္ဌ တိဿောစ ကမ္မဝါစာယော" ဟု အနုဿာဝန နှင့် ကမ္မဝါစာကို ပရိယာယ်အဖြစ် အလဲအလှယ် ဖွင့်ဆိုထားသော သဒ္ဒါရိပ်ကို ထောက်သဖြင့် လည်းကောင်း သိရပါသည်။ အချုပ် အားဖြင့် ကမ္မဝါစာဟူသည် အနုဿာဝနကိုသာ ခေါ်ခြင်း ဖြစ်ပါ သည်။ ကမ္မဝါစာ၏ စာကိုယ် (Body)ကိုသာ ခေါ်လိုခြင်း ဖြစ်ပါ သည်။

## ကျမ်းကိုးပါဠိ

"ဉတ္တိဒုတိယကမ္မံနာမ ဝုတ္တာနယေနေဝ သမဂ္ဂဿ သံဃ ဿ အနုမတိယာ ဧကာယဉတ္တိယာ ဧကာယစ အနုဿာဝနာယာတိ ဧဝံ ဉတ္တိ ဒုတိယာယ အနုဿာဝနာယ ကတ္တဗ္ဗံ ကမ္မံ။

ဉတ္တိ စတုတ္ထ ကမ္မံ ဉတ္တိဋ္ဌ တိဿောစ ကမ္မဝါစာယော သာဝေ တွာဝကာတဗ္ဗံ။ "

(ပရိဝါရအဋ္ဌကထာ၊ ကမ္မဝဂ္ဂဝဏ္ဏနာ၊ စာ - ၂၄၃ - ၂၄၆)

ဤကမ္မဝါစာတို့၏ သဘောသဘာဝကို ပို၍ ရှင်းလင်းစွာ သိရှိ နိုင်ရန်နှင့် စည်းကမ်းကျနသော ဒီမိုကရေစီ ပီပြင်သော အစည်းအဝေးစကား ဖြစ်ကြောင်းကို သိရှိနိုင်ရန် ကထိန်သင်္ကန်း ပေးသော ကထိန စီဝရဒါန ကမ္မဝါစာတစ်ပုဒ်ကို ပါဠိသရုပ်နှင့် အဓိပ္ပာယ်ပါ ထုတ်ပြပါမည်။

သုဏာတု မေ ဘန္တေ သံဃော ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ။ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ဣမံ ကထိန စီဝရံ တိဿဿ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ၊ ဧသာဉတ္တိ။

ယင်းဉတ်စကား၏ အဓိပ္ပာယ်မှာ "အရှင်ဘုရားတို့၊ သံဃာ တော်သည် တပည့်တော်၏ စကားကို နားဆင်တော်မူပါ။ ဤကထိန်သင်္ကန်းသည် သံဃာ့အဖို့ ဖြစ်ပေါ်ခဲ့ပါပြီ။ လျောက် ပတ်သော အခါကာလရှိခဲ့သော် သံဃာသည် ဤကထိန် လျာသင်္ကန်း ကို ကထိန်ခင်းခြင်းငှာ တိဿအမည် ရှိသော ရဟန်းအား ပေးရာ၏။ ဤကား သံဃာအား ပဏာမ အသိပေး ခြင်းတည်း။"

သုဏာတု မေ ဘန္တေ သံဃော။ ဣဒံ သံဃဿ ကာထိန စီဝရံ ဥပန္နံ။ သံဃော ဣမံ ကထိနစီဝရံ တိဿဿ ဘိက္ခုနော ဒေတိ ကထိန အတ္ထရိတုံ။ ယဿာယသ္မတော ခမတိ ဣမဿ ကထိန စီဝရဿ တိဿဿ ဘိက္ခုနော ဒါနံ ကထိနံ အတ္ထရိတုံ။ သောတု ဏှာဿ၊ ယဿ နက္ခမတိ သော ဘာသေယျ။

ယင်းအနုဿာဝနပါဠိ၏ အဓိပ္ပာယ်မှာ "အရှင်ဘုရားတို့ သံဃာတော်သည် နားဆင်တော်မူပါ။ ဤ ကထိန်သင်္ကန်းသည် သံဃာအတွက် ဖြစ်ပေါ်ခဲ့ပါပြီ။ သံဃာတော်သည် ဤ ကထိန်လျာ သင်္ကန်းကို ကထိန်ခင်းခြင်းငှာ တိဿအမည်ရှိ သော ရဟန်းအား ပေး၏။ ဤသို့ ပေးခြင်းကို သဘောတူလျှင် ဆိတ်ဆိတ်နေတော်မူပါ။ သဘောမတူလျှင် မတူကြောင်း ဖွင့်ဟ ပြောဆိုပါဘုရား။"

ဒိန္နံ ဣဒံ သံဃေန ကထိနစီဝရံ တိဿဿ ဘိက္ခုနော ကထိနံ အတ္ထရိတုံ။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

"သံဃာသည် ဤ ကထိန်သင်္ကန်းကို ကထိန်ခင်းခြင်းငှာ တိဿအမည်ရှိသော ရဟန်းအား ပေးပြီးပါပြီ။ ဆိတ်ဆိတ်နေခြင်းကို ထောက်သဖြင့် သံဃာက သဘောတူသည်ဟု မှတ်ယူပါသည် ဘုရား။"

မြန်မာဘာသာ၌ မလှုပ်စိတ်တူ ဟူသော ဆိုရိုးစကားသည် "ခမတိ သံဃဿ၊ တသ္မာတုဏှီ ဧဝမေတံ ဓာရယာမိ" ဟူသော ဤဝိနည်းစကားကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်ဟု ယူဆရပါသည်။

ဤကမ္ဘဝါစာ၏ အလားကို ထောက်ရှု၍ သံဃာ၏ သံဃာ့အမှုကိစ္စကို ဆောင်ရွက်ခြင်းသည် လွန်စွာ ဒီမိုကရေစီကျင့်ဝတ်နှင့် ညီညွတ်ကြောင်း၊ လွန်စွာ ရိုးသားပွင့်လင်းကြောင်း၊ လွန်စွာ စည်းစနစ်ကျနသော အစည်းအဝေးစကား ဖြစ်ကြောင်းများကို ထင်ရှားစွာ သိရှိနိုင်ပေသည်။

အထက်ဝေါဟာရ ရှင်းလင်းချက်အခန်း၌ သံဃာ့ကံ သံဃာ့အမှုကိစ္စ တို့၌ ရွတ်ဆိုရသော စကားဖြစ်သောကြောင့် ကမ္ဘဝါစာမည်ကြောင်း ပြဆိုခဲ့ပါသည်။ ဤသို့ ဖြစ်လျှင် ဥတ်သည်လည်း သံဃာ့ကံ သံဃာ့အမှုကိစ္စတို့၌ ရွတ်ဆိုရသော စကားဖြစ်သောကြောင့် ကမ္ဘဝါစာ မည်သည်ဟု ဆိုရာရောက်ပါသည်။ ဤအခန်း၌မူ ပရိဝါအဋ္ဌကထာကို ကိုးကား၍ ဥတ်သည် ကမ္ဘဝါစာ မမည်ကြောင်း ပြဆိုထားပြန်ရာ စကားနှစ်ရပ် ဆန့်ကျင်သကဲ့သို့ ဖြစ်နေပါသည်။

မဆန့်ကျင်အောင် ညှိရသော် ရဟန်းလောင်းအား သံဃာ့ဘောင်သို့ သွင်းသော ဉတ်ိသာရဏဥတ်၊ ရဟန်းလောင်းအားဆုံးမရန်ထားသော အနုသာသန သမ္မုတိ ဥတ်စသော ဥတ်စကားများ

ကို ယခုကာလ သီးခြား ရိုက်နှိပ်သော ကမ္မဝါစာစာအုပ်များ၌ တွေ့ရှိနေရခြင်းကြောင့်လည်းကောင်း၊ ဩသာရဏ၊ သမ္မုတိ စသော ကံများသည်လည်း သံဃာ့ကံများပင် ဖြစ်သောကြောင့် လည်းကောင်း ပထမအဆိုကို မှားသည်ဟု မဆိုသာပါ။ အရပ် စကားအနေဖြင့် မှန်သည်ဟုပင် ဆိုနိုင်ပါသည်။

ဒုတိယအဆိုမှာမူ ပရဝါအဋ္ဌကထာက ဖွင့်ဆိုထားချက်ဖြစ် သဖြင့် စာစကားအနေဖြင့် ပို၍မှန်ကန်သည်ဟု ဆိုရမည် ဖြစ်ပါ သည်။ ထပ်ဆင့်ရှင်းရသော် ဥတ်သည် ကမ္မဝါစာ၏ နိဒါန်း သဘောမျိုးသာ ဖြစ်၍ အဋ္ဌကထာဆရာက ကမ္မဝါစာ၏ စာကိုယ်ဖြစ်သော အနုသာဝနကိုသာ ကမ္မဝါစာဟု ဆိုလိုခြင်း ဖြစ်ပါသည်။

## ကမ္မဝါစာ၏ ကျေးဇူးနှင့် အာနိသင်

ကမ္မဝါစာနှင့် ပတ်သက်၍ အရေးကြီးသော အချက်များကို ငုံမိအောင် အကျဉ်းအားဖြင့် တင်ပြပြီးစီးပြီဖြစ်၍ ယခုအခါ ကမ္မဝါစာ၏ ကျေးဇူးအာနိသင်ကြီးမားမှုကို တင်ပြလိုပါသည်။

"ဝိနယော နာမ သာသနဿ အာယု" "ဝိနယော နာမ သာသန ဿ အာယု" ဟူသော အဋ္ဌကထာ ပရိဘာသာနှင့် အညီ ဝိနည်း တည်မှ သာသနာ တည်ပါသည်။ ထို့ကြောင့်ဝိနည်းသည်သာသနာ၏ အသက် ဖြစ်ပါသည်။ ကျွန်ုပ်တို့က ထပ်ဆင့်၍ ဆိုချင်သည်မှာ "ကမ္မဝါစာသည် ဝိနည်း၏ နှလုံးသည်းပွတ်" ဟူ၍ပင် ဖြစ်ပါ သည်။ ရှင်းပါဦးအံ့။

ဤ ကမ္မဝါစာဖြင့် ဥပသမ္ပဒကံကို ပြုပါမှ သာသနာပရသေ့ ယောဂီတပဿီတို့ထက် သာလွန်မြင့်မြတ်သော ရဟန်း

အဖြစ်ကို ရနိုင်ပေသည်။ ရဟန်းတော်များ ရှိပါမှ အမြတ်ဆုံး ရတနာသုံးပါးတွင် သံဃာရတနာကို ရရှိဆည်းကပ်နိုင်ပေမည်။ သံဃာရတနာကို ဆည်းကပ်နိုင်မှ မျက်မှောက်တမလွန် နှစ်တန်သော အကျိုးထူးများကို ပေးစွမ်းနိုင်သော တရားဒေသနာများကို ကြားနာသိရှိရပေမည်။ တရားမှန်ကို ကြားနာသိရှိမှသာလျှင် အကျင့်မှန် ကို ကျင့်ဆောင်နိုင်ကြပေမည်။ အကျင့်မှန်ကို ကျင့်ကြံ အားထုတ်နိုင်မှသာလျှင် လောက သံသရာနှစ်ဖြာသော အကျိုး တရားများကို ရရှိခံစား နိုင်ကြပေမည် ဖြစ်ပေသည်။ ထို့ကြောင့် ကမ္မဝါစာသည် ဝိနည်း၏ နှလုံးသည်းပွတ် သဖွယ် ဖြစ်ပါသည်။ ဤသို့လျှင် ကမ္မဝါစာသည် ပစ္စက္ခ အကျိုး၊ တမလွန်အကျိုးနှင့် တမလွန်ကင်းသော အမြတ်ဆုံး သန္တိသုခ အမတဓာတ် တိုင်အောင်သော အကျိုးတရားများကို ပေးစွမ်းနိုင်သဖြင့် ကမ္မဝါစာ၏ ကျေးဇူးတရားသည် အတိုင်းမသိကြီးမားလှသည်ဟု ဆိုရမည် ဖြစ်ပါသတည်း။

ကမ္မဝါစာ၏ အကြောင်းအရာပိုင်းကို ပြည့်စုံအောင် ရေးသားမည်ဆိုလျှင် ကျမ်းကြီး တစ်စောင်တစ်ဖွဲ့ ဖြစ်အောင် ရေးသားမှသာလျှင် ပြည့်စုံနိုင်ပေလိမ့်မည်။ ကမ္မဝါစာသည် ပိဋကတ်ဝိနည်း တရားနှင့် ဆိုင်သဖြင့် လွန်စွာလေးနက် ကျယ်ဝန်းလှပါသည်။ သိမ်မွေ့လှပါသည်။ ဤကျမ်းငယ်၌ကား ဝိနည်းကျမ်းစာနှင့် မရင်းနှီးသော လူပုဂ္ဂိုလ်များ အနည်းငယ်ရိပ်စားမိရုံမျှကိုသာ ရည်ရွယ်၍ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကမ္မဝါ၏ အကြောင်းအရာပိုင်းသို့မဟုတ် အကြောင်းအရာ ပိုင်း ကမ္မဝါအခန်းကို ဤမျှဖြင့် ကျေနပ်ကြစေချင်ပါသည်။

# ၂။ ရုပ်ဝတ္ထုပိုင်း ကမ္ဗဝါ

ကမ္ဗဝါသည် အကြောင်းအရာအားဖြင့် ကမ္ဗဝါအမျိုးမျိုး ရှိသကဲ့သို့ ပြုလုပ်သော ရုပ်ဝတ္ထု ပစ္စည်းအားဖြင့်လည်း ကမ္ဗဝါ အမျိုးအစားကွဲပြားမှုများ ရှိပါသည်။

ရုပ်ဝတ္ထုအားဖြင့် ကွဲပြားသော ကမ္ဗဝါအမျိုးအစားများမှာ –

၁။ ပေ ကမ္ဗဝါ

၂။ ပေသရိုးကိုင် ကမ္ဗဝါ

၃။ ဝတ်လဲ ကမ္ဗဝါ

၄။ ကြေးကမ္ဗဝါ

၅။ ဆင်စွယ် ကမ္ဗဝါ

၆။ သတ္တုကမ္ဗဝါ

ဟူ၍ ခြောက်မျိုးခန့် ရှိသည်။

ပေ ကမ္ဗဝါဆိုသည်မှာ ပေရွက်ပေါ်၌ ကညစ်ဖြင့် ရေးထားသော ကမ္ဗဝါ ဖြစ်သည်။ စာလုံးမှာ ယခုခေတ်အများရေးသား နေကြသော စာလုံးအဝိုင်းပင် ဖြစ်သည်။ ဖြက် သုံးလက်မခွဲခန့် ရှိသော ပေရွက်ပေါ်တွင် စာလုံးခန့်ခန့်ကြီးကြီးဖြင့် ရေးလေ့ရှိပေသည်။

ပေသရိုးကိုင် ကမ္ဗဝါဆိုသည်မှာ ပေရွက်ကို သရိုးကိုင်၍ ယင်းသရိုးအပေါ်မှ သစ်စေးဖြင့် ရေးသော ကမ္ဗဝါ ဖြစ်သည်။ စာလုံးမှာ မန်ကျည်းစေ့ စာလုံးကိုသာ အရေးများပါသည်။ ဤသရိုးကိုင်သော ပေရွက်မှာလည်း ဖြက်သုံးလက်မခွဲခန့် ရှိသော ပေရွက်အကြီးစားများကို ပြုလုပ်လေ့ ရှိပါသည်။

ဝတ်လဲကမ္ဗဝါ ဆိုသည်မှာ အထဲမှ အဝတ်စကို ခံ၍ ယင်းအပေါ်မှ သရိုးကိုင်ပြီးလျှင် သစ်စေးဖြင့်ပင်ရေးသော ကမ္ဗဝါဖြစ်သည်။ စာလုံးမှာ စာလုံးအဝိုင်းရော မန်ကျည်းစေ့စာလုံးပါနှစ်မျိုးရေးလေ့ ရှိသည်။ ဖြက်ငါးလက်မမှ ခြောက်လက်မအထိ ရှိတတ်သည်။

ကြေးကမ္ဗဝါဆိုသည်မှာ အထဲမှ ကြေးပြားခံ၍ ယင်း ကြေးပြားပေါ်မှ သရိုးကိုင်ပြီးလျှင် သစ်စေးဖြင့်ပင်ရေးသော ကမ္ဗဝါ ဖြစ်သည်။ စာလုံးမှာ မန်ကျည်းစေ့စာလုံးကိုသာ ရေးသားလေ့ ရှိသည်။ ကြေးကမ္ဗဝါ၏ ဖြက်မှာ လေးလက်မခွဲခန့် ရှိတတ်သည်။

ဆင်စွယ်ကမ္ဗဝါ ဆိုသည်မှာ ဆင်စွယ်ကိုပါးလွှာသော အချပ်ကလေးများရအောင်လွှာ၍ ယင်းဆင်စွယ်လွှာပေါ်တွင် သရိုးမကိုင်တော့ဘဲ သစ်စေးဖြင့်ရေးသော ကမ္ဗဝါ ဖြစ်သည်။ စာလုံးမှာ မန်ကျည်းစေ့စာလုံးကိုသာ ရေးသားလေ့ရှိသည်။ ဆင်စွယ်ကမ္ဗဝါသည် ဖြက်သုံးလက်မခွဲခန့် ရှိတတ်သည်။

သင်္ကန်းကမ္ဗဝါဆိုသည်မှာ အလူမိနိယံ ဒန်သတ္တုပြားကို သရိုးကိုင်ပြီးလျှင် ယင်းအပေါ်မှ သစ်စေးဖြင့် ပင် ရေးသော ကမ္ဗဝါမျိုး ဖြစ်သည်။ စာလုံးမှာ အဝိုင်းရော လေးထောင့်ပါ နှစ်မျိုးလုံး ရေးပါသည်။ အရွယ်အစားမှာ ကြေးကမ္ဗဝါ အရွယ်အစားပင် ဖြစ်သည်။ ဤသတ္တုကမ္ဗဝါပေါ်သည်မှာ ငါးနှစ်ခန့်မျှသာ ရှိသေးသည်။ ယခုခေတ်တွင်မူ ပုံနှိပ်ကမ္ဗဝါဟူ၍ စက္ကူကမ္ဗဝါများလည်း ရှိနေကြပါသည်။ သို့ရာတွင် ယင်းပုံနှိပ်ကမ္ဗဝါတို့မှာ ရှေးမြန်မာတို့၏ ဂုဏ်ယူမြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ်ဟု မဆိုနိုင်သဖြင့် ဤရုပ်ဝတ္ထုကမ္ဗဝါ စာရင်း၌ မထည့်သွင်းလိုက်တော့ပါ။

၎င်းကမ္ဗဝါတို့၏ အရွယ်အစားမှာ အနည်းနှင့် အများကွာခြားမှုရှိကြသော်လည်း ယေဘုယျအားဖြင့် ယခုတွေ့နေရသော ပုရပိုက် အရွယ်အစားမျိုး ဖြစ်သည်။ ပျမ်းမျှအားဖြင့် အလျား ၂၀ လက်မ၊ ဖြက် ငါးလက်မခန့်ရှိတတ်ကြပေသည်။ ဤ ကမ္ဗဝါများတွင် သရိုးကိုင်သော ကမ္ဗဝါဟူသမျှ၌ စာမရေးမီ အပေါ်မှ ဆေးဒန်းဖြင့် ကနုတ်ပန်းများ အပြောက်အမွမ်းများ ရေးခြယ်ရွှေချပြီးမှ စာရေးလေ့ ရှိသည်။

အချို့သော သရိုးကိုင် ကမ္ဗဝါများကိုမူ ရွှေမချဘဲ ငွေမင်ဖြင့် သုတ်လိမ်းပြီး စာရေးတတ်ကြသည်။ နောက်တစ်နည်းမှာ ရွှေကို မျက်ပါးခတ်သကဲ့သို့ ငွေကို မျက်ပါးခတ်ပြီး ယင်းငွေမျက်ပါးချကာ စာရေးသည်လည်း ရှိသည်။ ဤ သရိုးကိုင် ကမ္ဗဝါများတွင် ပေ သရိုးကိုင် ကမ္ဗဝါသည် ကိုင်တွယ်ရာ၌ အပေါ့ဆုံး ဖြစ်၍ ကြေး ကမ္ဗဝါသည် အလေးဆုံး ဖြစ်ပါသည်။

## ဝတ်လဲကမ္ဗဝါ ပြုလုပ်ပုံ

အထက်၌ ပြခဲ့သော ရုပ်ဝတ္ထုအားဖြင့် ကွဲပြားသည့် ကမ္ဗဝါ ခြောက်မျိုးတွင် ပေ ကမ္ဗဝါ၊ ပေသရိုးကိုင် ကမ္ဗဝါ၊ ကြေးကမ္ဗဝါ နှင့် ဆင်စွယ်ကမ္ဗဝါ ဟူသော ကမ္ဗဝါလေးမျိုး လုပ်ကိုင်မှုမှာ ယခု အခါ မရှိတော့သလောက် လွန်စွာနည်းပါးသွားပေပြီ။ ယခု ခေတ် အများဆုံး ပြုလုပ်နေကြသော ကမ္ဗဝါမှာ ဝတ်လဲ ကမ္ဗဝါ သာ ဖြစ်သည်။ ဝတ်လဲကမ္ဗဝါမှာ ကြေးကမ္ဗဝါ၊ ဆင်စွယ် ကမ္ဗဝါ တို့နှင့် စာလျှင် ငွေကုန်ကြေးကျ မများလှသဖြင့် အများဝယ်ယူ လှူဒါန်းနိုင်သော အဆင့်တွင် ရှိခြင်းနှင့် စာညှင်းစာလုံး မန်ကျည်း စေ့စာလုံးနှစ်မျိုးကို ရေးနိုင်ခြင်းတို့ကြောင့် ယခုထက်တိုင် ဝတ်လဲ ကမ္ဗဝါကို တွင်ကျယ်စွာ လုပ်ကိုင်နေရဆဲ ဖြစ်သည်။

ထိုကြောင့် ယခုခေတ် တွင်ကျယ်နေသော ဝတ်လဲကမ္မဝါ ပြုလုပ်ပုံ အဆင့်ဆင့်ကို တင်ပြပါမည်။

ဝတ်လဲကမ္မဝါဟူသည် အဝတ်စကို အထဲမှခံ၍ အပေါ်မှ သရိုးကြဲကာ ပြုလုပ်သော ကမ္မဝါ ဖြစ်သည်။ ရှေးမြန်မာဘုရင်များခေတ်က ဘုရင်များကိုယ်တိုင် မိမိတို့ ဝတ်လဲတော် အထည်များကို ကမ္မဝါ ပြုလုပ်၍ လှူဒါန်းလေ့ ရှိကြသည်။ မန္တလေးမြို့မှ ကမ္မဝါထောင်ဆရာ ဦးတင်မောင်၏ အဘိုးအဘွားများ ဖြစ်သော ဦးအုန်းဖူး ဒေါ်ဆင့်တို့သည် သီပေါဘုရင်လက်ထက်က မန္တလေးနန်းတော်တွင်းသို့ သွား၍ ဘုရင့်ဝတ်လဲတော်များကို ကမ္မဝါလုပ်ပေးရကြောင်း သိရပါသည်။ ထိုသို့ ဘုရင့်ဝတ်လဲတော်များဖြင့် ပြုလုပ်သော ကမ္မဝါကို "ဝတ်လဲတော် ကမ္မဝါ" ဟူ၍ ခေါ်ကြပါသည်။ သာမန် ဆင်းရဲသား ကျွန်တော်မျိုးများက ပြုလုပ် လှူဒါန်းသော အဝတ်ကမ္မဝါကိုမူ 'တော်' စာစ်လုံးဖြုတ်၍ ဝတ်လဲ ကမ္မဝါ ဟုသာ ခေါ်ကြပါသည်။

ယင်းဝတ်လဲ ကမ္မဝါ ပြုလုပ်ပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။ ရှေးဦးစွာ ကမ္မဝါ ပြုလုပ်မည့် အဝတ်စကို ဝတ်လဲ ကမ္မဝါ လုပ်ရန် သီးသန့် ပြုလုပ်ထားသော ကားဘောင်တွင် ကြက်ရပါသည်။ ကားဘောင်၏ အရွယ်အစားမှာ မိမိပြုလုပ်လိုသော ကမ္မဝါ အရွယ်အစားထက် အလျားအနံ အနည်းငယ် ကြီးထား ရပါသည်။ ကမ္မဝါ၏ အရွယ်အစားများမှာ -

အလျား ၂၀ လက်မမှ ၂၄ လက်မ အထိနှင့် အနံ လေးလက်မမှ ခြောက်လက်မခန့် အထိ အမျိုးမျိုး ရှိတတ်ပါသည်။

ယင်းသို့ အဝတ်စဖြင့် ကားဘောင်ကြက်ပြီးသော အခါ ကားဘောင်ပေါ်တွင် သရိုးတင်၍ လက်ဖြင့် အထူအပါးညီအောင်

မံရပါသည်။ ဤသို့ သရိုးနှစ်ကြိမ် တင်ရပါသည်။ ဤသရိုးသည် လည်း သရိုးအပျော့စား ဖြစ်ရပါသည်။ သရိုးအပျော့စားရရန် သစ်စေးတစ်ပိဿာကို စပါးခွံ ဖွဲပြာ ၂၅ သားနှင့် ရောစပ် ရပါသည်။

ဤနေရာ၌ သရိုး၏ အဓိပ္ပာယ်ကို ရှင်းဖို့လိုမည်ထင်ပါသည်။ သရိုးကို အများအားဖြင့် သားရိုးဟု စာလုံးပေါင်း၍ သားကောင် တို့၏ အရိုးဟု ယူကာ ယင်းသားရိုးလူရိုးတို့၏ ပြာကို သားရိုးပြာ ဟု ယူမှတ် သုံးစွဲနေကြသည်ကို တွေ့ရပါသည်။

မြန်မာအဘိဓာန် အကျဉ်းချုပ်၊ အတွဲ ၄ တွင် "သရိုး – သစ်စေးနှင့် လွှစာမှုန့်၊ မီးသွေးမှုန့်၊ ပြာ စသည်ကို ရောစပ် ပြုလုပ်ထားသောအရာ။" ဟု ဖွင့်ဆိုထားပါသည်။

တစ်ဖန် မြန်မာစာအဖွဲ့က ထုတ်ဝေသော MYANMAR ENGLISH DICTIONARY တွင်လည်းသရိုး / Thajou: / n mixture of wood - oil, saw dust, powdered charcoal and fine ash used in the making of lacquer ware and gilded glass mosaic. ဟု ဖွင့်ဆိုထားပါသည်။ သို့ကွဲလွဲနေရာတွင် သတ်ပုံရော အဓိပ္ပာယ် ပါ ယင်း အဘိဓာန်များ အတိုင်းသာ အမှန်ဟု မှတ်ယူသင့်ပါသည်။

ဝတ်လဲကမ္မဝါ ပြုလုပ်ပုံကို ဆက်ပါမည်။ ဤသို့ အဝတ် ကားဘောင်ပေါ်တွင် သရိုးနှစ်ကြိမ် တင်ပြီးလျှင် တစ်ဆက်တည်း စပါးခွံ ဖွဲပြာထပ်တင်ရသည်။ ၁၅ ရက်ခန့် ကြာမှ သရိုး အိပ်သည်။ သရိုးအိပ်မှ လိုရာအရွယ်အစားရအောင် ဖြတ်ယူရသည်။

ဖြတ်ပြီးလျှင် ဒုတိယအကြိမ်သစ်စေးထပ်ရသည်၊ သစ်စေး ထပ်ဆိုသည်မှာ သစ်စေးသုတ်ခြင်းပင်ဖြစ်သည်။ သစ်စေးထပ်ပြီး တစ်ဆက်တည်း ပြာတင်ရပြန်သည်။ ပြာတင်သည် ဆိုသည် မှာ ပြာဖြူးခြင်းပင် ဖြစ်သည်။ ပြာတင်ပြီးလျှင် နေရိပ်ထဲမှ လေ

သလပ်ခံ၍ ခြောက်အောင်ထားရသည်။ ၁၅ ရက်ခန့် ကြာမှ သစ်စေးအိပ်သည်။ သစ်စေးအိပ်မှ ကျောက်စားရသည်။ ကျောက်တိုက်သည် ကျောက်ရှပ်သည် ဟုလည်းခေါ်သည်။ ကျောက်စားပြီး ကမ္ဗဝါချပ်များကို ညီညာစွာ ထပ်ပြီးလျှင် လေးလံသော ကျောက်တုံးဖြင့် ခုနစ်ရက်ခန့် ဖိထားရသည်။ ၎င်းကို ကျောက်ဖိသည်ဟု ခေါ်သည်။

တတိယအကြိမ်၌လည်း အလားတူ သစ်စေးထပ်၊ ပြာတင်၊ ကျောက်စား၊ နေလှန်း၊ ကျောက်ဖိခြင်းတို့ကို အစဉ်အတိုင်း လုပ်ရသည်။

စတုတ္ထအကြိမ်၌မူ သစ်စေးထပ်၊ ပြာတင်၊ ကျောက်စားပြီး သုံးရက်ခန့် တိုက်သွင်းရသည်။ တိုက်သွင်း ဆိုသည်မှာ မြေထဲတွင် ခြောက်ပေပတ်လည်ခန့် လေးထောင့်ကျင်းကို ခြောက်ပေခန့် အနက်တူးပြီး လူဝင်ပေါက်ကို ချန်ကာ နံရံလေးဘက်ကို အုတ်စီ၍ သရွတ်မံထားသော မြေတိုက်ထဲသို့ သွင်းထားခြင်းကို ဆိုလိုသည်။ ယင်းမြေတိုက်ထဲတွင် တန်းများ စင်များ အဆင့်ဆင့် ခံပြီးမှ ကမ္ဗဝါချပ်များ တင်ရသည်။ တိုက်သွင်းပြီးလျှင် အပေါ်မှ အဖုံးရှင်နှင့် လူဝင်ပေါက်ကို ပိတ်ကာ လေလုံအောင် ထားရသည်။ ယင်းသို့ တိုက်သွင်းခြင်းမှာ သစ်စေးအိပ်ရန်နှင့် အရောင်တောက်စေရန် ဖြစ်သည်။

၎င်းနောက် ကမ္ဗဝါပြားများကို တိုက်မှ ဖော်၍ သစ်စေးထပ်၊ ပြာတင်၊ ကျောက်စား၊ နေလှန်း၊ ကျောက်ဖိခြင်းတို့ကို ထပ်မံ လုပ်ရပြန်သည်။ ဤကား ပဉ္စမအကြိမ်တည်း။

ဆဋ္ဌမအကြိမ်၌မူ သစ်စေးထပ်ပြီး ပြာမတင်တော့ဘဲ တိုက်သွင်းရသည်။ သုံးရက်ခန့်ကြာမှ တိုက်ဖော်၍ နေလှန်းကာ ဖွဲနု

စားရသည်။ ဖွဲနုစားသည်ကို ဖွဲချောသည်ဟု ခေါ်သည်။ ယခု ကာလ၌ ဖွဲနုအစား ကော်ပတ်အနုဖြင့်လည်း စားကြသည်။ ဖွဲချောပြီး ကျောက်ဖိရပြန်သည်။

နောက်ဆုံး သတ္တမအဆင့်တွင် ရွှေရည်ခံ သစ်စေး အကောင်းစား ၁၀ ကျပ်သားကို ဟသ်ပဒါး သုံးကျပ်သား အချိုးဖြင့် ရောစပ်ပြီး သုတ်ရသည်။ ယင်းကို ပေနီသုတ်သည်ဟု ခေါ်သည်။ ဤသို့ ဟသ်ပဒါးဖြင့် ပေနီသုတ်ထားသဖြင့်သာ ယခု ကာလ အကိုင်များသော ကမ္ဗဝါများ၌ ရွှေရောင် မှိန်သွားသော အခါ အောက်ခံ အနီရောင်များ ပေါ်လာခြင်း ဖြစ်သည်။

ထိုနောက် ငါးရက်ခန့် တိုက်သွင်းရသည်။ တိုက်မှ ဖော်လျှင် နှစ်ရက်ခန့် နေလှန်းပြီး အမြဲတမ်း ကျောက်ဖိထားရသည်။ ရေးလိုသောအခါမှ ယူ၍ ရေးရုံသာ ရှိတော့သည်။ ဤ သတ္တမ အဆင့်ပြီးဆုံးမှသာ ကမ္ဗဝါစာရေးရန် အချောထည်လုပ်ငန်း ပြီးစီးတော့သည်။

အလားတူ သရိုးကိုင်ရသော ပေသရိုးကိုင်ကမ္ဗဝါ၊ ကြေးကမ္ဗဝါ၊ သတ္တုကမ္ဗဝါတို့ကို ပြုလုပ်ရာ၌လည်း ဤ ဝတ်လဲ ကမ္ဗဝါ လုပ်သကဲ့သို့ ဖော်ပြပါ အဆင့် ခုနစ်ဆင့်ကို ပြုလုပ်ရမြဲ ဖြစ်သည်။

ဤသရိုးကိုင် ကမ္ဗဝါများ ပြုလုပ်ရာ၌ ကမ္ဗဝါထောင် ဆရာ တစ်ဦးနှင့် တစ်ဦး လုပ်ကိုင်ပုံနည်းစနစ်ချင်း အနည်းငယ် ကွဲပြားမှုများ ရှိတတ်ကြပါသည်။ ယခု ပြဆိုခဲ့သော လုပ်ကိုင်ပုံစနစ်မှာ ယေဘုယျ အများညီသော နည်းစနစ်သာ ဖြစ်ပါသည်။

အထက်၌ သရိုးကို စပါးခွံဖွဲပြာဖြင့်သာ ယခုခေတ် လုပ်ကြကြောင်း ဆိုခဲ့သော်လည်း အပ်သော ပုဂ္ဂိုလ်များ ရှိခဲ့လျှင် လူအရိုးကို ပြာချထားသော အရိုးပြာဖြင့်လည်း လုပ်ကြပါသေးသည်။

ထိုအကြောင်းကို ရွှေတိဂုံစေတီတော် ပိဋကတ်တိုက်ရှိ အောက်ပါ ဝတ်လဲကမ္ဗလာတစ်ဆူ၏ ကျမ်းဖုံးပါ စကားဖြင့် သိရပါသည်။

"သက္ကရာဇ် ၁၂၁၇ ခုနှစ် ဝါခေါင်လဆုတ် ၈ ရက်နေ့တွင် ဘုန်းတော်ကြီး အရိုးပြာကို သားရိုးပြုလုပ်၍ သထုံမြို့အပိုင် သံပုရာပင် ဆိပ်ရွာနေ ကျောင်းဒါယကာ ဦးဘိုးဦး ဒေါ်နန်း သားသမီးတစ်စုတို့ လှူဒါန်း ကိုးကွယ်သော ၉ ခန်း ကမ္ဗလာ"

အခြားသော ကမ္ဗလာများ၌လည်း ဘုန်းတော်ကြီးအရိုးပြာကို သာမက ဘုန်းကြီးဘ ဘုန်းကြီးမယ်တော်နှင့် မိဘ ဘိုးဘွားတို့၏ အရိုးပြာဖြင့် ပြုလုပ်သော အကြောင်းများကို တွေ့ရှိရသဖြင့် မိမိတို့ လေးစားမြတ်နိုးသော ပုဂ္ဂိုလ်များ၏ အရိုးပြာဖြင့် ကမ္ဗလာ ပြုလုပ်လေ့ရှိကြောင်း သိနိုင်ပါသည်။

အရိုးပြာဆိုရာ၌လည်း ပြာစစ်စစ်မဟုတ်။ အလောင်းကို မီးသဂြိုဟ်ရာတွင် ကောက်ထားသော မီးကြွင်းအရိုးများကို အုန်းရည်ဖြင့် စိမ်ပြီးဆေးကြောကာ ထောင်းထားသော အရိုးမှုန့်များသာ ဖြစ်သည်။

ယင်းအရိုးပြာ အရိုးမှုန့်ဖြင့် ကမ္ဗလာလုပ်သည်ဆိုသည်မှာ ယင်းတို့ကို သစ်စေးဖြင့် နယ်၍ သရိုးလုပ်ခြင်း မဟုတ်ပေ။ လုပ်နေကြ စပါးခွံဖွဲပြာဖြင့် လုပ်သော သရိုးပေါ်တွင် အရိုးပြာ အရိုးမှုန့်ပါသည် ဆိုရရုံ ဖြူးပေးခြင်းမျှသာ ဖြစ်ပေသည်။ အရိုးပြာ ဖြူးခြင်းကိုလည်း လက်ဖြင့် ဖြူးခြင်းမဟုတ်ပါ။ ကြေးဆန်ခါ အစိပ် ကလေးထဲကို အရိုးမှုန့် အရိုးပြာကို ထည့်၍ အပေါ်မှ လှုပ်ခါချပေးခြင်း ဖြစ်သည်။

# ၃။ အရေးအသားပိုင်းကမ္ဗဝါ

ကမ္ဗဝါစာများ၌ စာရေးသားရာတွင် အက္ခရာစာလုံးပုံစံ နှစ်မျိုးကိုသာ အသုံးပြုလေ့ ရှိပါသည်။ စာလုံးနှစ်မျိုးမှာ စာညှင်း စာလုံးနှင့် မန်ကျည်းစေ့စာလုံးတို့ ဖြစ်ပါသည်။

ထိုနှစ်မျိုးတွင် စာညှင်းစာလုံးဆိုသည်မှာ ယခုခေတ် အများရေးသားနေကြသော စာလုံးဝိုင်းမျိုးပင်ဖြစ်သည်။ မန်ကျည်းစေ့စာလုံးဆိုသည်မှာ မန်ကျည်းစေ့နှင့် ပုံသဏ္ဍာန်တူ သော စာလုံးဖြစ်သည်။

မန်ကျည်းစေ့သည် လေးထောင့်ဆန်သည်။ သို့ရာတွင် လေးထောင့်စပ်စပ်လည်းမဟုတ်။ အလျားအနံ မတိမ်းမယိမ်းရှိ သော စတုဂံကွက်တွင် ထောင့်စွန်းလေးခုကို အနည်းငယ်ဖြေ ထားသော ပုံစံဖြစ်သည်။ အရွယ်အစားမှာ လက်သန်း၏ လက်သည်းခွံ နီးပါးရှိသည်။အရောင်မှာညိုမှောင်သောအရောင် ရှိသည်။ ထိုမန်ကျည်းစေ့နှင့် ပုံသဏ္ဍာန် အရွယ်အစားနှင့် အရောင်ပါတူညီသောကြောင့် မန်ကျည်းစေ့စာလုံး မန်ကျည်း စေ့အက္ခရာဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ထိုမန်ကျည်းစေ့ အက္ခရာစာလုံးဖြင့် ရေးသောကမ္ဗဝါစာကို မန်ကျည်းစေ့ ကမ္ဗဝါ ဟု ခေါ်ကြပါသည်။

**မန်ကျည်းစေ့ကမ္ဗဝါ သမိုင်းအစ**

ဤမန်ကျည်းစေ့အက္ခရာစာလုံးဖြင့်ရေးသော မန်ကျည်း စေ့ ကမ္ဗဝါကို မည်သည့်ခေတ်ကာလက မည်သည့်အကြောင်း ဖြင့် စတင်တီထွင်ခဲ့ကြပါသနည်း။ ဤကား မိမိသိလိုသဖြင့်

မိမိဘာသာမေးခွန်းထုတ်ကြည့်မိခြင်း ဖြစ်ပါသည်။ ဤမေးခွန်း၏အဖြေကို သိနိုင်ရန်အတွက် အကြားအမြင်များသော ထေရ်ကြီးဝါကြီးရဟန်းသံဃာတော်များနှင့် သက်ကြီးလူပုဂ္ဂိုလ်များကို ချဉ်းကပ်မေးမြန်း လျှောက်ထားကြည့်မိပါသည်။ ထိုသို့မေးမြန်းစုံစမ်းရာတွင်ဖြေဆိုသောပုဂ္ဂိုလ်အားလုံးကအင်းဝခေတ် ရှမ်းမင်းသိုဟန်ဘွားလက်ထက် စတင်ခဲ့သည်ဟု အစဉ်အလာကြားနာခဲ့ဖူးကြောင်း တညီတညွတ်တည်း ဖြေဆိုကြသည်ကို တွေ့ရပါသည်။

ထိုအဖြေသဲလွန်စဖြင့် ရာဇဝင်ကြီးများကို ရှာဖွေကြည့်ပြန်ရာ မှန်နန်းမဟာရာဇဝင်တော်ကြီး ဒုတိယအုပ်၌ "အင်းဝဘုရင်သိုဟန်ဘွားသည်။ ပ။ အရိယာသံဃာတို့ကိုသတ်ပြီးလျှင်ကျောင်းတွင်ရှိသော စာပေတို့ကိုယူ၍ မီးတိုက်လေ၏။ အရိယာသံဃာတို့ကိုသတ်လေသော သက္ကရာဇ်ကား ( ၉၀၁ ) ခုတွင်တည်း" ဟုသာတွေ့ရ၏။ မန်ကျည်းစေ့ကမ္ဘဝါ တီထွင်သောအကြောင်းမပါရှိပေ။ ဦးကုလားမဟာရာဇဝင်ကြီးနှင့် တွင်းသင်းမြန်မာရာဇဝင်သစ်တို့၌လည်း အလားတူသံဃာတော်များကိုသတ်ကြောင်းသာဆိုသည်။မန်ကျည်းစေ့ကမ္ဘဝါတီထွင်ကြောင်းအရိပ်အမြွက်မျှ မတွေ့ရပါ။


တောင်ပလူလယ်ပြင်၌ သံဃာတော်များကို သိုဟန်ဘွားသတ်သော သက္ကရာဇ်ကား ဦးကုလားမဟာရာဇဝင် ကြီးနှင့်မှန်နန်းမဟာရာဇဝင်တော်ကြီးတို့က ( ၉၀၁ ) ခုဟု တညီတညွတ်တည်း ဆိုကြ၏။ တွင်းသင်းမြန်မာရာဇဝင်သစ် ပထမအုပ် စာမျက်နှာ ၄၁၄ ၌ကား သက္ကရာဇ် ( ၈၉၇ ) ခုဟု ဇကဣရကောသသဒ္ဒါငယ်ကျမ်းကို ကိုးကား၍ဆို၏။ ဇကဣ ရကောသသဒ္ဒါငယ်ကျမ်း၌ ယင်းသို့သတ်သောနှစ်ကို သာသနာနှစ်

( ၂၀၇၉ ) ဟု ပြဆိုထားရာ ယင်းဂဏန်းတွင် " ဒွေအဌနှင့် ကေကော " နတ်က ( ၈၉၇ ) ရသဖြင့် တွင်းသင်းအဆိုနှင့် ညီသည်ကို တွေ့ရ၏။

ဤသို့ရာဇဝင်ကြီးများတွင် မန်ကျည်းစေ့ကမ္မဝါ အကြောင်း မတွေ့ရှိရသဖြင့် ဆက်လက်ရှာဖွေပြန်ရာ ဆရာတော်အရှင်လက္ခဏရေးသားပြုစုသော " ကျိုက္ကစံ ဆံတော်ရှင်စေတီသမိုင်းသစ် " စာအုပ်စာမျက်နှာ ၁၇၅–၁၇၆ တွင် မမျှော်လင့်ပဲ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

" အင်းဝမြို့ ရွှေနန်းကြော့ရှင် နရပတိမင်းလက်ထက် ကောဇာနှစ် ( ၈၈၈ ) ခုဌ် ရှမ်းမိုးညှင်းစလုံနှင့် သားသိုဟန်ဘွားတို့ အင်းဝကို တိုက်ခိုက်သိမ်းယူပြီး ရွှေနန်းကြော့ရှင်၏ တူတော်မင်းကြီးရန်နောင်၏ အကူအညီဖြင့်အုပ်ချုပ်၏။ သိုဟန်ဘွားနှင့် နောက်ပါရှမ်းတို့သည် ဘုရားစေတီများကို ဖျက်ဆီးပြီး ဌာပနာကို ဖောက်ယူကြ၏။ ပိဋကတ်ကျမ်းစာများကို မီးတိုက်ဖျက်ဆီးကြ၏။ ထိုအခါ ရဟန်းတို့သည် ပိဋကတ်တော်များကို လျှို့ဝှက်စွာသိမ်းဆည်းထားကြ၏။ ရဟန်း၏မူလအစသည် ကမ္မဝါစာဖြစ်သောကြောင့် ပိဋကတ်တော်အားလုံး မီးတိုက်ပစ်စေကာမူ ကမ္မဝါစာကျန်လျှင် ရဟန်းပြုနိုင်သေးသည်။ ရဟန်းပြုနိုင်လျှင် သာသနာမကွယ်နိုင်ဟု သံဃာတော်တို့ တိုင်ပင်ညီညွတ်၍ လျှို့ဝှက်သော အက္ခရာအမှတ်အသားဖြင့် မန်ကျည်းစေ့ကမ္မဝါကို စီရင်ကြ၏။ ထိုအခါမှစ၍ မန်ကျည်းစေ့ကမ္မဝါစာ ပေါ်ပေါက်လာသည်။ "

ဤသမိုင်းကျမ်းစာအဆိုအရ မိစ္ဆာတို့ ဖျက်ဆီးမည့် အန္တရာယ်မှ ကာကွယ်ရန်၊ ဘုရားစကားတော်မှန်း သာမန် လူတို့




မင်ဝန်းကျောင်းကျောက်စာ

မသိစေရန်အတွက် လျှို့ဝှက်သော အက္ခရာအမှတ်အသား ကို တီထွင်ခဲ့ကြသည်ဟူသော မန်ကျည်းစေ့အက္ခရာဖြစ်ပေါ် လာခြင်းအကြောင်းနှင့် အင်းဝခေတ်သို့ဟန်ဘွားမင်းလက်ထက် ဟူသော ခေတ်ကာလကိုပါသိလာရပါသည်။

ဤသို့လျှို့ဝှက်သော အက္ခရာအရေးအသားကို တီထွင် ရာတွင် ပုဂံခေတ်ထိုးကျောက်စာများကို အတုယူကာ တီထွင်ခဲ့ ကြလေသလောဟုလည်း စဉ်းစားစရာဖြစ်ပါသည်။ အဘယ် ကြောင့်ဆိုသော် ပုဂံခေတ်ထိုးကျောက်စာ အရေးအသားများကို ကြည့်လျှင် လေးထောင့်ပုံသဏ္ဍာန်စာလုံးများ ဖြစ်သည်ကို တွေ့ရပါသည်။ ၄င်းပြင်စာလုံးများ၏ ပုံဖော်အကြောင်းများ သည် မန်ကျည်းစေ့စာလုံးကဲ့သို့ ထူထဲခဲ့ညားသည်ကိုလည်း

တွေ့ရပါသည်။ သက္ကရာဇ် ၆၃၉ ခုနှစ်လောက်ကထိုးသော ပုဂံမင်း နန်းသူရှာ လေးထောင့်ကန်အရပ်ရှိ မင်းဝိုင်းကျောင်း ကျောက်စာကိုကြည့်လျှင် လေးထောင့်ပုံသဏ္ဌာန်နှင့် စာလုံး ဆေးသားထူထဲပုံတို့မှာ မန်ကျည်းစေ့ကမ္ဗဝါအရေးအသားနှင့် လွန်စွာတူနေသည်ကိုတွေ့ရပါသည်။ ထိုပြင်အက္ခရာစာလုံး ပေါင်းရာတွင်လည်း ဘကုန်း အက္ခရာ၊ အ အက္ခရာ၊ ဆလိမ် အက္ခရာ၊ သ အက္ခရာနှင့် သံယုတ်ဟထိုးရေးပုံ စသည်အတော် များများသည် ယခုခေတ် မန်ကျည်းစေ့ကမ္ဗဝါအက္ခရာရေးသား ပုံနှင့် လွန်စွာတူညီနေပါသည်။ ထို့ကြောင့် မန်ကျည်းစေ့ကမ္ဗဝါ အက္ခရာအရေးအသားသည် ပုဂံကျောက်စာများ၏ လှပမှု၊ ခံ့ညားမှုတို့ကို အားကျကာ အတုယူရေးသားခဲ့လေသလောဟု တွေးတောစရာ ရှိပါသည်။

မင်းဝိုင်းကျောင်း ကျောက်စာအရေးနှင့် မန်ကျည်းစေ့ ကမ္ဗဝါအရေးတို့ မည်မျှတူညီသည်ကို သိနိုင်ရန် တစ်ဘက် မျက်နှာပါ မင်းဝိုင်းကျောင်းကျောက်စာပုံကို ကြည့်စေလိုပါသည်။



ပဋ္ဌာန်းပါဠိတော်မှ မင်ရေးပေစာပုံ

သာသနာလင်္ကာရစာတမ်းအဆိုအရ အခြားစဉ်းစားစရာ တစ်ချက်လည်း ရှိပါသေးသည်။

"ထိုမင်းလက်ထက်ကစ၍ ပေကိုသားရိုးသစ်စေးကိုင်ပြီးမှ ဆေးဒန်းနှင့် အက္ခရာရေး၍ ရွှေချလုပ်သော ရွှေစာရေးသည် ထုံးစံဖြစ်သည်။ အထက်ကမှာ ကညစ်အက္ခရာမင်အက္ခရာ ရေးသော ကညစ်စာ မင်စာသာရှိသည်" ဟူသော သာသနာလင်္ကာရ စာတမ်းပါ ရွှေရေးပေစာ လုပ်ပုံနှင့် ဤကျမ်းပါ မန်ကျည်းစေ့ ကမ္မဝါ အဝါရေး(ဆေးဒန်းရေး) ပုံတို့ အတူတူပင် ဖြစ်ပါသည်။ ထို့ကြောင့် သရိုးပေါ်၌ သစ်စေးဖြင့်စာရေးသော မန်ကျည်းစေ့ ကမ္မဝါသည်လည်း ညောင်ရမ်းခေတ်ဝမ်းဘဲအင်းစံ မင်းတရား လက်ထက် သက္ကရာဇ် ၁၀၃၀ ကျော်မှသာ စတင်ပေါ်ပေါက်လာ သည်ဟု ယူဆလျှင်လည်း ယူဆနိုင်စရာ ရှိပြန်လေသည်။

ဤမန်ကျည်းစေ့ အက္ခရာစာလုံးများကို ယခုအခါ ကမ္မဝါစာများတွင်သာ တွေ့ရသော်လည်း ရှေးမြန်မာဘုရင်များ လက်ထက်ကမူ မင်ရေးပေစာများတွင်လည်း ဤမန်ကျည်းစေ့ စာလုံးနှင့် ခပ်ဆင်ဆင်တူသော စာလုံးများတို့ ရေးသားခဲ့ကြပါသည်။ သို့ရာတွင် မင်ရေးပိဋကတ်ပေစာပါ စာလုံးများမှာ ယခုတွေ့နေရသော မန်ကျည်းစေ့ကမ္မဝါစာလုံးလောက် မကြီးပါ။ မန်ကျည်းစေ့ကမ္မဝါစာလုံးမှာ အထက်အောက် တစ်စင်တီမီတာနီးပါးခန့်ရှိသော်လည်း မင်ရေးပိဋကတ်ပေစာ စာလုံးမှာ တစ်စင်တီမီတာ၏သုံးပုံတစ်ပုံခန့်သာရှိပါသည်။

## မန်ကျည်းစေ့ကမ္မဝါအက္ခရာရေးသားပုံ

မန်ကျည်းစေ့ကမ္မဝါ စတင်ရေးသားတော့မည်ဆိုလျှင်

အထက်ဝတ်လဲ ကမ္ဗဝါပြုလုပ်ပုံအခန်း၌ ပြခဲ့သည့်အတိုင်း အဆင့်ဆင့်ပြုလုပ်ရရှိသော ကမ္ဗဝါအချောထည်အပေါ်တွင် ရှေးဦးစွာမာဂျင်လိုင်းတားခြင်း မျဉ်းပစ်ခြင်းတို့ကို ပြုလုပ်ရပါသည်။

မျဉ်းမှာ ယခုကာလ ကျောင်းသားလူငယ်များလက်ရေးလှရေးသော လေးကြောင်းမျဉ်းကဲ့သို့ စာတစ်ကြောင်းအတွက် မျဉ်းလေးကြောင်းပစ်၍ရေးရသည်။ ယင်းမျဉ်းလေးကြောင်းသည်လည်း တစ်ကြောင်းတည်းမျဉ်းများမဟုတ်ကြပါ။ တစ်မီလီမီတာသာသာ ကွာဝေးသော နှစ်ကြောင်းပူး မျဉ်းများဖြစ်ကြသည်။

မျဉ်းလေးကြောင်းတွင် သုံးခန်းရှိရာ အလယ်ခန်းတွင် ပင်မစာလုံးကို ရေးပါသည်။ အထက်ခန်းတွင် လုံးကြီးတင်၊ မောက်ချ၊ သေးသေးတင် စသော အထက်သို့တက်သည့်စာလုံးများကိုရေးပြီး အောက်အခန်းတွင်မူ တစ်ချောင်းငင်၊ ယပင့်၊ ဝဆွဲ၊ ဟထိုးနှင့်အောက်သို့ဆင်းသည့် စာလုံးများကို ရေးပါသည်။ ဈ၊ ည၊ ဍ၊ ဋ၊ ဍ၊ န၊ ရ၊ ဠ တို့ကိုမူ အောက်နှစ်ခန်း နေရာယူ၍ ရေးပါသည်။ ယင်းသို့ရေးရာ၌ တစ်မီလီမီတာကွာ နှစ်ကြောင်းပူး မျဉ်း၏ အတွင်းမျဉ်းထိရုံသာ ရေးပါသည်။ ဤသို့စနစ်ဖြင့် ရေးသောကြောင့် စာရေးပြီးသော်လည်း မျဉ်းကြောင်းပျောက်မသွားဘဲ တစ်မီလီမီတာ သာသာကွာ မျဉ်းနှစ်ကြောင်း အထင်းသားပေါ်နေသဖြင့် လွန်စွာကြည့်၍ လှပါသည်။

ယင်းသို့ရေးရာတွင်အထက်စာကြောင်းက အောက်နှစ်ခန်းနေရာယူသော စာလုံးနှင့် အောက်စာကြောင်းက အထက် နှစ်ခန်းနေရာယူသော စာလုံးတို့ အထက်အောက်

တည့်တည့်ကျ နေ၍ အောက်စာကြောင်းက အထက်သို့တက်သည့်စာလုံးရေးစရာနေရာမရှိ ဖြစ်တတ်ပါသည်။ ဤသို့နေရာအခက်အခဲ ရှိလာလျှင် လုံးကြီးတင် သေးသေးတင်စသောစာလုံးများကို သူ့ရှိရမည့်နေရာ၏ ရှေ့နား သို့မဟုတ် နောက်နားသို့ ပြောင်းရွှေ့၍ ရေးတတ်ပါသည်။ မောက်ချရေးရမည့်အရာဖြစ်သော်လည်း နေရာအခက်အခဲကြောင့် ဝိုက်ချသို့ပြောင်း၍ရေးသောထုံးလည်း ရှိပါသည်။ တစ်ခါတစ်ရံ လုံးကြီးတင်သေးသေးတင် တို့ကို ပင်မစာလုံး၏ အထက်ခန်းမှရေးရမည့်အစား အလယ်ခန်းတွင်ပင် ပင်မစာလုံး၏နောက်နားက ကပ်၍ရေးသည်လည်းရှိပါသည်။

တစ်ခါတစ်ရံ၌မူရေးလာသောစာကြောင်းသည် မာဂျင်မျဉ်းကိုလည်းမထိ၊ နောက်တစ်လုံး ရေးလောက်အောင်လည်းနေရာမဆန့် ဖြစ်နေတတ်ပါသည်။ ထိုကဲ့သို့ဖြစ်နေလျှင်ညီညာပြီးကြည့်ကောင်းအောင်ကွက်လပ်ဖြည့်သည့်သဘောဖြင့်ဝစ္စပေါက် (ဝိသဇ္ဇနီ) လို အစက်နှစ်ခု ချပေးတတ်ပါသည်။ ကမ္ဗဝါစာ၌ ဝါကျဆုံးလျှင် တစ်ချောင်းပုဒ် နှစ်ချောင်းပုဒ် တို့ကိုထည့်ပေးတတ်ပါသည်။ ဤကား မန်ကျည်းစေ့စာလုံးရေးရာ၌ကျင့်သုံးလေ့ရှိသော ဓလေ့ကလေးများဖြစ်ပါသည်။

ယခုအခါ ပါဠိဘာသာအက္ခရာ ၄၁ လုံးကို မန်ကျည်း စေ့စာလုံးဖြင့် ရေးပုံကိုတင်ပြပါမည်။ ဤသို့ တင်ပြရာ၌အက္ခရာတစ်လုံးချင်းရေးပုံကို ဖော်ပြနေလျှင် ကျယ်ဝန်းပြီးငြီးငွေ့ဖွယ်ရာလည်းဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် အက္ခရာတိုင်းကို မဖော်ပြတော့ဘဲ မြင်ရုံနှင့် မသိသာနိုင်လောက်အောင်ထူးခြားသော အက္ခရာများရေးပုံကိုသာ တင်ပြသွားပါမည်။

ဤသို့မတင်ပြမီ မန်ကျည်းစေ့အက္ခရာရေးရာ၌ အခြေခံဖြစ်သော ယေဘုယျစည်းမျဉ်း သို့မဟုတ် စနစ်ကို ဦးစွာတင်ပြလိုပါသည်။

မန်ကျည်းစေ့အက္ခရာရေးနည်းနှင့် ပတ်သက်၍ အချုပ်မှတ်ရန်မှာ –

၁။ တစ်ယူနစ်သာရှိသော စာလုံးကို တုံးနှစ်တုံးဖြင့်ရေးသည်။

၂။ နှစ်ယူနစ်ရှိသော စာလုံးကို တုံးသုံးတုံးဖြင့်ရေးသည်။

၃။ လက်ဝဲဘက်၌ အပေါက်ရှိသော ဘကုံး, သနှင့် အ စာလုံးများကိုမူ နှစ်ယူနစ်ရှိသော်လည်း တုံးနှစ်တုံးဖြင့်သာရေးသည်။

၄။ ဒထွေး, နငယ်နှင့် ရကောက်စာလုံးများကို တစ်ယူနစ်ရှိသော်လည်း တုံးတစ်တုံးတည်းဖြင့်သာရေးသည်။

၅။ ဧသရနှင့် ဩသရ နှစ်လုံးကို လေးကြောင်းမျဉ်း သုံးကွက်လုံး နင်းကာရေးသည်။

ပါဠိဘာသာ အက္ခရာ (၄၁) လုံးတွင် ဗျည်း (၃၃) လုံးရှိပါသည်။ ယင်းဗျည်း (၃၃) လုံးတွင် မြင်ရုံနှင့်မသိသာသော သို့မဟုတ် ထူးခြားသော ဗျည်း (၁၄) လုံး ရေးပုံကိုသာ ရှင်းပြသွားပါမည်။ ကျန်သောဗျည်းများကိုမူ မြင်ရုံဖြင့် မည်သည့်စာလုံးဖြစ်သည်ကို သိသာသဖြင့် ရှင်းမပြတော့ပါ။

ကဝဂ်ငါးလုံးတွင် –

ဃကြီးအရေးမှာ နှစ်ယူနစ်ရှိပြီး အပေါက်ကလည်း အထက်ဘက်မှ ဖြစ်သဖြင့် တုံးသုံးတုံး အပြည့်ရေးရမည်ကို မရေးဘဲ နောက်တုံးနှစ်ခုကိုသာ အပြည့်ရေး၍ လက်ဝဲစွန်တုံးကို

မှု တစ်ဝက်သာရေးပြီး ယင်းအထက်မှ ညှာတံနှင့် ပန်းငုံကလေး စိုက်ထားသကဲ့သို့ ရေးပါသည်။ ဃကြီးမှန်းသိသာသည့်ပြင် ကြည့်၍လည်း အလွန်လှသည်။

ငအရေးမှာ မန်ကျည်းစေ့ ကမ္ဘဝါစာများ၌ မတွေ့ရပါ။

စဝဂ်ငါးလုံးတွင်–

စလုံးအရေးမှာ တုံးနှစ်တုံးဖြင့် ဝလုံးကဲ့သို့ ရေးပြီး လက်ဝဲဘက်တုံးကို အတွင်းဘက်သို့ ခပ်ချိုင့်ချိုင့်ထားကာ ယင်းအချိုင့်ထဲတွင် မျဉ်းတိုကလေးကို အလိုက်သင့် ထည့်ထား ပါသည်။ ဆံခတ်ကို အပြင်ဘက်မှ ထည့်သည့်သဘော ဖြစ် ပါသည်။

ဇကွဲအရေးမှာ ယခုခေတ် ဇကွဲအရေးနှင့် လွန်စွာ မထူး ခြားလှပါ။ ဇကွဲ၏ အမြီးကလေးပါလေကာမျှ တိုနေသည်သာ ထူးခြားပါသည်။

ဋဝဂ်ငါးလုံးတွင် –

ဋသံလျင်းချိတ်အရေးမှာ ဃကြီး၏ ရှေ့ယူနစ်ကို ဘယ်မှညာသို့ လှည့်ထားသလိုရေးပြီး ဃကြီး၏ ရှေ့ယူနစ်ကဲ့သို့ ပင် ညှာတံမဲ့အငုံကလေးတင်ထားပါသည်။ အောက်ဘက်၌ အခြေမထွက်သည်မှာ ထူးခြားပါသည်။

ဍရင်ကောက်နှင့် ဎရေမှုတ် လုံးချင်းအရေးတို့ကို မန်ကျည်းစေ့ ကမ္ဘဝါစာများ၌မတွေ့ရပါ။ လုံးဆင့်သံယုတ် အရေးကိုသာ တွေ့ရပါသည်။ အကယ်၍ ဎရေမှုတ်ကို ရေးခဲ့ သော် ဃကြီး၏ ရှေ့ယူနစ်ကဲ့သို့ ရေးမည်ထင်ပါသည်။

ဏကြီးအရေးမှာ နှစ်ယူနစ်ခွဲဟုဆိုနိုင်သဖြင့် တုံး လေး တုံးဖြင့်ရေးထားသည်မှာ ထူးခြားပါသည်။ ပုံစံမှာ ဂငယ်နှစ်လုံး

ကို ထိလုံနီးပါးပူးကပ်၍ ထိပ်ပိုင်းမှ မျဉ်းပြော့ကလေးဖြင့် ဆက်ထားသည့်ပုံစံ ဖြစ်ပါသည်။

တဝဂ်ငါးလုံးတွင် –

ရင်ကွဲထဆင်ထူးအရေးမှာ ရိုးရိုးထဆင်ထူးကဲ့သို့ တုံးသုံးတုံးဖြင့် မရေးဘဲ တုံးနှစ်တုံးတည်းဖြင့်သာ ရေးပါသည်။ ယင်းတုံးနှစ်တုံးကို စင်တီမီတာဝက်ခန့်ခြားပြီး ယင်းအလယ်မှ မျဉ်းသေးကလေးဖြင့် ရင်ကိုခွဲသကဲ့သို့ ခွဲထားပါသည်။

ဒထွေးအရေးမှာ တစ်ယူနစ်စာလုံးဖြစ်၍ တုံးနှစ်တုံးဖြင့် ရေးရမည်ကို တစ်တုံးတည်းဖြင့်သာရေးပြီး တုံး၏အလယ်မှ ဝဲယာအဖုကလေးများထွက်ကာရေးပါသည်။ သူကလည်း ပန်းဖူးကလေးနှင့် တူသယောင်ရှိပါသည်။

ဓအောက်ခြိုက်အရေးမှာ တုံးနှစ်တုံးဖြင့် ဝလုံးကဲ့သို ရေး၍ အလယ်ကွက်လပ်တွင် အောက်ပိုင်းမှ ထောင်လိုက်မျဉ်းတိုကလေးကို ဆံခတ်သဘောမျိုး ထည့်ထားပါသည်။

နငယ်အရေးမှာ တုံးတစ်တုံးတည်းဖြင့်သာရေး၍ တုံး၏ လက်ယာဘက်အောက်အစွန်းမှ အဖျားရှူးသော အခြေကလေး ထည့်ထားသည်မှာ ညာတံမှ ပန်းဖူးကလေးထွက် နေသည်နှင့် တူလှပါသည်။

ပဝဂ်ငါးလုံးတွင် –

ဖဦးထုပ်အရေးကိုမန်ကျည်းစေ့ကမ္ဗဝါစာများ၌ မတွေ့ရပါ။

ဘကုန်းအရေးမှာ နှစ်ယူနစ်စာလုံးဖြစ်၍ တုံးသုံးတုံးဖြင့် ရေးရမည်ကိုမရေးဘဲ တုံးနှစ်တုံးဖြင့်သာရေးပြီး ရှေ့ယူနစ် အတွက် လက်ဝဲဘက်တုံး၏ ဝဲဘက်အထက်စွန်းမှ ပန်းအကိုက် ကလေးသဖွယ် အစွယ်ကလေးထွက်ကာ ရေးပါသည်။ ယင်း အစွယ်ကလေး မပါလျှင် ဂငယ်နှင့် အတူတူပင်ဖြစ်သည်။

ဗထက်ခြိုက်အရေးမှာလည်း တုံးနှစ်တုံးဖြင့် ဝလုံးကဲ့သို့ ရေး၍ အလယ်ကွက်လပ်တွင် အထက်ပိုင်းမှ ထောင်လိုက်မျဉ်း တိုကလေးကို အခြိုက်သဘော ဖော်ဆောင်ထားပါသည်။

အဝဂ်ရှစ်လုံးတွင်–

ရကောက်အရေးမှာ တစ်ယူနစ်စာလုံးဖြစ်၍ တုံးနှစ်တုံး ဖြင့်ရေးရမည်ကိုမရေးဘဲ တုံးတစ်တုံးဖြင့်သာရေးပါသည်။ ယင်း တုံး၏ လက်ယာဘက်အထက်စွန်းမှသေးသွယ်ပြီး အဖျား အနည်းငယ်ကောက်သော အမြီးကလေးထွက်ထားသဖြင့် ညာတံမှ ခေါင်းလောင်း ပန်းငိုက်ကျသကဲ့သို့လည်းကောင်း၊ ပန်းပွင့်မှ ဝတ်ဆံအတံငိုက်ကျနေသကဲ့သို့လည်းကောင်း ကြည့် ၍ အလွန်လှပါသည်။

သအက္ခရာအရေးမှာ နှစ်ယူနစ်စာလုံးဖြစ်၍ တုံးသုံးတုံး ဖြင့် ရေးရမည်ကို တုံးနှစ်တုံးဖြင့်သာရေးပြီး ယင်းတုံးနှစ်ခုကို အောက်ပိုင်းမှ မျဉ်းဖြောင့်ကလေးဖြင့် ဆက်ထားပါသည်။

ဋကြီးအရေးမှာ ပုံစံအားဖြင့် ဋကြီးမှန်းသိသာသော် လည်း ခေါင်းပိုင်းရေးပုံမှာ ထူးခြားနေပါသည်။ ယင်းဋကြီးကို လက် ယာဘက်မှကြည့်လျှင် ဆင်ရုပ်ကလေးနှင့် တူသယောင် ရှိပါ သည်။ ဤကားထူးခြားသော ဗျည်း ၁၄ လုံးရေးပုံ ဖြစ်ပါသည်။

ပါဠိဘာသာ၌ သရ ရှစ်လုံးရှိရာ အာသရ, ဥသရနှင့် ဩသရ သုံးလုံးရေးပုံများမှာ ထူးခြားမှုမရှိလှပါ။ မြင်ရုံနှင့် သိသာ ပါသည်။

အ သရ အရေးမှာ ဘကုန်းကဲ့သို့ တုံးနှစ်တုံးဖြင့်သာရေး ပါသည်။ ဘကုန်းနှင့် အလွန်တူပါသည်။ မကြည့်တတ်လျှင် လွဲမှားနိုင်စရာရှိပါသည်။ ခွဲခြားတတ်ရန်မှာ ဘကုန်း၏ တုံးနှစ် တုံးသည် ဂငယ်၏ လက်ဝဲဘက်တုံး အပြင်ထိပ်စွန်းမှ အကိုက်

ကလေးထွက်နေသကဲ့သို့ဖြစ်ပြီး သီးခြားတုံးနှစ်တုံးကို ဆက်ထားသည့်သဘောမဟုတ်ပါ။ အသရ ရေးပုံမှာ ဘကုန်းကဲ့သို့ ဝဲဘက်အစွန်တွင် အကိုက်မပါဘဲ သီးခြားတုံးနှစ်တုံးကို အထက်ပိုင်းမှ မျဉ်းစောင်းကလေးဖြင့် ဆက်ထားသည့်ပုံ ဖြစ်ပါသည်။

ဣသရအရေးမှာ ဆန်းပြား၍ လှလည်းလှပါသည်။ အနိုပ်သည် အဖုကလေးနှစ်လုံး၏ ညာဘက်မှ အဖျားရှူးသော အခြေကလေး ဆွဲထားသလိုရေးပြီး ယင်းအထက်မှ ညာတံမဲ့ ပန်းငုံကလေးနှစ်ခုကို သီးခြားစီတင်ထားသောပုံ ရေးပါသည်။ ကြည့်၍လှပါသည်။

ဤသရ ဦသရ အရေးတို့ကို မန်ကျည်းစေ့ကမ္ဗဝါများ၌ မတွေ့ရပါ။

ဧသရ အရေးမှာ ယခုကာလ ဩသရအရေးနှင့် ခပ်ဆင်ဆင်တူပါသည်။ ထူးခြားသည်မှာ ဩသရကို ယခုခေတ်အရေးကဲ့သို့ သကို ရရစ်ထားသကဲ့သို့ ရေးသော်လည်း ဧသရကိုမူ အသရကို သဝေဖြင့် ငုံသကဲ့သို့ရေးပါသည်။ ငုံသောသဝေ၏ အထက်စွန်းကို အသရ၏ လက်ယာဘက်တုံးနှင့် ဆက်ထားပါသည်။ ဤဧသရနှင့် ဩသရတို့သည် လေးကြောင်းမျဉ်း၏ သုံးခန်းလုံးကို နင်းထားသဖြင့် အခြားစာလုံးများထက် သိသ်သာသာကြီးမားနေပါသည်။

ဤကား သရသက်သက် ထူးခြားသော စာလုံးများဖြစ်ပါသည်။

တစ်ဖန် ယင်းသရရှစ်လုံးသည် ဗျည်းနှင့် တွဲသောအခါ မြန်မာမှု၌ အမည်ရောပုံစံပါ ပြောင်းသွားပါသည်။ ယခု ဗျည်းတွဲ သရ ရှစ်လုံးရေးပုံကို တင်ပြပါမည်။

အသရအရေးမှာ ဗျည်းနှင့်တွဲသောအခါ အရေးဟူ၍ သီးခြားမရှိတော့ဘဲ ပျောက်သွားပါသည်။ မြန်မာမှုအမည်ဟူ၍ လည်းမရှိတော့ပါ။

အသရ အရေးမှာ ဗျည်းနှင့် တွဲသောအခါ မြန်မာမှု၌ ရေးချဟုခေါ်ပါသည်။ တုံးတစ်တုံးဖြင့်သာရေး၍ ရှေ့ဘက် အထက်ပိုင်းမှ အကိုက်သဖွယ် အစွယ်ကလေးထွက်၍ ရှေ့မှ ဗျည်းနှင့် ဆက်ပါသည်။ ဤရေးချသည် ဝိုက်ချနှင့် မောက်ချ ဟူ၍ နှစ်မျိုးရှိပါသည်။ မောက်ချရေးပုံမှာ ယခုကာလမောက်ချ ရေးသည့်သဘောအတိုင်း ဖြစ်ပါသည်။

ဣသရ အရေးမှာ ဗျည်းနှင့် တွဲသောအခါ မြန်မာမှု၌ လုံးကြီးတင်ဟုခေါ်ပါသည်။ ဝလုံးနှင့် တူသော်လည်း ထိပ်ဘက် မှ ထောင့်ဖြေ၍ ခပ်ကုန်းကုန်းလေး ရေးတတ်ပါသည်။

ဤသရ အရေးမှာ ဗျည်းနှင့် တွဲသောအခါ မြန်မာမှု၌ လုံးကြီးတင်ဆံခတ်ဟု ခေါ်ပါသည်။ ယခုတွေ့ရသမျှမှာ လုံးကြီး တင်အတိုင်းပင် ဖြစ်သည်။ အောက်ခြေမှ ဆံခတ်မတွေ့ရပါ။

ဥသရ အရေးမှာ ဗျည်းနှင့် တွဲသောအခါ မြန်မာမှု၌ တစ်ချောင်းငင်ဟုခေါ်ပါသည်။ ယင်းတစ်ချောင်းငင်သည် နှစ်မျိုးရှိပါသည်။ သုဏာတု၌ "သု" နှင့် "တု" ကဲ့သို့ လုံးချင်း ဗျည်းကို တစ်ချောင်းငင်ရာ၌ အထက်ဗျည်းနှင့် တဆက်တည်း တုံးကြီးတစ်တုံးဖြင့်ငင်ပါသည်။ သမ္မာသမ္ဗုဒ္ဓဿ၌ "မ္ဗု" ကဲ့သို့ လုံးဆင့်သံယုတ် ဗျည်းနှစ်လုံးကို ငင်ရာ၌ ယခုကာလကဲ့သို့ပင် သံယုတ်ဗျည်း၏ လက်ယာဘက်မှ ကပ်လျက် မျဉ်းသေးကလေး ဖြင့်သာ ငင်ပါသည်။

ဦသရ အရေးမှာ ဗျည်းနှင့်တွဲသောအခါ မြန်မာမှု၌ နှစ်ချောင်းငင်ဟုခေါ်ပါသည်။ အချို့နေရာ၌ တစ်ချောင်းငင်

အတိုင်းရေး၍ အချို့နေရာ၌ တစ်ချောင်းငင်၏ ခြေထောက် အကွေးအဆုံးနားတွင် တုံးကလေးထည့်ထားတတ်ပါသည်။

ဧသရ အရေးမှာ ဗျည်းနှင့်တွဲသောအခါ မြန်မာမှု၌ သဝေ (သဝေထိုး) ဟုခေါ်ပါသည်။ ယင်းသဝေသည် သရသက်သက် ဧကဲ့သို့မဟုတ်ပါ။ ယခုခေတ်သဝေရေးသကဲ့သို့ လေးကြောင်း မျဉ်း၏ အလယ်ကွက်တွင်သာရေးပါသည်။ မြင်ရုံဖြင့်သဝေမှန်း သိသာပါသည်။

ဩသရ အရေးမှာ ဗျည်းနှင့် တွဲသောအခါ မြန်မာမှု၌ သဝေထိုးရေးချ ဟုခေါ်ပါသည်။ ယခုခေတ်အရေးနှင့် ထူးခြားမှု မရှိ။ တွဲသောဗျည်းကို အလယ်မှထား၍ ရှေ့မှသဝေ နောက်မှ ရေးချထားရုံသာဖြစ်သည်။ ဤကား ဗျည်းတွဲသရ ရှစ်လုံးကို မန်ကျည်းစေ့အက္ခရာဖြင့် ရေးသားပုံဖြစ်ပါသည်။

ဤသို့ ပါဠိဘာသာအက္ခရာ (၄၁) လုံးတို့၏ သံယုတ်မဲ့ လုံးချင်းရေးပုံ၊ ဗျည်းတွဲသရရေးပုံတို့ကို သိရှိပြီးနောက် ဗျည်း နှစ်လုံးပူးကပ်သော လုံးဆင့်သံယုတ်အက္ခရာများရေးပုံကိုလည်း သိဖို့လိုပါသေးသည်။

ပါဠိဘာသာလုံးဆင့် (သံယုတ်) အက္ခရာများကို ရေးရာ၌ သယုတ်စည်းကမ်းများရှိပါသည်။ ယင်းစည်းကမ်းများတွင် အဝဂ်အက္ခရာရှစ်လုံးကိုထား၍ ဝဂ်အက္ခရာ (၂၅) လုံး၏ သံယုတ်စည်းကမ်းများကို အကျဉ်းမျှရှင်းပြပါမည်။

ဝဂ်အက္ခရာများတွင် ပထမက္ခရာ၊ တတိယက္ခရာနှင့် ပဉ္စမက္ခရာ[၁] တို့သည် မိမိတို့အချင်းချင်းဆင့်နိုင်ပါသည်။

---

၁။ ပဉ္စမက္ခရာချင်း ဆင့်နိုင်သည်ဆိုသော်လည်း ငအက္ခရာချင်းဆင့် သည်ကို ပါဠိဘာသာ၌မတွေ့ဖူးပါ။

ဒုတိယက္ခရာနှင့် စတုတ္ထက္ခရာတို့သည် မိမိတို့ချင်းဆင့်ရိုးမရှိပါ။

ပထမက္ခရာနှင့် ဒုတိယက္ခရာ၊ တတိယက္ခရာနှင့် စတုတ္ထက္ခရာတို့ ဆင့်နိုင်ပါသည်။ ယင်းသို့ဆင့်ရာတွင် ရှေ့အက္ခရာသည် အထက်ကနေမြဲဖြစ်ပါသည်။

ဝဂ်တို့၏ ပဉ္စမက္ခရာသည် မိမိဝဂ်၏ရှေ့အက္ခရာလေးလုံးနှင့် ဆင့်နိုင်ပါသည်။ ယင်းသို့ဆင့်ရာ၌ ဝဂ္ဂန္တဖြစ်သော ပဉ္စမက္ခရာသည် အထက်ကနေမြဲဖြစ်ပါသည်။

အဝဂ်အက္ခရာရှစ်လုံးတွင် ယ၊ လ၊ ဝ၊ သ လေးလုံးတို့သည် အချင်းချင်းဆင့်နိုင်ပါသည်။ ဤ၌ ဝနှစ်လုံးဆင့်နိုင်သည် ဟုဆိုခြင်းမှာ “ ဥဒယဗ္ဗယ ” ကဲ့သို့ ဝ၏ ကာရိယ ဗ နှစ်လုံးဆင့်နိုင်သည်ကို ရည်ရွယ်ပါသည်။ ကျန်သော ရ၊ ဟ၊ ဠနှင့် အံ လေးလုံးတို့သည် အချင်းချင်းဆင့်ရိုးမရှိပါ။

အဝဂ်အက္ခရာရှစ်လုံးတို့သည်မိမိမှတစ်ပါး အခြားသောအက္ခရာများနှင့် အသုံးရှိလျှင် ရှိသလိုဆင့်နိုင်ပါသည်။ ဤသို့ဆိုရခြင်းမှာ အမှိုက်ပေါ ဥက္ကာပဒ၌ ကနှင့် လ ဆင့်ခြင်းစသည်ရှိသောကြောင့် ဖြစ်ပါသည်။

ဤသို့ ပါဠိဘာသာသံယုတ်စည်းမျဉ်းကို သိရှိပြီးနောက် ယခုမန်ကျည်းစေ့ကမ္ဘဝါလာ ထူးခြားသောသံယုတ်များ အကြောင်းကိုရှင်းပြပါမည်။

ကဝဂ်၏ဝဂ္ဂန္တဖြစ်သောငသည်မိမိဝဂ်၏ ရှေ့အက္ခရာလေးလုံးနှင့် ဆင့်နိုင်သည်ဆိုသော်လည်း မန်ကျည်းစေ့ကမ္ဘဝါ စာ၌ င ၏ ကိုယ်စားဖြစ်သော ကင်းစီးကိုပင်မတွေ့ရပေ။ “ ဥတ္တရာသင်္ဂေါ ” ဟု ကင်းစီးဖြင့်ရေးရမည့်အရာကိုပင် ကင်းစီးဖြင့်

မရေးဘဲ ဥတ္တရာသံဂေါဟု နိဂ္ဂဟိတ် သေးသေးတင်ဖြင့် ရေးသည်ကိုသာတွေ့ရပါသည်။

ဋ နှင့် ဌ ဆင့်သော သံယုတ်အရေး၌ ဋ အဆင့်မပါပဲ ဌ သက်သက်ကဲ့သို့ ရေးလေ့ရှိပါသည်။ ဥပမာ တိဋ္ဌာဟိ ရေးရမည်ကို တိဌာဟိ ဟုသာရေးပါသည်။

ဏ နှင့် ဍ ဆင့်သော သံယုတ်အရေးမှာ ယခုခေတ်အရေးကဲ့သို့ပင် ဍ ရင်ကောက်ကို မှောက်လျက်ရေးပါသည်။ သို့ရာတွင် မန်ကျည်းစေ့စာလုံးဖြင့်တွေ့ရသော မှောက်လျက် ဍရင်ကောက်သည် ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများ၌ သုံးသော ဆိုင်းထမ်း ထမ်းပိုးနှင့်လည်းကောင်း၊ ရာမမင်း၏ လေးကို ညှို့မတင်ဘဲ ပက်လက်ထားသည်နှင့်လည်းကောင်း တူလှသဖြင့် လွန်စွာကြည့်၍လှပါသည်။

ဗထက်ခြိုက်နှစ်လုံးဆင့် သံယုတ်အရေး၌ အောက် ဗထက်ခြိုက်ကို ပီပီမရေးဘဲ ဟထိုးသဏ္ဌာန်ရေးတတ်ပါသည်။

ယနှစ်လုံးဆင့် သံယုတ်အရေး၌ ယခုခေတ်အရေးကဲ့သို့ ယကို ယပင့်၍ ယျ ဟုလည်းရေးပါသည်။ တစ်ဖန် ယ နှစ်လုံးကို အထက်အောက်ဆင့်လျက် ယ ဟု ရေးသည်ကိုလည်း တွေ့ရပါသည်။

သနှစ်လုံးဆင့်သံယုတ်အရေး၌လည်း ယနှစ်လုံးဆင့်နည်းတူ ယခုခေတ် သကြီးအရေးကဲ့သို့ ဿ ဟုလည်းရေး၍ သနှစ်လုံးကို အထက်အောက်ဆင့်လျက် သ ဟုရေးသည်ကိုလည်း တွေ့ရပါသည်။

ဟသံယုတ်အရေးမှာ ဟထိုးကို အောက်မှရေးသော်လည်း ယခုခေတ်အရေးနှင့် မတူလှပါ။ ဟထိုးမည့် အထက်စာလုံး၏အောက်မှ ရှည်ရှည်လျားလျားနေရာယူ၍ ယောဉ် ပုခက်ပမာ လှပစွာ ရေးလေ့ရှိပါသည်။

အံဗျည်းဟုခိုအပ်သော နိဂ္ဂဟိတ် (သေးသေးတင်) နှင့် အခြားဗျည်းဆင့်သော သံယုတ်အရေးမှာ သံယောကဲ့သို့ အချို့နေရာ၌ သေးသေးတင်ထည့်သော်လည်း ကိံ နာမောသိ ကဲ့သို့သောအချို့နေရာ၌ နိဂ္ဂဟိတ်မဲ့ ကိနာမောသိ ဟု ရေးတတ် ပါသည်။


ကြွင်းကျန်သောလုံးဆင့် သံယုတ်အရေးများမှာ ယခု ခေတ် အရေးနှင့် များစွာခြားနားမှု မရှိလှသောကြောင့် လည်းကောင်း၊ ကမ္ဘဝါစာ၌ တွေ့သမျှမန်ကျည်းစေ့အက္ခရာ လုံးဆင့်သံယုတ် များကို စုံလင်အောင်ပြနေလျှင် လွန်စွာ ကျယ်ဝန်းပြီး ကျမ်းလေးသွားအံ့ စိုးသောကြောင့်လည်းကောင်း မန်ကျည်း စေ့အက္ခရာ လုံးဆင့်သံယုတ်ရေးပုံကို ဤမျှနှင့် အဆုံးသတ်လိုက် ပါသည်။

စာနှင့် ရေးပြသည်ထက် ပိုမိုရှင်းလင်းစွာ သဘောပေါက် စေခြင်းငှာ မန်ကျည်းစေ့စာလုံး နမူနာပုံစံများကိုအောက်၌ ဖော်ပြလိုက်ပါသည်။ ဤစာလုံးပုံစံများသည် ခေတ်ကာလနှင့် ရေးသော ပုဂ္ဂိုလ်အလိုက် အနည်းငယ်ကွဲပြားမှုများရှိသည်ကို လည်း သတိပြုစေလိုပါသည်။

ယခုနောက်ဆုံး မန်ကျည်းစေ့စာလုံးများ၏ လက္ခဏာ အချုပ်ကိုတင်ပြလိုပါသည်။ မန်ကျည်းစေ့အက္ခရာ စာလုံးများသည်–

၁။ မန်ကျည်းစေ့ကို အလျားလိုက်ထောင်၍ကြည့်သကဲ့သို့ ဘေးတိုက်အနည်းငယ်ရှည်၍ ထောင်လိုက်အနည်းငယ်တို သည်။

၂။ စာလုံးရေးသောဆေးကြောင်းသည် ထောင်လိုက် အပြားကြီး၍ အလျားလိုက်မှာ သေးသွယ်သည်။




- မန်ကျည်းစေ့အက္ခရာဗျည်း (၃၃)လုံး နမူနာပုံစံများ
- မန်ကျည်းစေ့အက္ခရာသရသက်သက်ရှစ်လုံးနမူနာပုံစံများ
- မန်ကျည်းစေ့အက္ခရာဗျည်းတွဲသရရှစ်လုံး နမူနာပုံစံများ

---

ကွက်လပ်ဖြစ်ပြီး ကျန်နေသောစာလုံးများ မန်ကျည်းစေ့ ကမ္ဗဝါများ၌ မတွေ့ကြောင်း အထက်၌ ရှင်းပြခဲ့ပြီးဖြစ်ပါသည်။

၃။ အက္ခရာတစ်လုံးလုံးကို ခြုံကြည့်လျှင် စာလုံးစာသား ဆေးကြောင်းက ကြီးမားထူထဲ၍ ကွက်လပ်လေဟာနယ်က ကျဉ်းမြောင်းသည်။

၄။ မန်ကျည်းစေ့ကမ္ဘဝါတစ်ချပ်လုံးကို စီးကြည့်လိုက်လျှင် ဖဲကစားသော ကက်တုံးကလေးများကို မှောက်လျက် ခပ်စိပ်စိပ် စီထားလကဲ့သို့ မြင်နေရသည်။

၅။ မန်ကျည်းစေ့ စာလုံးများသည် ကြံ့ခိုင်မှုသဘော ရှိသကဲ့သို့ လှပမှုသဘောကိုလည်း ဖော်ဆောင်နေသည်။


ဤမန်ကျည်းစေ့အက္ခရာများသည် ဆန်းလည်းဆန်းပြား သည်။ လျှို့ဝှက်အသိခက်သော ပဟေဠိသဘောလည်း ပေါ်လွင်သည်။ ပန်းကလေးများသဖွယ် လှလည်းလှပသည်။ ချစ်စရာလည်းကောင်းသည်။ သို့ဖြစ်၍စိတ်ဝင်စားစရာအလွန် ကောင်းသည်။

ပန်းတို့၏သဘောသည် ညှာတံရှိသည်။ အကင်းအကိုက် ရှိသည်။ အဖူးအငုံရှိသည်။ ပွင့်ဖတ်ပွင့်ချပ်ရှိသည်။ အနွယ်အခွေ ရှိသည်။ ထို့အတူ ဤမန်ကျည်းစေ့အက္ခရာများတွင်လည်း ညှာတံသဘော၊ အကင်းအကိုက်သဘော၊ အဖူးအငုံသဘော၊ ပွင့်ဖပ်ပွင့်ချပ်သဘော၊ အနွယ်အခွေသဘောတို့ကို တွေ့နေရ သည်။ ထိုအကြောင်းကို အထက်အက္ခရာတစ်လုံးချင်းရေးပုံ အကြောင်း၌ ရှင်းပြခဲ့ပြီးဖြစ်သည်။

တစ်ဖန် ပန်းကလေးများကဲ့သို့ မြင်ရသူတို့၏ စိတ်နှလုံးကို လည်း ရွှင်ပြုံးကြည်နူးစေပါသည်။ ထို့ကြောင့် ဤမန်ကျည်းစေ့ အက္ခရာများကို ပန်းအက္ခရာများဟု တင်စား၍ ဆိုချင်ပါသည်။

သို့ဖြစ်လျှင် ထိုမန်ကျည်းစေ့အက္ခရာများဖြင့် ရေးသားထားသော မန်ကျည်းစေ့ကမ္ဗဝါများကိုလည်း ပန်းအက္ခရာဟု ဆိုထိုက်လှပါတော့သည်။

ဤမန်ကျည်းစေ့စာလုံးများသည် မြန်မာပန်းစာလုံးတို့၏ အဦးအစ ပထမဖြစ်သည်ဟုလည်း ဆိုနိုင်မည်ထင်ပါသည်။ ကမ္ဘာ့နိုင်ငံများ၌လည်း ဤသို့ စာလုံးဆေးသားထူထဲသော သေးသွယ်နွဲ့နှောင်းသည့် မျဉ်းပြော့များပါသော ပန်းစာလုံး၊ လက်ရေးလှစာလုံးများကို ရှေးခေတ်မှစ၍ ယခုကာလတိုင် ရေးသားနေကြဆဲဖြစ်သည်။ သို့ရာတွင် မြန်မာမန်ကျည်းစေ့စာလုံးကဲ့သို့ သစ်စေးဖြင့်ရေးသော စာလုံးမျိုးကား မည်သည့်နိုင်ငံ၌မျှရှိမည်မထင်ပါပေ။ မြန်မာမန်ကျည်းစေ့စာလုံး နှင့် အမြင်ချင်းခပ်ဆင်ဆင်တူသော အင်္ဂလိပ်လက်ရေးလှ ပန်းစာလုံး နမူနာတစ်ခုကို အောက်၌ဖော်ပြလိုက်ပါသည်။ တရုတ်၊ အိန္ဒိယနှင့် အခြားအရှေ့တောင်အာရှနိုင်ငံများတွင် လည်း ဤကဲ့သို့သော ပန်းစာလုံးများရှိကြပါသည်။



မြန်မာ့မန်ကျည်းစေ့ စာလုံးနှင့် အမြင်ချင်းခပ်ဆင်ဆင်တူသော
အင်္ဂလိပ်လက်ရေးလှပန်းစာလုံး

# ၄။ အပြောက်အမွမ်းပိုင်းကမ္ဘဝါ

ရှေးခေတ်မြန်မာများသည်အနုပညာကိုတန်ဖိုးထားသည်။ အလှအပကိုမက်မောသည်။ စိတ်ရှည်သည်။ အရာရာကို သေသေသပ်သပ်ပြုလုပ်တတ်သည်။ ထိုစိတ်ဓာတ် ထိုဝါသနာကြောင့် မည်သည့်အရာကိုမျှ ရိုးရိုးစင်းစင်းမလုပ်ကြ။ အမွမ်းအမံ အပြောက်အမွမ်းကို နေရာတိုင်းမှာ အသုံးချလေ့ရှိသည်။ ယုတ်စွအဆုံး မီးဖိုချောင်သုံး ယောက်မကိုပင် ယခုခေတ်ကဲ့သို့ ရိုးရိုးစင်းစင်း ပညာမပါဘဲလုပ်လေ့မရှိ။ ယောက်မ၏အရင်းဘက် လက်ကိုင်တွင် ဖားရုပ်, လိပ်ရုပ်, မိကျောင်းရုပ်စသော တွားသွား တိရစ္ဆာန်အရုပ်ကလေးများကို ထွင်းထု၍ မွမ်းမံတတ်ကြသည်။ အလားတူဆေးတံ၊ မြေအိုး၊ စဉ့်အိုး၊ ယက်ကန်းစင်ခြေနင်း၊ ယစ်ခုံ၊ အလေး စသော နေ့စဉ်အိမ်သုံး ပစ္စည်းမျိုးစုံတို့ကို အမွမ်း အမံ အပြောက်အမွမ်းတို့ဖြင့် နှစ်သက်ဖွယ်ရာ လိုချင်စရာဖြစ် အောင် ပြုလုပ်တတ်ကြသည်။ အနုပညာစိတ်ကူး ကွန့်မြူးတတ် ကြသည်။

ဤသရိုးကိုင် ကမ္ဘဝါများကို ပြုလုပ်ရာ၌လည်း စာရေးဖြစ်ပြီးရောဆိုသည့် သဘောမျိုးဖြင့် အဖြူထည်ရိုးရိုးစင်းစင်း ပြီးစလွယ်လုပ်ခြင်းမဟုတ်ပေ။ သရိုးကမ္ဘဝါအချောထည်ပေါ်တွင် လှပသောအနားများကိုလည်းကောင်း၊ အတွင်းပိုင်းတွင် မြန်မာ့ရိုးရာကောက်ကြောင်းဖြင့် ရေးဆွဲသော လူရုပ်၊ နတ်ရုပ်၊ တိရစ္ဆာန်ရုပ်နှင့် ကနုတ်ပန်းများကိုလည်းကောင်း ရေးဆွဲ၍ လှပအောင် အပြောက်အမွမ်းဆင်ကာ ပြုလုပ်လေ့ရှိကြသည်။

ဤသို့အပြောက်အမွမ်းဆင်ရာ၌လည်း ကမ္ဗဝါ၏ အနားပိုင်းအပြောက်အမွမ်း၊ အတွင်းပိုင်းအပြောက်အမွမ်းနှင့် အဖုံးပိုင်းအပြောက်အမွမ်း ဟူ၍ သုံးပိုင်းရှိပေသည်။

**အနားပိုင်းအပြောက်အမွမ်း**

အနားပိုင်းအပြောက်အမွမ်းဆိုသည်မှာ ကမ္ဗဝါ၏အနားလေးဘက်တွင် ရိုးရိုးအနားမျဉ်းတားရုံမျှဖြင့် မပြီးသေးဘဲ ယင်းအနားမျဉ်းနှင့် အနားစွန်းကြားတွင် ပုလဲနား၊ ပန်းနား၊ အချိပ်နား စသည်ဖော်၍ ရေးဆွဲခြင်းကို ဆိုလိုသည်။

ထိုတွင် ပုလဲနားဆိုသည်မှာ ပုလဲလုံးကလေးများကို အတန်းတစ်တန်း သို့မဟုတ် နှစ်တန်းဖြင့် စီထားသကဲ့သို့ ပုံဖော်ရေးဆွဲထားခြင်းဖြစ်ပါသည်။ လွန်စွာကြည့်၍လှပါသည်။ ဤသို့ပုလဲနားဖော်ရာတွင် မျဉ်းမပါဘဲ ရိုးရိုးဖော်သည်လည်းရှိသည်။ မြွေလိမ်မြွေကောက်မျဉ်းထည့်၍ ယင်းမျဉ်းလိမ်၏နှစ်ဘက်ချိုင့်များအတွင်း ပုလဲတစ်လုံးစီထည့်ထားသော ပုံကိုလည်း ရေးဆွဲတတ်ပါသည်။

ပန်းနားဆိုသည်မှာ တစ်စင်တီမီတာနီးပါးရှိ လေးဘက်အနားများတွင် လှပသွယ်ပြောင်းသော ကနုတ်ပန်းများရေးဆွဲ၍ တန်ဆာဆင်ထားသောအနားဖြစ်သည်။

အချိပ်နားဆိုသည်မှာကမ္ဗဝါ၏လေးဘက်အနား ဧရိယာတွင် လုံချည်အချိပ်ဆင်ကဲ့သို့ အချိပ်ပန်းဖြင့် တန်ဆာဆင်ရေးဆွဲထားခြင်းဖြစ်သည်။

**အတွင်းပိုင်းအပြောက်အမွမ်း**

အတွင်းပိုင်းအပြောက်အမွမ်းဆိုသည်မှာ ကမ္ဗဝါစာကြောင်းများအတွင်း စာလုံးလွတ်သောကွက်လပ်များတွင် ကောက်

ကြောင်းပန်းချီဖြင့် ရေးဆွဲမွှမ်းမံခြင်းကိုဆိုသည်။ ရေးဆွဲတတ်သောပန်းချီပုံများမှာ ခနုကွက်များ၊ ကနုတ်ပန်းများ၊ သဇင်ခွေကျေးနင်းအရုပ်၊ လိပ်ပြာရုပ်၊ နယားရုပ်၊ ပဋ္ဌရူပရုပ် စသည်တို့ဖြစ်ပါသည်။ ထိုတွင် ခနုကွက်ဆိုသည်မှာ ကနုတ်ပန်းနှင့် အရုပ်များ၏ နောက်ခံအဖြစ် ရာဇမတ်ကွက်ကဲ့သို့ မျဉ်းစောင်းဖြင့် အကွက်စိပ်ကလေးများ ရေးဆွဲခြင်းဖြစ်သည်။ တောင်သူယာသမားတို့၏ စန်းဆွဲသောအကွက်ကဲ့သို့ မျဉ်းတည့်ဖြင့် အကွက်ဖော်ခြင်းလည်းရှိသည်။ သဇင်ခွေကျေးနင်းဆိုသည်မှာ သဇင်ပန်းခက်ကလေးကို ကျေးငှက်နင်းနေသောပုံဖြစ်သည်။

ဤနေရာ၌ ကမ္မဝါကို စ၍စာရေးသော ရှေ့ဆုံးအချပ်နှင့် အပြီးသတ်စာရေးသော နောက်ဆုံးအချပ်တို့၏ ထူးခြားချက်ကို တင်ပြရန်ရှိပါသည်။

ပေစာ၌ ရှေ့ပလ္လင်ချပ်နှင့် နောက်ပလ္လင်ချပ်တို့၏ အပြင်ဘက်မျက်နှာပြင်ကို စာရေးလေ့မရှိသကဲ့သို့ ဤကမ္မဝါစာ၌လည်း ရှေ့ဆုံးအချပ်နှင့် နောက်ဆုံးအချပ်၏ အပြင်ဘက်မျက်နှာများကို စာရေးလေ့မရှိပါ။

ပေစာ၌ ရှေ့ပလ္လင်ချပ်နှင့် နောက်ပလ္လင်ချပ်တို့၏ အတွင်းဘက်မျက်နှာများတွင်သာစာရေးသကဲ့သို့ ကမ္မဝါစာများ၌လည်း ရှေ့ဆုံးအချပ်နှင့် နောက်ဆုံးအချပ်တို့၏ အတွင်းဘက်မျက်နှာများတွင်သာ စာရေးပါသည်။

ယင်းသို့ရေးရာ၌လည်း ပေစာ၏ ရှေ့ပလ္လင်ချပ်နှင့် နောက်ပလ္လင်ချပ်တို့ကို အပြည့်မရေးဘဲ ပလ္လင်ပေါက်နှစ်ပေါက်အတွင်း၌သာ စာရေးသကဲ့သို့ ကမ္မဝါစာ၏ ရှေ့ဆုံးအချပ်နှင့် နောက်ဆုံးအချပ်တို့ကိုလည်း စာအပြည့်မရေးဘဲ ဝဲယာအနားနှစ်ဘက် လေးလက်မခန့်စီချန်ကာ ရေးတတ်ပါသည်။

တစ်ဖန် ပေစာများ၌ ရှေ့ပလ္လင်ချပ် နောက်ပလ္လင်ချပ်တို့နှင့် ကပ်လျက်ရှိသော မျက်နှာများကို ပလ္လင်ချပ်နည်းတူ စာအပြည့် မရေးဘဲ ပလ္လင်ပေါက်နှစ်ပေါက်အတွင်း၌သာ စာရေးသကဲ့သို့ ကမ္မဝါစာများ၌လည်း ရှေ့ဆုံးအချပ် နောက်ဆုံးအချပ်တို့နှင့် ကပ်လျက်ရှိသော မျက်နှာများကို စာအပြည့် မရေးဘဲ ဝဲယာအနားနှစ်ဘက် လေးလက်မခန့်စီ ချန်ကာ ရေးတတ်ပါသည်။ ထို့ကြောင့်ကမ္မဝါစာ၏ ရှေ့ဆုံး အချပ်နှင့် နောက်ဆုံးအချပ်တို့သည် ပေစာ၏ရှေ့နောက် ပလ္လင်ချပ်များနှင့် သဘောချင်းတူသဖြင့် ၎င်းတို့ကို ကမ္မဝါစာ၏ ပလ္လင်ချပ်များဟု ခေါ်နိုင်ပါသည်။

ဤသို့ ကမ္မဝါ၏ အနားနှစ်ဘက်၌ လေးလက်မခန့်စီချန်ထားသောအကွက်များကို ပညာရပ်အခေါ်အားဖြင့် " အတွင်းတိုကွက် " ဟုခေါ်ပါသည်။ ကမ္မဝါတစ်ဆူလျှင် ရှေ့ဘက်အတွင်းတိုကွက်လေးကွက်၊ နောက်ဘက်အတွင်းတိုကွက်လေးကွက် ပေါင်းအတွင်းတိုကွက်ရှစ်ကွက်ပါမြဲဖြစ်သည်။ ယင်းအတွင်းတိုကွက်များအတွင်း၌လည်း နတ်ရုပ်၊ ဗြဟ္မာရုပ်၊ မင်းသားရုပ်၊ ဘီလူးခေါင်းဆောင်းရုပ်၊ ဇော်ဂျီရုပ် စသည်တို့ကို မြန်မာ့ရိုးရာကောက်ကြောင်းပန်းချီဖြင့် မြူးကြွစွာ ရေးခြယ်ထား တတ်ပါသည်။ ဘီလူးခေါင်းဆောင်းရုပ်ဆိုသည်မှာ လူက ဘီလူး ခေါင်းကို ဆောင်းစွပ်ထားသောပုံဖြစ်သည်။

တစ်ဖန် ကမ္မဝါစာ၏ စာမရေးသော ရှေ့ပလ္လင်ချပ်နှင့် နောက်ပလ္လင်ချပ်တို့၏ အပြင်ဘက်ပိုင်းတွင်လည်း အကန့်အကွက်များဖေါ်ကာ ယင်းအကွက်များထဲတွင် နတ်ရုပ်၊ ဂဠုန်ရုပ်၊ ကိန္နရာရုပ် စသည်များကို အကွက်တိုင်း၌ ရေးခြယ်မွမ်းမံ တတ်ပါသည်။

ပေစာ၌ ပေအလျား၏သုံးချိုးတစ်ချိုးတွင် ဝဲယာပလ္လင်ပေါက် ဖောက်သကဲ့သို့ ကမ္ဗဝါစာ၌လည်း ပလ္လင်ပေါက်ဖောက်ပါသည်။ သို့ရာတွင် ပေစာ၌ကဲ့သို့ နှစ်ပေါက်မဖောက်ဘဲ လက်ဝဲဘက်၌ တစ်ပေါက်သာဖောက်လေ့ရှိပါသည်။

## အဖုံးပိုင်းအပြောက်အမွှမ်း

ပေစာများကို သစ်သားကျမ်းဖုံးနှစ်ခုဖြင့် ဖုံးသကဲ့သို့ ကမ္ဗဝါများ၌လည်း ကမ္ဗဝါကျမ်းဖုံးရှိပါသည်။ ကမ္ဗဝါကျမ်းဖုံးကိုလည်း သစ်သားဖြင့်ပင်လုပ်ပါသည်။ ကျမ်းဖုံး၏အရွယ်အစားမှာ မိမိလုပ်မည့်ကမ္ဗဝါ၏အရွယ်အစားအတိုင်းလုပ်ရပါသည်။ ကမ္ဗဝါကျမ်းဖုံးအထူမှာ ပေစာကျမ်းဖုံးလောက်မထူဘဲ အများဆုံးတစ်စင်တီမီတာခန့်သာရှိတတ်ပါသည်။ ကမ္ဗဝါကျမ်းဖုံးကို လည်း ပေစာကျမ်းဖုံးကဲ့သို့ပင် အထက်ဘက်စောင်း လေးနားကို ဖြေ၍ မျှော့ကြောင်းဖော်ကာ လှပသေသပ်စွာ လုပ်တတ်ကြပါသည်။

ဤကမ္ဗဝါကျမ်းဖုံးများကိုလည်း ရှေးခေတ်က အဖြူထည် ရိုးရိုးစင်းစင်းမလုပ်ကြပါ။ အမွှမ်းအမံအပြောက်အမွှမ်းတို့ဖြင့် လှပစွာရေးခြယ်ပြုလုပ်ကြပါသည်။ ကမ္ဗဝါကျမ်းဖုံးနှစ်ခု၏ အတွင်းအပြင်မျက်နှာနှစ်ခုလုံးကို ဆေးခြယ်သည်လည်းရှိသည်။ အတွင်းဘက်ကို ဆေးမခြယ်ဘဲ ပြောင်ထားလိုက်ပြီး အပြင်ဘက်ကိုသာ ဆေးခြယ်သည်လည်းရှိသည်။

ကျမ်းဖုံးကိုဆေးခြယ်ရာ၌ ကမ္ဗဝါအတွင်းတိုကွက်များကို ဆေးခြယ်သကဲ့သို့ ကနုတ်ပန်းများ၊ လူရုပ်၊ နတ်ရုပ်၊ တိရစ္ဆာန်ရုပ်များကို ရေးဆွဲကြပါသည်။ ယင်းသို့ရေးဆွဲရာ၌ အတွင်းတိုကွက်အရွယ်ရှိ အကွက်လေးငါးကွက်ခန့် အကန့်ဖော်၍

ယင်းအကန့်များအတွင်း၌ ဘီလူးခေါင်းဆောင်းရုပ်၊ ဂဠုန်ရုပ်စသည်နှင့် ဓာတ်နိပါတ်သရုပ်ဖော်ပုံများကိုပါ ရေးဆွဲတတ်ပါသည်။

၁၂၈၅ ခုနှစ်က လှူဒါန်းသော ရွှေတိဂုံစေတီတော် ပိဋကတ်တိုက်ရှိ ကမ္ဗဝါတစ်ဆူတွင် " မဟောသဓာနှင့် ကေဝဋ်စစ်ထိုးဟန် " ဟု စာတမ်းပါသော ကောက်ကြောင်းပန်းချီပုံကို တွေ့ရပါသည်။ ကမ္ဗဝါကျမ်းဖုံးအတွင်းဘက် မျက်နှာပြင်တွင် ကောက်ကြောင်းပန်းချီ ကနုတ်ပန်းများဖြင့်ဘေးမှဝန်းရံ၍ အလှူရှင်ဖော်ပြသော ကမ္ပည်းစာတမ်းကိုလည်း ရေးသားမှတ်တမ်းတင်တတ်ပါသည်။ အောက်ပါစာတမ်းမှာ ရွှေတိဂုံစေတီတော်ပိဋကတ်တိုက်ရှိ ကမ္ဗဝါတစ်ဆူ၏ ကျမ်းဖုံးအတွင်းဘက်၌ တွေ့ရသော အလှူမှတ်တမ်းထိုး ကမ္ပည်းစာဖြစ်ပါသည်။

" သက္ကရာဇ် ၁၂၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်နေ့တွင် ဘုန်းတော်ကြီးအရိုးပြာကို သားရိုးပြုလုပ်၍ သထုံအပိုင်သံပုရာပင်ဆိတ်ရွာနေ ကျောင်းဒါယကာ ဦးဘိုးဦး၊ ဒေါ်နန်းသားသမီး တစ်စုတို့ လှူဒါန်းကိုးကွယ်သော ၉ ခန်းကမ္ဗဝါစာ "

ကမ္ဗဝါများတွင် မင်းဧကရာဇ်လှူသော ကမ္ဗဝါများကိုလည်း တွေ့ရသည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ရှိ ရေးကျသော ကမ္ဗဝါတစ်ဆူ၏အဖုံးတွင် မင်းဧကရာဇ်လှူဒါန်းကြောင်း အောက်ပါအတိုင်းကမ္ပည်းရေးထိုးထားသည်ကို တွေ့ရပါသည်။

" သီရိ မဟာသီဟသူရ မဟာသုဓမ္မရာဇာ ဘဝရှင်မင်းတြားကြီး ကောင်းမှုတော် "

အထက်ပါ ကမ္ပည်းမှတ်တမ်းများကို ထောက်ဆ၍ သရိုးကမ္ဗဝါပြုလုပ်ရာ၌ လူ၏အရိုးပြာ အရိုးမှုန့်တို့ဖြင့်လည်း လုပ်ကိုင်ကြောင်း သိရပါသည်။ အရိုးပြာမှာလည်း မိမိတို့ကြည်ညိုလေး

စားရင်းဖြစ်သော ဘုန်းတော်ကြီးအရိုးပြာ၊ ဘုန်းကြီးဘ ဘုန်းကြီးမယ်တော်တို့၏ အရိုးပြာ၊ မိဘဘိုးဘွားတို့၏ အရိုးပြာများဖြင့် ကမ္ဗဝါပြုလုပ်လေ့ရှိကြောင်း အခြားကမ္ဗဝါများပါ ကမ္ဗည်းမှတ်တမ်းများအရ သိရပါသည်။ အရိုးပြာဖြင့်လုပ်သည်ဆိုရာ၌ သစ်စေးဖြင့်နယ်ရသော သရိုးလုပ်ခြင်းမဟုတ်။ လုပ်နေကျ သရိုးပေါ်တွင် သစ်စေးထပ်ပြီး သစ်စေးမအိပ်မီ အရိုးပြာအရိုးမှုန့်ကို ရောစပ်သည်ဆိုရုံမျှ အပေါ်မှဖြူး၍ ပြုလုပ်ခြင်းသာဖြစ်သည်။

ထိုအရိုးပြာဟူသည်လည်း ပြာစစ်စစ်မဟုတ်သေး။ လူသေအလောင်းကို မီးသင်္ဂြိုဟ်ရာတွင် အရိုးကိုကောက်ထားပြီး ယင်းမီးကျွမ်းအရိုးကို အုန်းစိမ်းရေဖြင့်စိမ်ကာ ဆေးကြော၍ ထောင်းလိုက်သောအခါ ဖြူဖွေးသော အရိုးမှုန့်များရရှိသည်။ ယင်းအရိုးမှုန့်ကို သရိုးသားပေါ်မှဖြူး၍ စတိထည့်ကာလုပ်သည်ကို အရိုးပြာဖြင့်လုပ်သည်ဟု ခေါ်ကြခြင်းဖြစ်သည်။


ကမ္ဗဝါကျမ်းဖုံးသည်လည်း ရိုးရိုးပြောင်ချော အဖုံးနှင့် မှန်စီရွှေချကျမ်းဖုံးဟုနှစ်မျိုးရှိသည်။ ယင်းအဖုံးနှစ်မျိုးလုံးကို ပေါ့ပါးသော လက်ပံသား ဘိုင်သားတို့ဖြင့်လည်းကောင်း၊ မာ၍ ပေါ့သော ကျွန်းသားဖြင့်လည်းကောင်း ပြုလုပ်လေ့ရှိသည်။ ရိုးရိုးပြောင်ချောအဖုံးမှာ အပေါ်မှ ဆေးဒန်းဖြင့် ရွှေဇဝါကွက်၊ ကနုတ်ပန်းနှင့် အရုပ်များရေးခြယ်ပြီး ရွှေချထားခြင်းသာဖြစ်သည်။

မှန်စီရွှေချကျမ်းဖုံးကိုမူ ကျမ်းဖုံးကိုသရိုးကိုင်ပြီး ရသောအချောထည်ကျမ်းဖုံးပေါ်တွင် ကြိုးခင်းရသည်။ ကြိုးခင်းသည်ဆိုသည်မှာ သရိုးကိုခုံပေါ်တွင်တင်ပြီး လက်ဝါးဖြင့်လှိမ့်သောအခါ ကြိုးသဖွယ်ဖြစ်လာသည်။ မိမိခင်းလိုသောကြိုးအရွယ်အစားရအောင်လှိမ့်ယူရသည်။ ဤသို့ ကြိုးသဏ္ဍာန်ဖြစ်လာ

သော သရိုးမျှင်ဖြင့် ကျမ်းဖုံးအပြင်ဘက် မျက်နှာပြင်ပေါ်တွင် မိမိလိုရာ ကနုတ်ပန်းများဖော်သည်ကို ကြိုးခင်းသည်ဟု ခေါ်သည်။ ကြိုးခင်းပြီး ကျောက်စိမှန်စီရမည့်နေရာတွင် ကျောက်နှင့်မှန် များထည့်၍ ကပ်သည်။ ကနုတ်ပန်းနှင့် ရုပ်ကြွများအလုံးစုံပုံဖော်ကျောက်စီပြီးမှ ရွှေချရသည်။ အဖုံးကို မှန်စီရွှေချလုပ်ရာတွင် အဖုံး၏အပြင်ဘက် မျက်နှာကိုသာ လုပ်လေ့ရှိသည်။ အတွင်းဘက်မျက်နှာကိုမူ ပြောင်ထား၍ ဆေးဒန်းဖြင့် ပန်းဇဝါရေးပြီး ရွှေချထားတတ်သည်။ တစ်ခါတစ်ရံ ဘာမျှ မရေးဘဲ ဟင်္သာပြဒါးသုတ်ကာ အနီရောင် ပြောင်းထားသည်လည်း ရှိပါသည်။

ဤသို့ လုပ်ကိုင်၍ပြီးသော ကျမ်းဖုံးနှစ်ခုဖြင့် ကမ္ဗဝါကို ညှပ်၍ ထားလိုက်လျှင် ကမ္ဗဝါလုပ်ငန်းပြီးစီးတော့သည်။ ယင်းသို့ပြီးစီးသွားသော ကမ္ဗဝါတစ်ဆူကို ပိုးဖဲကတ္တီပါတို့ဖြင့် ချုပ်ထားသော အဝတ်အိတ်ထဲသို့ ထည့်ကြသည်။ အဝတ်အိတ်၏ တစ်ဘက်ထိပ်တွင် အိတ်ရှုံ့ကြိုးတပ်ထားပြီး စည်းထားတတ်ပါသည်။ ပြီးမှ ယင်းကမ္ဗဝါအိတ်ကို ကမ္ဗဝါသေတ္တာထဲသို့ထည့်ထားတတ်ကြသည်။

ကမ္ဗဝါသေတ္တာဆိုသည်မှာ ကမ္ဗဝါစာထည့်ရန် ကမ္ဗဝါနှင့်တိုင်း၍ အနေတော်ပြုလုပ်ထားသော သေတ္တာကလေးဖြစ်သည်။ ယင်းသေတ္တာကို အောက်ခြေပလ္လင်ခုံအရှင်၌ တင်ထားသည်။ ပလ္လင်ခုံ၏ အခြေလေးဘက်၌ ခြင်္သေ့ရုပ်၊ ဟင်္သာရုပ် စသောအရုပ်များခံ၍ လှပစွာပြုလုပ်ထားခြင်းဖြစ်သည်။ ယင်းကမ္ဗဝါသေတ္တာကိုလည်း သရိုးဖြင့်ကြိုးခင်း၍ ကနုတ်ပန်းများဖော်ကာ မှန်စီရွှေချပြီး လှပစွာပြုလုပ်တတ်ကြပါသည်။ ပုဂံကျောက်စာများတွင်မူ ယင်းသေတ္တာမျိုးကို သစ်တလားဟုခေါ်ကြပါသည်။




ဝါးအရိုးတပ် ဆေးဒန်းမန်းဇဝါရေးကလောင်

**ကမ္ဗဝါစာလုံးနှင့် အပြောက်အမွမ်းများဆေးသားရေးခြယ်ပုံ**

အထက်ကပြခဲ့သည့်အတိုင်း သရိုးအချောကိုင်ထားသော ကမ္ဗဝါအချောထည်ပေါ်တွင် စာရေးတော့မည်ဆိုလျှင် ရှေးဦးစွာ အနားဖော်ခြင်း၊ လေးကြောင်းမျဉ်းပစ်ခြင်း၊ အတွင်းတိုကွက်ချန်ခြင်း၊ မန်ကျည်းစေ့စာလုံးပုံကြမ်းဖော်ခြင်း၊ ကနုတ်ပန်းနှင့် အရုပ်များရေးခြင်း စသည်တို့ကို ဆေးဒန်းရည်ဖြင့်ရေးရသည်။

ယင်းသို့ရေးရာတွင် ရှေးဦးစွာအနားဖော်ခြင်း၊ အတွင်းတိုကွက်ချန်ခြင်း၊ လေးကြောင်းမျဉ်းပစ်ခြင်းတို့ကို ဆေးဒန်းပန်းဇဝါရေး ကလောင်ဖြင့်ရေးရသည်။ ဆေးဒန်းပန်းဇဝါရေးကလောင်ဆိုသည်မှာ အခေါင်းပါသောဝါးရိုးတွင် အဖျားဋ္ဌ

သံကလောင်သွားတပ်ထားသော ကိရိယာဖြစ်သည်။ ယင်းဝါးအရိုး၏အခေါင်းတွင် ဆေးဒန်းအရည်ထည့်၍ရေးရသည်။ ဆေးဒန်းအရည်ဖျော်ရာတွင် ဆေးခိုင်စေရန် တမာစေးထည့်ပေးရသည်။



မန်ကျည်းစေ့စာလုံး ဆေးဒန်းရေးကလောင်

ဤသို့မျဉ်းပစ်ပြီးခါမှ လေးကြောင်းမျဉ်း၏ အလယ်ကွက်တွင် မန်ကျည်းစေ့စာလုံးများကို ဆေးဒန်းရည်ဖြင့်ပင် ပထမရေးရသည်။ ရေးသောအခါ မန်ကျည်းစေ့စာလုံး ဆေးဒန်းရေးကလောင်ဖြင့်ရေးရသည်။ ယင်းမန်ကျည်းစေ့စာလုံးဆေးဒန်းရေးကလောင်ဆိုသည်မှာ ဆေးဒန်းပန်းဇဝါရေးကလောင်နှင့် မတူပေ။ အခေါင်းပါသော ဝါးအရိုးတွင် အဖျား၌ မန်ကျည်းစေ့စာလုံး၏ တုံးအရွယ်ရှိသောသံသွားကလောင်ပြား တပ်ထားသည့်ကိရိယာဖြစ်သည်။ယင်းဝါးရိုး၏ အခေါင်းထဲတွင် ဆေးဒန်းရည်ထည့်၍ ရေးခြင်းဖြစ်သည်။


မန်ကျည်းစေ့စာလုံးအဝါရေးရာတွင် အဝါရေးသူက တုံးများကိုသာအဓိကထားပြီး ချသွားခြင်းဖြစ်သည်။ တုံးတစ်တုံးနှင့်တစ်တုံး မျဉ်းပျော့ဖြင့်ဆက်ခြင်း၊ တုံးသေးဖြင့်ဆက်ခြင်း၊ စာလုံးပုံပေါ်အောင်ဖော်ခြင်းတို့ကိုမူ သစ်စေးထပ်သူက လိုအပ်သလိုဖြည့်စွက်ပုံဖော်သွားခြင်းဖြစ်သည်။

ဤသို့ဆေးဒန်းဖြင့် မန်ကျည်းစေ့စာလုံး ပုံကြမ်းဖော်ပြီးမှကျန်သောကွက်လပ်များတွင် ခနွကွက်များ၊ ကနုတ်ပန်းများ၊ လူရုပ်၊ နတ်ရုပ်၊ တိရစ္ဆာန်ရုပ် စသည်တို့ကို ဆေးဒန်းပန်းဝါကလောင်ဖြင့်ပင် ရေးခြယ်ရသည်။ ကမ္ဘဝါတစ်စောင်လုံးပြီးမချင်း ဤသို့ ဆေးဒန်းအဝါရေးပြီးအောင် ရေးသွားရသည်။ ဤသို့ဆေးဒန်းဖြင့်ရေးသော လုပ်ငန်းအားလုံးကို အဝါရေးသည်ဟုခေါ်ကြသည်။

ဆေးဒန်းဖြင့် အဝါရေး လုပ်ငန်း ပြီးစီးသွားသောအခါကမ္ဘဝါမျက်နှာပြင်တစ်ခုလုံးကို သစ်စေးပါးပါးသုတ်၍ ရွှေချရသည်။ ရွှေမျက်ပါးဖြင့်ချခြင်းဖြစ်သည်။ ဤသို့ရွှေချလိုက်သောအခါ ကမ္ဘဝါမျက်နှာပြင်တစ်ခုလုံး ရွှေရောင်ဖြင့်ဝင်းဝါသွားတော့သည်။ စာလုံးပုံ ကနုတ်ပန်းပုံ စသည်များ ထင်ရှားပေါ်လွင်ခြင်း မရှိလှသေးပေ။

ဤသို့ရွှေချပြီးသောအခါတွင်မှ ဆေးသားဆေးဒန်းပေါ်မှရွှေများကျရန် ရွှေရည်ဆေးရသည်။ ရွှေရည်ဆေးလိုက်သောအခါ ဆေးဒန်းဆေးသားပေါ်မှ ရွှေများ ရေထဲပါသွားပြီးအနီရောင်စာလုံးများ၊ ခနွကွက်နှင့် ကနုတ်ပန်းစသည်တို့ပေါ်လာသည်။ ဆေးဒန်းဆေးသားမရှိသော ကျန်နေရာများ၌သာရွှေများကျန်တော့သည်။

ဤသို့ဆေးဒန်းပေါ်ရှိရွှေကို ရွှေရည်ဆေးပြီးလျှင် ဆေးဒန်းရေး မန်ကျည်းစေ့စာလုံးပေါ်သို့ သစ်စေးထပ်ရသည်။ သစ်စေးထပ်သောအခါ မန်ကျည်းစေ့စာလုံးသစ်စေးထပ်သော ကလောင်ဖြင့်ထပ်ရသည်။ မန်ကျည်းစေ့စာလုံး သစ်စေးထပ်သောကလောင်ဟူသည် ဝါးအရိုးတွင် မန်ကျည်းစေ့စာလုံး၏ တုံးအရွယ်ရှိ သံသွားအပြားငယ် တပ်ထားသည့်ကလောင်ဖြစ်သည်။ မန်ကျည်းစေ့စာလုံး အဝါရေးကလောင်နှင့် ခပ်ဆင်ဆင်တူသည်။ အရွယ်လည်း မတိမ်းမယိမ်းရှိသည်။



မန်ကျည်းစေ့စာလုံး သစ်စေးထပ်ကလောင်

သစ်စေးစာလုံးထပ်တော့မည်ဆိုလျှင် သစ်စေးကို အိုးကင်းတွင်ထည့်၍ ၁၀ မိနစ်ခန့် မီးဖြင့်အပူပေးရသည်။ မီးအပူဖြင့် သစ်စေးကျက်လာမှ စာရေးရသည်။ သစ်စေးထပ်သောအခါ သစ်စေးထပ်ပညာရှင်က သစ်စေးထပ်ကလောင်ဖြင့် သစ်စေးကို တို့ယူ၍ အဝါရေးမန်ကျည်းစေ့စာလုံး၏တုံးများကို ရှေးဦးစွာ


သစ်စေးထပ်သည်။ စာလုံးတစ်လုံးချင်း၏တုံးများကို သစ်စေးထပ်ပြီးမှ ဆက်စရာရှိသောတုံးများကို ဆက်ခြင်း၊ စာလုံးပုံမှန်ပေါ်အောင်ဖော်ခြင်းများကို သစ်စေးထပ်သူကပင် မှန်အောင်ဖော်သွားခြင်းဖြစ်သည်။ မန်ကျည်းစေ့စာလုံး သစ်စေးထပ်ရာတွင် တုံးများကိုထပ်ရာ၌ ကလောင်ကိုအပြားလိုက် အထက်အောက်ဆွဲပြီး ကကြီးဂငယ်ကဲ့သို့သော တုံးများကိုဆက်ရာ၌ ယင်းကလောင်ပြားကို ထောင်လိုက်ဆွဲ၍ဆက်သည်။ အနှင့်သကဲ့သို့သောတုံးများကိုဆက်ရာ၌မူ စာညှင်းစာလုံးရေး ကလောင်ဖြင့် မျဉ်းပြောရေး၍ဆက်သည်။ ဤကား မန်ကျည်းစေ့စာလုံးဆေးသားရေးခြယ်ပုံဖြစ်သည်။

ကမ္ဘဝါစာ၌ ရေးသော အက္ခရာစာလုံးသည် မန်ကျည်းစေ့စာလုံးနှင့် စာညှင်းစာလုံးဟူ၍ နှစ်မျိုးရှိကြောင်းအထက်၌ဖော်ပြခဲ့ပြီးဖြစ်သည်။ စာညှင်းစာလုံးကို ဆေးဒန်းဖြင့် အဝါရေးရာတွင် အဝါရေးစာညှင်းကလောင်ဖြင့် ရေးရသည်။ ယင်းကလောင်သည် စက္ကူပေါ်ရေးကလောင်နှင့် ပုံသဏ္ဌာန်တူပါသည်။




စာညှင်းစာလုံး အဝါရေးကလောင်

စာညှင်းသစ်စေးစာလုံးကို စာညှင်းသစ်စေးထပ်သော ကလောင်ဖြင့်ရေးပါသည်။ စာညှင်းသစ်စေးထပ်ကလောင်မှာလည်း ဝါးအရိုးတပ် အသွားထက်သောကလောင်နှင့် နှစ်ဘက်ချွန်ကညစ်နှင့် တူသောသံကလောင်ဟူ၍ နှစ်မျိုးရှိပါသည်။ ကညစ်နှင့် တူသောသံကလောင်တွင် လက်ကိုင်၍ကောင်းရန် အလယ်မှ အဝတ်စပတ်၍ ကပ်ထားပါသည်။ ယင်းကလောင်သည်အသွားအနည်းငယ်တုံးပါသည်။ အသွားထက်သော ကလောင်နှင့် အသွားတုံးသောကလောင်တို့ကို စာလုံးပုံပန်းအလိုက် သင့်လျော်သလို ရေးသွားတတ်ပါသည်။



စာညှင်းစာလုံး သစ်စေးထပ်ကလောင်နှစ်မျိုး



**ဆေးဒန်းဖြင့်အဝါရေးပြီး ရွှေမချရသေးသော စာညှင်းကမ္မဝါ**

ဤသို့မန်ကျည်းစေ့စာလုံးများကို သစ်စေးထပ်ပြီးပြီဆိုလျှင် ယင်းသစ်စေးထပ်ပြီးသော ကမ္မဝါများကို နောက်ဆုံးအဆင့်အဖြစ် တိုက်သွင်းရပြန်ပါသည်။ ဤနောက်ဆုံးတိုက်သွင်းရာ၌မူ ယခင်သရိုးကမ္မဝါအချောထည်ရအောင် လုပ်စဉ်ကကဲ့သို့ မြေတိုက်ထဲ၌ တိုက်မသွင်းဘဲ အလွန်ကြီးမားသော



ပညာရှင်ကမ္မဝါဘောင်ဆရာ ဦးတင်မောင်ကိုယ်တိုင်
မန်ကျည်းစေ့ကမ္မဝါကို သစ်စေးထပ်နေပုံ

စာတိုက်သေတ္တာကြီးများထဲ၌ တိုက်သွင်းကြပါသည်။ စာတိုက်သေတ္တာကြီးထဲတွင် တန်းအဆင့်ဆင့်ဖြင့်စင်ခံ၍ ကမ္ဗဝါပြားများကို တစ်ချပ်စီဖြန့်၍တင်ပြီးလျှင် အဖုံးပိတ်ကာတိုက်သွင်းကြခြင်းဖြစ်ပါသည်။ ဤသို့နောက်ဆုံးအကြိမ် ရက်သတ္တတစ်ပတ်ခန့် တိုက်သွင်းပြီးပြီဆိုလျှင် ထိုကမ္ဗဝါကို သုံးစွဲကိုင်တွယ်နိုင်ရပြီဟု ဆိုနိုင်ပါသည်။ ဤသို့လျှင် ကမ္ဗဝါစာတစ်ဆူကို သုံးနိုင်ရသည့် အဆင့်အထိ ပြီးမြောက်အောင် အနည်းဆုံး သုံးလေးလကြာမျှအချိန်ယူလုပ်ဆောင်ရသည်ဟု သိရသည်။

ဤကမ္ဗဝါလုပ်ငန်းတွင် မန်ကျည်းစေ့စာလုံးနှင့် အပြောက်အမွမ်းများကို ဆေးဒန်းဖြင့် အဝါရေးခြင်းလုပ်ငန်းနှင့် အဝါရေးမန်ကျည်းစေ့စာလုံးပေါ်တွင် သစ်စေးထပ်ခြင်းလုပ်ငန်းနှစ်ရပ်သည် ပန်းချီအနုပညာလည်းပါသည်။ ပါဠိဘာသာအက္ခရာရေးထုံးကိုလည်း ကျွမ်းကျင်ရသည်။ မန်ကျည်းစေ့စာလုံးများ၏လက္ခဏာနှင့် သဘောသဘာဝကိုလည်း နားလည်မှုဖြစ်သည်။ ထို့ကြောင့် ကမ္ဗဝါလုပ်ငန်းတွင် ဤပညာနှစ်ရပ်သည် စိတ်အရှည်ရဆုံး၊ ကျွမ်းကျင်မှုအလိုဆုံး ပညာသားအပါဆုံးနှင့် အခက်ခဲဆုံး မြန်မာ့ရိုးရာလက်မှု အနုပညာတစ်ရပ်ဟု ဆိုရမည်ဖြစ်ပါသည်။

# ၅။ အထွေထွေပိုင်းကမ္ဘဝါ

ဤအထွေထွေပိုင်း၌ကမ္ဘဝါလုပ်ငန်းနှင့် ပတ်သက်နေသောကမ္ဘဝါစာမှ မိုက်ထုတ်ခြင်း၊ ပညာရှင်များအား အခကြေးငွေချီးမြှင့်မှု၊ ခေတ်အလိုက်ကမ္ဘဝါတစ်ဆူ၏တန်ဖိုး၊ ပညာရပ်သုံးဝေါဟာရများနှင့် မန္တလေးမြို့ရှိ ကမ္ဘဝါထောင်ဆရာများအကြောင်းတို့ကို သိရှိရသမျှ တင်ပြသွားမည်ဖြစ်ပါသည်။

**ကမ္ဘဝါစာ မိုက်ထုတ်ခြင်း**

ကမ္ဘဝါကို ဆေးဒန်းဖြင့် အဝါရေးပြီး မျက်နှာပြင်နှစ်ဘက်လုံးကို ရွှေချသည့်အကြောင်းနှင့် ရွှေရည်ဆေးသည့်အကြောင်းတို့ကို အထက်အခန်း၌ တင်ပြခဲ့ပြီးဖြစ်သည်။ ဤသို့ရွှေရည်ဆေးရာမှ ကျလာသောရွှေများကိုလည်းကောင်း၊ ရွှေချစဉ်ကဂွမ်းစဖြင့် ဖိနှိပ်ပွတ်သပ်ထားသော ရွှေများကိုလည်းကောင်း မိုက်ထုတ်ယူကြရသည်။

မိုက်ထုတ် ဆိုသည်မှာ ပန်းထိမ်လုပ်ငန်း ရွှေချလုပ်ငန်းသမားများလုပ်၍အလေအလွင့်အဖြစ် အစွန်း ထွက်ကြလာသော ရွှေမှုန့်ရွှေစများပါသည့် မြေ၊ အဝတ်စ၊ စက္ကူ စသည်တို့ကို မီးရှို့၍ ဖြစ်လာသောပြာကို ရေဖြင့်ကျင်ယူခြင်းပင်ဖြစ်သည်။

လွန်ခဲ့သော အနှစ် ၈၀ ခန့်က ဤသို့ ကမ္ဘဝါလုပ်ငန်းမှမိုက်ထုတ် ကျင်ယူခြင်းဖြင့်ရသော ရွှေပမာဏမှာ–

| | | |
|---|---|---|
| ၁၂၇၆ ခုနှစ်က – | ရွှေပြာချိန် | ၇၀ သား |
| | ရွှေအထွက် | ၅၂ သား |

| | | |
|---|---|---|
| | ဂွမ်းခံပဝါပြာချိန် | ၄၅ သား |
| | ရွှေအထွက် | ၁၈၊ ၅မူးသား |
| ၁၂၇၇ ခုနှစ်က – | ရွှေပြာချိန် | ၄၀သား |
| | ရွှေထွက် | ၂၆၊၅မူးသား |
| | ဂွမ်းခံပဝါပြာချိန် | ၃၀သား |
| | ရွှေထွက် | ၇သား |
| ၁၂၇၈ ခုနှစ်က – | ရွှေပြာချိန် | ၂၈၊ ၅မူးသား |
| | ရွှေထွက် | ၉၊ ၁သား |
| | ဂွမ်းခံပဝါပြာချိန် | ၂၃သား |
| | ရွှေထွက် | ၅၊၁မူးသား |

ရရှိကြောင်းသိရပါသည်။

အထက်ပါစာရင်းကို ကြည့်ခြင်းအားဖြင့် ဆက်တိုက် ယင်းသုံးနှစ်တွင် တစ်နှစ်ထက်တစ်နှစ် ရွှေထွက်ကျသွားကြောင်းသိရပါသည်။ ဤသို့ရွှေထွက်ကျခြင်းမှာ ကမ္ဗဝါအပ်သူနည်း၍ အလုပ်ရပါးသွားခြင်းကြောင့် ဖြစ်ကြောင်း အလွယ်နှင့် သိနိုင်ပါသည်။ ယင်းသို့ ကမ္ဗဝါအပ်သူနည်းပါးသွားရခြင်းမှာလည်း ထိုခုနှစ်များဆီက ပုံနှိပ်စက်များဖြိုင်ဖြိုင် ပေါ်လာပြီးဖြစ်ရကား ပုံနှိပ်စက်များက ပုံနှိပ်ကမ္ဗဝါစာအုပ်များ ထုတ်ဝေလာကြသောကြောင့် မန်ကျည်းစေ့ကမ္ဗဝါလုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် ကျဆင်းသွားရခြင်း ဖြစ်ဖွယ်ရှိသည်။

ဤရွှေမိုက်ထုတ်ခြင်းကို ရွှေပန်းထိမ်နှင့် ရွှေချလုပ်ငန်းလုပ်ကိုင်သူတိုင်း မလုပ်နိုင်ကြပါ။ ရွှေကျင်သူနှင့် ရွှေမိုက်ထုတ်သူ ပညာသည်များသာ နားလည်သောလုပ်ငန်းဖြစ်သည်။

### ပညာရှင်များအား အခကြေးငွေ ချီးမြှင့်မှု

ကမ္ဗဝါထောင်ဆရာများက ကမ္ဗဝါထုတ်လုပ်ရာတွင် ကမ္ဗဝါထောင်ဆရာတိုင်း ကိုယ်တိုင်လုပ်နိုင်ကြသည်မဟုတ်ပါ။ ကိုယ်တိုင်မလုပ်နိုင်သော ကမ္ဗဝါထောင်ဆရာများက ကျွမ်းကျင်သူပညာရှင်များကို အခကြေးငွေဖြင့် ငှားရမ်းလုပ်ကိုင်ကြရသည်။ ယင်းသို့လုပ်ကိုင်စေရာတွင် ကျွမ်းကျင်ပညာရှင်များအား ချီးမြှင့်သော လုပ်ခနှုန်းထားမှာ–

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ အင်္ဂလိပ်ကိုလိုနီခေတ်ကာလက မန်ကျည်းစေ့စာလုံး ကိုးခန်းကမ္ဗဝါတစ်ဆူ (၁၆ ချပ်) အတွက် –

ဆေးဒန်းအဝါရေးခ ၁၀ ကျပ်

ငှင်းကိုသစ်စေးထပ်ခ ၂၅ ကျပ်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးဖဆပလ အစိုးရလက်ထက်တွင် မန်ကျည်းစေ့စာလုံး ကိုးခန်းကမ္ဗဝါ (၁၆ ချပ်) တစ်ဆူအတွက် –

ဆေးဒန်းအဝါရေးခ ၂၅ ကျပ်

စာလုံးသစ်စေးထပ်ခ ၃၀ ကျပ်

ယခု မျက်မှောက်ကာလ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် မန်ကျည်းစေ့ကမ္ဗဝါကိုးခန်း တစ်ချပ်အတွက် –

ဆေးဒန်းအဝါရေးခ ၁၅၀ ကျပ်

စာလုံးသစ်စေးထပ်ခ ၂၅၀ ကျပ် ပေးရသဖြင့် ၁၆ ချပ်ပါကိုးခန်းကမ္ဗဝါတစ်ဆူလုံးအတွက်ဆိုလျှင် –

ဆေးဒန်းအဝါရေးခ ၂၄၀၀ ကျပ်

တလုံးသစ်စေးထပ်ခ ၄၀၀၀ ကျပ်နှုန်းဖြစ်ကြောင်း သိရပါသည်။

**ခေတ်အလိုက် ကမ္ဗလာတစ်ဆူ၏ တန်ဖိုး**

ကမ္ဗလာတစ်ဆူကို ရောင်းချသောဈေးနှုန်းမှာလည်း ခေတ်ကာလအလိုက် ကွဲပြားမှုများရှိပါသည်။

ကိုလိုနီခေတ် မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ်ခန့်က ၅ × ၂၂ လက်မ ကိုးခန်းကမ္ဗလာ (၁၆ ချပ်) တစ်ဆူ ၃၀ ကျပ်ခန့်

၁၂၉၂ ခုနှစ်ခန့်က ယင်းကမ္ဗလာတစ်ဆူ ၆၀ ကျပ်ခန့်

ယခုခေတ် ကမ္ဗလာများရောင်းချရာ၌မူ အဆူဖြင့် မတွက်ဘဲ ချပ်ရေဖြင့် ဈေးနှုန်းရောင်းချကြောင်း သိရပါသည်။ ယင်းကမ္ဗလာတစ်ချပ်၏ ယခုခေတ်တန်ဖိုးမှာ

၅ × ၂၂ လက်မ မန်ကျည်းစေ့ကမ္ဗလာတစ်ချပ် ၅၀၀၀ကျပ်

၆ × ၂၄ လက်မ ယင်းကမ္ဗလာတစ်ချပ် ၅၅၀၀ ကျပ်ဖြစ်၍ ယခုခေတ် ရွှေဆိုင်းဈေးမှာ ရွှေမျက်ပါး ၁၀၀ ပါ ရွှေဆိုင်းတစ်ဆိုင်း ၃၀၀၀ ကျပ်ပေး၍ ဝယ်ရကြောင်း သိရပါသည်။

**ကမ္ဗလာလုပ်ငန်းသုံးပညာရပ်ဝေါဟာရများ**

သရိုးကိုင် မန်ကျည်းစေ့ ကမ္ဗလာလုပ်ငန်းသည် သရိုးပညာ၊ ပန်းဇဝါပညာ၊ တလုံးရေးပညာ၊ မျက်နှာဖုံးရေးပညာ၊ ကြိုးနှခင်းပညာ၊ ရွှေချပညာ စသော ပညာရပ်မျိုးစုံ စုပေါင်းအင်အားဖြင့် ဖြစ်ပေါ်လာရသော မြန်မာ့ရိုးရာ လက်မှုအနုပညာတစ်ရပ်ဖြစ်ပါသည်။ ပညာရပ်မျိုးစုံပါဝင်သည့်အားလျော်စွာ ယင်းပညာရပ်များ၌ ကျွမ်းကျင်သောသရိုးပညာရှင်၊ ပန်းဇဝါရေးပညာရှင်၊ အဝါရေးပညာရှင်၊ သစ်စေးထပ်ပညာရှင်၊ ကြိုးခင်းပညာရှင်၊

မှန်စီရွှေချပညာရှင် စသော ပညာရှင်ပေါင်းများစွာတို့စုပေါင်း အကောင်အထည် ဖော်ကြရသောလုပ်ငန်းလည်းဖြစ်သည်။ ထိုပညာရှင်တို့၏ မန်ကျည်းစေ့ကမ္မဝါနှင့် ပတ်သက်သော ပညာရပ်ဝေါဟာရတို့လည်း များစွာရှိပေသည်။

ယင်းပညာရပ်သုံးဝေါဟာရများကို အက္ခရာစဉ်၍ ဖော်ပြရပါက ကျောက်စာသည် (ကျောက်တိုက်သည်၊ ကျောက်ရုပ်သည်ဟုလည်းခေါ်သည်) ကျောက်ဖိသည်၊ ကြိုးနှုခင်းသည်၊ ဂွမ်းခံပဝါ၊ စာညှင်းစာလုံး၊ တိုက်သွင်းသည်၊ ဓနုကွက်ဖော်သည်၊ နဂါးလိမ်ပန်း၊ ပုလဲနား၊ ပေနီသုတ်သည်၊ ပန်းနား၊ ပြာတင်သည်၊ ဖွဲချောသည်၊ ဘီလူးခေါင်းဆောင်းရုပ်၊ မန်ကျည်းစေ့စာလုံး၊ မျဉ်းထိုးသည်၊ ရွှေဇဝါရေးသည်၊ ရွှေရည်ခံသစ်စေး၊ ရွှေရည်ဆေးသည်၊ လောင်းစာလုံး (အဝါရေးဆေးဒန်းစာလုံးကို ခေါ်ခြင်း ဖြစ်သည်)၊ သဇင်ခွေ ကျေးနှင်းရုပ်၊ သစ်စေးထပ်သည်၊ အချိပ် နား၊ အတွင်းတိုက်ကွက်၊ အဝါရေးသည် စသည်တို့ဖြစ်ပါသည်။ ယင်းပညာရပ်ဝေါဟာရများ၏ အဓိပ္ပာယ်ကိုလည်း အထက် သက်ဆိုင်ရာအခန်းများ၌ ရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။

အကယ်၍ မြန်မာဘာသာပညာရပ် အဘိဓာန်များ ထုတ်ဝေခဲ့လျှင် ဤဝေါဟာရများသည် မြန်မာ့ရိုးရာလက်မှုပညာ အနုပညာရပ်အပိုင်း၌ နေရာယူသွားကြမည့် ပညာရပ်ဝေါဟာရ များ ဖြစ်ပါသည်။

## မန္တလေးမြို့မှ ကမ္မဝါထောင်ဆရာများ

ဤကမ္မဝါလုပ်ငန်းကို ယခုအခါ မန္တလေးမြို့မှ တစ်ပါး အခြားမည်သည့်မြို့ရွာများတွင်မှ လုပ်ကိုင်ကြသည်ကို မတွေ့ရ

တော့ပေ။ မန္တလေးတစ်မြို့တည်းသာ မြန်မာနိုင်ငံတွင် တစ်ခုတည်းသော ကမ္ဘဝါထုတ်လုပ်ရာဌာနကြီး ဖြစ်ပေသည်။

မန္တလေးမြို့တွင် မြန်မာဘုရင်များလက်ထက်တော်ကပင် သက်ဆိုင်ရာပညာသည်များအား အစုအကွက်ချထား နေထိုင်စေသော အရပ်များကို ကျောက်သွေးတန်း၊ ကျောက်ဆစ်တန်း၊ ဓားတန်း၊ ဆိုင်းတန်း၊ သင်္ဘောတန်း၊လွန်ထောင်တန်း၊ မဲအိုးတန်းစသည်ဖြင့်ခေါ်ဝေါ်ခဲ့ကြပေသည်။ ကမ္ဘဝါပြုလုပ် ရောင်းချသော ပညာသည်များအား အကွက်ချထား နေထိုင်စေသော အရပ်ကိုလည်း ကမ္ဘဝါတန်းဟုခေါ်ပေသည်။ ဤကမ္ဘဝါတန်းသည် မန္တလေးမြို့တောင်ပြင် ၃၈ လမ်းနှင့် ၈၃ လမ်းဆုံရာတစ်ဝိုက်တွင် တည်ရှိပေသည်။ ကမ္ဘဝါလုပ်ငန်း လုပ်ကိုင်ကြသော ကမ္ဘဝါထောင်ဆရာနှင့် ကမ္ဘဝါဌာနများသည် ဤနေရာတစ်ဝိုက် တွင်ပင် တစ်စုတစ်ဝေးတည်းနေထိုင် လုပ်ကိုင်ကြသည်ကို တွေ့ရသည်။

မန္တလေးမြို့မှ ကမ္ဘဝါထောင်ဆရာကြီးများ အစဉ်အဆက်ကို လက်လှမ်းမီသမျှ တင်ပြရလျှင်

ဦးအုန်းဖူး– ဒေါ်ဆင့်ကမ္ဘဝါလုပ်ငန်း (ဦးအုန်းဖူး– ဒေါ်ဆင့်တို့သည် ရတနာပုံခေတ်က မန္တလေးနန်းတွင်းသို့သွား၍ ဘုရင့်ဝတ်လဲတော် ကမ္ဘဝါများကို လုပ်ကိုင်ခဲ့ရကြောင်း သိရပါသည်။ ဦးအုန်းဖူး– ဒေါ်ဆင့်တို့၏ ပညာအမွေကို သားများဖြစ်ကြသော ဦးဒင်နှင့် ဦးသန်းတို့က ဆက်ခံကိုင်လုပ်ကိုင်ခဲ့ကြသည်။ ဦးဒင်၏ သားဖြစ်သူ ဦးတင်မောင်သည်လည်း ၁၃၂၀ ခုနှစ် လောက်မှစ၍ မိဘလုပ်ငန်းကို ယနေ့တိုင် ဆက်ခံ လုပ်ကိုင် လျက်ရှိသည်။

ဦးညို၊ ဦးဘိုကမ္ဘဝါတိုက်မှာ ယခုသားဖြစ်သူ ဦးအေးကြီးတို့ မိသားစုမှ အမွေဆက်ခံ လုပ်ကိုင်လျက်ရှိသည်။

ဦးစိန်၊ သမီး ဒေါ်ခင်သိန်း ကမ္မဝါတိုက်နှင့် ဦးကြင်၊ သမီး တင်တင်ဝင်း ကမ္မဝါတိုက်များသည်လည်း ယခုတိုင်ဆက်လက် လုပ်ကိုင်လျက်ရှိကြသည်။

ဦးချစ်မြိုင် ကမ္မဝါလုပ်ငန်း၊ ဆရာလုံး ဒေါ်ညှာ ကမ္မဝါ လုပ်ငန်း၊ ဦးငွေ ကမ္မဝါလုပ်ငန်း၊ ဦးစံဖေ ကမ္မဝါလုပ်ငန်းနှင့် ဒေါ်လှ ကမ္မဝါလုပ်ငန်းများမှာ ယခုအခါ မလုပ်ကိုင်ကြတော့ဟု သိရပေသည်။

ဤသို့ အချို့သော ကမ္မဝါလုပ်ငန်းများ အဆက်ပြတ်သွား ရခြင်းမှာ မိဘ၏ပညာအမွေကို ဆက်ခံရမည့်သားသမီးများက ခေတ်အလိုက်အတန်းပညာသင်ယူပြီး အစိုးရအလုပ်ကို လုပ်ကိုင်ကြခြင်းဖြင့်လည်းကောင်း အရောင်းအဝယ်ထွန်းကား သော မန္တလေးမြို့ကြီးတွင် ငွေရှင်သောကုန်သည်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြခြင်းဖြင့်လည်း ကောင်း မိဘတို့၏ရိုးရာပညာအမွေကို ကျောခိုင်းစွန့်ခွာသွား ကြသောကြောင့် ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ ယခုအခါ မန္တလေးမြို့တွင် ကိုယ်တိုင်လုပ်နိုင်သော ကမ္မဝါထောင်ဆရာ သုံးလေးဦးမျှသာ ရှိတော့ကြောင်းသိရပါသည်။ ဤသို့ဖြစ်ရ သည်မှာ မြန်မာတို့၏ ဂုဏ်ယူမြတ်နိုးဖွယ်ရာ ရိုးရာလက်မှုပညာ တစ်ရပ်၏ နောင်ရေးအတွက် ရတက်မအေး ရင်လေးဖွယ်ရာ ဖြစ်ရပါတော့သည်။

ဤကမ္မဝါပညာရှင်များ၏ မူလဒေသမှာ မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရွာဖြစ်သည်။ အမရပူရခေတ် က တံခွန်တိုင်ရွာသည် ကမ္မဝါပညာရှင်များနေထိုင်ရာ ကမ္မဝါ တန်းဟု ခေါ်ရမည့်နေရာဖြစ်သည်။ ရတနာပုံခေတ်ရောက် သောအခါ နေပြည်တော်တည်ရှိရာ မန္တလေးသို့ မင်းနှင့်အတူ

လိုက်ပါပြောင်းရွှေ့ကြရာမှ မန္တလေးကမ္ဗဝါတန်းဟု ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရပါသည်။

ယခုထက်တိုင်လည်း တံခွန်တိုင်ရွာတွင် ကမ္ဗဝါပညာရှင် လုပ်သားများ စဉ်ဆက်မပြတ်ရှိနေသေးသည်။ သို့ရာတွင် တံခွန်တိုင်မှာ တောရွာကလေးဖြစ်နေသဖြင့် ကမ္ဗဝါတောင် လုပ်စား၍ မရတော့ပေ။ မန္တလေး ကမ္ဗဝါတောင်ဆရာများ၏ ကမ္ဗဝါတိုက်များ၌သာ ပညာရှင်အဖြစ် အခကြေးငွေဖြင့် လုပ်ကိုင်စားသောက်ရသော အခြေတွင်ရှိပေသည်။

ဦးခန့်ကြီး၊ ဦးအောင်ခင်၊ဦးသောင်းတင်၊ ဦးကျော်သန်း၊ ဦးချစ်ချစ်၊ ဦးချစ်စိန်၊ ဦးစောရွှေတို့မှာ ယခုတိုင် ကမ္ဗဝါ ပညာဖြင့် အသက်မွေးလုပ်ကိုင်နေကြသော တံခွန်တိုင်ရွာမှ ကမ္ဗဝါ ပညာရှင်များဖြစ်ကြပါသည်။

# နိဂုံး

ဤမျှသော စကားအစဉ်ဖြင့် မန်ကျည်းစေ့ကမ္ဗဝါ အကြောင်းကို တတ်စွမ်းတမျှလေ့လာစုဆောင်းလျက် တန်ဆာဆင်ကာ စိတ်ဝင်စားဖွယ် ဖတ်ချင်စဖွယ်ဖြစ်အောင် တင်ပြ၍ပြီးပါပြီ။ ယခုတင်ပြခဲ့သော အပိုင်းကြီးငါးပိုင်းလုံး၌ သက်ဆိုင်ရာအကြောင်းအရာများကို အရေးကြီးသော အဓိက အချက်များ ပြည့်စုံရုံ လိုရင်းတိုကျဉ်းမျှသာ တင်ပြထားခြင်း ဖြစ်ပါသည်။ယင်းအပိုင်းကြီးငါးပိုင်းလုံးနှင့်သက်ဆိုင်သမျှအကြောင်း အချက်များကို အသေးစိတ်တင်ပြမည်ဆိုလျှင် ရေးသားစရာ အကြောင်းအချက်များစွာ ကျန်ရှိပါသေးသည်။ မဟာကျမ်းကြီး တစ်စောင်ဖြစ်အောင် ရေးသားမှသာလျှင်ပြည့်စုံနိုင်ပါလိမ့်မည်။

ယခုတင်ပြခဲ့သော မန်ကျည်းစေ့ကမ္ဗဝါအက္ခရာ အရေးအသားများကို ခြုံငုံလေ့လာသောအခါ ရေးသားသော ခေတ်ကာလရှေးကျလေ နောက်ပိုင်းခေတ်ကမ္ဗဝါများထက် ပို၍ လှပလေ ကြည့်ကောင်းလေ၊ ပို၍ ကဗျာဆန်လေ ယဉ်လေ၊ ပို၍ မြန်မာဆန်လေ အနုပညာသားပါလေ ဖြစ်သည်ကို သတိထားမိပါသည်။

ဥပမာနှိုင်းခိုင်းရင် နောက်ပိုင်းခေတ်ကျလေ မန်ကျည်းစေ့အက္ခရာများသည် အုတ်တိုက်ကိုကြည့်ရသကဲ့သို့ဖြစ်၍ ရှေးကျသောမန်ကျည်းစေ့အက္ခရာများသည် စုလစ်မွန်းချွန် အထွတ်တင်သော ပြာသာဒ်တစ်ဆောင်ကို ကြည့်ရသကဲ့သို့

ခံစားချက်ဖြစ်ပေါ်စေပါသည်။နောက်တစ်နည်း ဥပမာပြုရလျှင် နောက်ပိုင်းခေတ်ရေး အက္ခရာများသည် ဘိကိနီဝတ်စုံဝတ်ဆင်ထားသော ကာယအလှမယ် တစ်ယောက်ကိုကြည့်ရသကဲ့သို့ဖြစ်၍ ရှေးကျသောအက္ခရာများသည် ထိုင်မသိမ်း အင်္ကျီဝတ်ဆင်ထားသောနန်းတွင်းသူ တစ်ယောက်ကို ကြည့်ရသကဲ့သို့ ခံစားရပါသည်။ ဤသို့ကွာခြားမှုရှိသည်ဟု ဆိုချင် ပါသည်။

ဤမြန်မာ့ရိုးရာ ရှေးဟောင်းအနုပညာပစ္စည်းများနှင့် ပတ်သက်၍ ကျွန်တော်၏ ပြောင်းလဲလာသော ခံယူချက်ကိုလည်း တင်ပြလိုပါသေးသည်။ ကဗျာဆရာမောင်စွမ်းရည်ကသူ၏ " အနီနှင့် အပြာ " ကဗျာစာအုပ်တွင် " ပြတိုက်အိုမှ ထွက်ခဲ့လော့ " ဟူသောခေါင်းစဉ်ဖြင့် ကဗျာတစ်ပုဒ်ရေးသားခဲ့ပါသည်။

သူ့ကဗျာ၏ ဆိုလိုရင်းမှာ တက္ကသိုလ်ပရဝုဏ်မှ မြန်မာစာဆရာကြီးများသည် ပြတိုက်တွင် ပြသရမည့်ပစ္စည်းအမျိုးအစားဝင်ရှေးဟောင်းပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ နံရံမင်စာ လေ့လာမှုဖြင့်သာ အချိန်ကုန်မနေစေဘဲ ပြည်သူ့ဘဝ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်သော ပြည်သူ့စာပေများကိုလည်း ရေးသားဖို့အားထုတ်ကြရန် ကမ္ဘာ့စာပေနှင့် ရင်ပေါင်တန်းနိုင်ရန် ခေတ်စမ်းစာပေကဲ့သို့ စာပေခေတ်သစ်တစ်ရပ်ကို ထူထောင်နိုင်ရန် ကမ္ဘာ့စာပေအယူအဆမည်သို့ ပြောင်းလဲနေသည်။ တိုးတက်နေသည် စသည်များကိုလည်း လေ့လာဖို့ လိုကြောင်း ပြောလိုရင်းဖြစ်သည်ဟု ယူဆမိပါသည်။

ကျွန်တော်သည်လည်း သူ့ကဗျာကိုဖတ်မိချိန်က သူ့ကဗျာနှင့် အယူအဆကို သဘောကျနှစ်ခြိုက်မိသူတစ်ဦး ဖြစ်ပါသည်။ သို့သော် ကျွန်တော်နိုင်ငံ့ဝန်ထမ်း ပညာရေးလုပ်သားတစ်ဦး

ဖြစ်လာသောအခါ ရှေးဟောင်းစာပေပေ(ပ)ဏ္ဍာကို တာဝန်ယူရသော စာကြည့်တိုက်မှူးတစ်ဦးဖြစ် လာပါတော့သည်။ ထိုအခါက သူ၏ စာပေသြဇာမှ မလွတ်ကင်းသေးသဖြင့် ရှေးဟောင်းစာပေကဏ္ဍ ကိုင်ရသည်ကို ရှက်မိသလိုပင်ဖြစ်မိပါသည်။ သို့ရာတွင် ဤသို့ ရှက်ခြင်းသည် ကြာရှည်မခံပါ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ရှေးဟောင်းမြန်မာစာပေများကို လေ့လာလေလေ ရှေးစာဆိုကျမ်းပြုပုဂ္ဂိုလ်ကျော်တို့၏ ဉာဏ်ပညာကြီးမားမှု၊ လုံ့လဝီရိယအားကြီးမှု၊ နက်နက်နဲနဲတွေးကြံတတ်မှု၊ စိတ်ကူးစိတ်သန်းကောင်းမွန်မှု၊ ဒေါသ၊ ဂုဏ်၊ အလင်္ကာ၊ ရသ စသော စာရေးခြင်းအတတ်ပညာ၌ ကျွမ်းကျင်ပိုင်နိုင်မှု၊ ဂုဏ်ပကာသနကို မက်မော၍ မဟုတ်ဘဲ ပြည်သူလူထု၏ အသိပညာတိုးတက်ရေးဟူသော ဖြူစင်သောစေတနာသက်သက်ဖြင့် ပညာပါရမီဖြည့်ဆည်းမှုစသော ဂုဏ်ကျေးဇူးများကို သိရှိလာလေဖြစ်ကာ ရှေးဟောင်းစာပေများအပေါ် လေးစားမြတ်နိုးဂုဏ်ယူသောစိတ်များ ဖြစ်ပေါ်လာသော ကြောင့် ဖြစ်ပါသည်။

သူသည်လည်း သူ့ခေတ်က ရှေ့သို့ခေတ် လုပ်သားပြည်သူ့ခေတ်ဖြစ်၍ ခေတ်နှင့် အညီ စာပေဝါဒဖြစ်ပေါ်လာသည်နှင့်တူပါသည်။ ကျွန်တော်သည်လည်း ကျွန်တော့်ခေတ်က အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားရေးအသိဖြင့် ရိုးရာအဟောင်းတွေကို ဂုဏ်ယူဝင့်ကြွားစွာ ဖော်ထုတ်နေသော အချိန်၌ခေတ်နှင့် အညီ အဟောင်းကိုခင်မင်တွယ်တာသောစိတ်၊ မြတ်နိုးဂုဏ်ယူသောစိတ်ဖြင့် ကျွန်တော်၏ အဟောင်းမင်စာပေ ဝါဒများဖြစ်ပေါ်ခဲ့သည်ဟု ဆိုရမလားမသိပါပေ။

ထို့ကြောင့် ယခုအခါ၌ စာဟောင်းဖတ်ရသည်ကို မရုက်တော့ပါ။ မရုက်သည့်အပြင် အမျိုးသားရေးအသိဖြင့် စာဟောင်းမင်ရသည်ကိုပင် ဂုဏ်ယူမိပါသည်။

ဤမန်ကျည်းစေ့ကမ္ဘဝါလုပ်ငန်းသည် ကမ္ဘဝါတစ်စောင်ဖြစ်ဖို့လုပ်ငန်းအဆင့်က များပြားလှသဖြင့် လက်ဝင်သည်။ အချိန်ကာလလည်းများစွာယူရသည်။ ကျွမ်းကျင်ပညာရှင်များသာလုပ်နိုင်သဖြင့် ခက်လည်းခက်ခဲသည်။ တစ်ဦးတစ်ယောက်တည်းလုပ်၍မရ။ သရိုးပညာရှင်၊ အဝါရေးဆေးဒန်းပညာရှင်၊ သစ်စေးထပ်ပညာရှင်၊ ကောက်ကြောင်းပန်းချီပညာရှင်၊ ကြိုးနှုခင်းပညာရှင်၊မှန်စီရွှေချပညာရှင်စသော ပညာရှင်ပေါင်းများစွာ စုပေါင်းလုပ်ကိုင်ကြရသဖြင့် အညီအညွတ်စုပေါင်းအားထုတ်မှု သမဝါယမ သဘောပါမှုလည်းဖြစ်သည်။

ဤမျှခက်ခက်ခဲခဲ စိတ်ရှည်လက်ရှည်ဖြင့် အချိန်ယူကာစုပေါင်းလုပ်ယူရသော မြန်မာ့ရိုးရာ လက်မှုအနုပစ္စည်းဖြစ်ကြောင်းကို နှောင်းလူတို့ သိရှိကြပြီးလျှင် ဤမြန်မာမှုအနုလက်ရာအမွေအနှစ်ပစ္စည်းများအပေါ်၌ မြတ်နိုးဂုဏ်ယူတတ်သောစိတ် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လိုသောစိတ် ဖြစ်ပေါ်လာသည်ဆိုလျှင် ဤကျမ်းစာကို ရေးသားရကျိုးနပ်ပြီဟု ယူဆရမည်ဖြစ်ပါသတည်း။

နောက်ဆုံး ပန်ကြားလိုသည်မှာ အမှားမကင်းတတ်သောပုထုဇဉ်တို့၏ ဓမ္မတာအတိုင်း ကျွန်တော်၏ဤကျမ်းစာ၌ အမှားအယွင်းများပါရှိနိုင်ပါသည်။ အကယ်၍ အမှားအယွင်းများတွေ့ရှိခဲ့သော်

"ဤနေရာ၌။ ပ ။ သူက ငါက စာပေရေးသားပြုစုကြသည်ဆိုသမျှသောပညာရှိအပေါင်းတို့သည် ဉာဏ်ပညာသတိယွင်းယို

၍လည်းကောင်း၊ သဘောနှလုံးမတွေးတောမိ မဆင်ခြင်မိ၊ ဆင်ခြင်မိသော်လည်း၊ သဘောမသက်သေးဟူ၍သော်လည်း ကောင်း၊ ရှေးသဘောသက်နှင့် ရင်းပင်ရှိသော်လည်း စီကုံးရေး သားပြုစုဆဲသောကာလ အရေးအမှတ်ယွင်းယို၍လည်းကောင်း၊ နောက်သားတို့ရေးကူးမှတ်သားရာတွင် ယိုယွင်းပြန်၍လည်း ကောင်း အတိမ်းအယိမ်းရှိမြဲပင်ဖြစ်တော့သည်”ဟူသော မုံရွေး ဆရာတော်၏ မှတ်ချက်အတိုင်း ခွင့်လွှတ် ကြပါရန်နှင့် အမှား ကိုမြင် အမှန်ပြင်ကြပါရန် အနူးအညွတ်ပန်ကြားလိုပါသည်။

## မှီငြမ်းကိုးကားသော ကျမ်းစာများ
## ပါဠိပိဋကတ်ကျမ်းများ

၁။ ရူဋ္ဌဝဂ္ဂပါဠိ၊ ၅ ကြိမ်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၉။

၂။ ပရိဝါရပါဠိ၊ ၄ ကြိမ်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၆။

၃။ ဗုဒ္ဓဃောသ၊ ရှင်မဟာ။ ရူဋ္ဌဝဂ္ဂါဒိအဋ္ဌကထာ။ ၂ ကြိမ်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၁။

၄။ ဗုဒ္ဓဃောသ၊ ရှင်မဟာ။ ပါစိတျာဒိအဋ္ဌကထာ။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၆။

၅။ ဗုဒ္ဓသာသနအဖွဲ့။ မဟာဝဂ်ပါဠိတော်မြန်မာပြန်။ ရန်ကုန်၊ ယင်းအဖွဲ့၊ ၁၉၅၇။

၆။ မဟာဝဂ္ဂပါဠိ။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၆။

၇။ သာသနာရေးဦးစီးဌာန။ ပရိဝါပါဠိတော်မြန်မာပြန်၊ ၂ ကြိမ်။ ရန်ကုန်၊ ယင်းဌာန၊ ၁၉၉၂။

၈။ သစ်ဆိမ့်ဆရာတော် ( ရှင်ပညာသီဟ )။ ပရိဝါပါဠိတော် နိဿယ၊ ၂ ကြိမ်။ ရန်ကုန်၊ ဣန္ဒာသယ၊ ၁၉၇၆။

## မြန်မာစာအုပ်များ

၉။ ကုလား၊ ဦး။ ဦးကုလားမဟာရာဇဝင်ကြီး။ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၁။

၁၀။ စွမ်းရည်၊ မောင်။ အနီနှင့် အပြာကဗျာများ။ မန္တလေး၊ သပြေပုံနှိပ်တိုက်၊ ၁၉၆၄။

၁၁။ ထွန်းညို၊ ဦး ( တွင်းသင်းမင်းကြီး ) ။ တွင်းသင်းမြန်မာ ရာဇဝင်သစ်၊ ပတွဲ။ ရန်ကုန်၊ မင်္ဂလာပုံနှိပ်တိုက်၊ ၁၉၆၈။
၁၂။ နတ်ရှင် ( ဒဂုန် ) ။ မြန်မာ့ရိုးရာလုပ်ငန်းဆယ်ပွင့်ပန်း။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၈။
၁၃။ ဖျော်၊ ခင်ကြီး (တောင်တွင်းဆရာတော်)။ သဒ္ဒ ဗျူဟာကျမ်း။ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၇။
၁၄။ ဖျော်၊ ခင်ကြီး ( တောင်တွင်းဆရာတော် ) ။ သဒ္ဒါကြီး ပုဒ်စစ်စုံ။ ၃ ကြိမ်။ ရန်ကုန်၊ လက်ရွေးစင်စာပေ၊ ၁၉၈၃။
၁၅။ မဟာဓမ္မသင်္ကြံ။ သာသနာလင်္ကာရစာတမ်း။ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၅၆။
၁၆။ မဟာဝိသုဒ္ဓါရာမဆရာတော်။ ကမ္ဘဝါစာနိသျှမူသစ်။ ရန်ကုန်၊ ဟံသာဝတီ၊ ၁၂၅၈ (၁၈၉၆)။
၁၇။ မောင်ကိုဦး (သပြေညို )။ မြန်မာ့ရိုးရာ ယွန်းလက်မှု ပညာ။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁။
၁၈။ မုံရွေးဆရာတော် (ရှင်အရိယဝံသအာဒိစ္စရံသီ)။ သမန္တ စက္ခု ဒီပနီ။ ရန်ကုန်၊ သုဓမ္မဝတီ၊ ၁၉၄၀။
၁၉။ မြန်မာစာအဖွဲ့။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း။ ရန်ကုန်၊ ယင်းအဖွဲ့၊ ၁၉၇၈။
၂၀။ မြန်မာစာအဖွဲ့။ မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ ၄။ ရန်ကုန်၊ ယင်းအဖွဲ့၊ ၁၉၈၀။
၂၁။ မြန်မာစာအဖွဲ့။ မြန်မာ–အင်္ဂလိပ်အဘိဓာန်။ ရန်ကုန်၊ ယင်းအဖွဲ့၊ ၁၉၉၃။
၂၂။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း။မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၊ ၂ ကြိမ်။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁။

၂၃။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဒုတွဲ၊ ၃ ကြိမ်။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်၊ ၁၃၂၉ (၁၉၆၇)။
၂၄။ လက္ခဏာ၊ အရှင်။ ကျိုက္ကစ်ဆံတော်ရှင်စေတီသမိုင်းသစ်။ ရန်ကုန်၊ အေးအေးစာပုံနှိပ်တိုက် (ခုနှစ်မပါ)။
၂၅။ လယ်တီဆရာတော် (ရှင်ဉာဏ)။ လယ်တီကမ္ဗဝါဒီပနီ။ ရန်ကုန်၊ ပတ္တမြားပဒေသာစာပေတိုက်၊ ၁၃၃၅ (၁၉၇၃)။
၂၆။ အဘယရာမဆရာတော် (ရှင်အဂ္ဂဓမ္မာဘိဝံသ)။ အဘိဓာန် နိဿယသစ်။ ရန်ကုန်၊ ရတနဝါဒီပိဋကတ်စာအုပ်ဆိုင်၊ ၁၉၈၄။


## အင်္ဂလိပ်စာအုပ်များ

၂၇။ NASH, John. Practical Calligraphy, by John Nash and Gerald Fleuss. Newyork, smith mark, 1992.
၂၈။ ZWALF, W. ed. Buddhism Art and Faith. London, British Museum Publication Ltd. 1985.


## ပေစာ ကျောက်စာနှင့် ကမ္ဗဝါများ

၂၉။ ငွေမျက်ပါးချသရိုးကိုင်စာညှင်းကမ္ဗဝါ (တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၊ အမှတ်– ၁၇၈၃၈၆။
၃၀။ ပဋ္ဌာန်းပါဠိတော် မင်ရေးပေစာ (တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၊ ပေမူ၊ အမှတ် ၆၀၆၃။
၃၁။ မင်းဝိုင်းကျောင်းကျောက်စာ မင်ကူးမူ (တက္ကသိုလ်များသမိုင်းသုတေသနဌာန)။


၂။ ရွှေဥမင်ဆရာတော်။သာသနအာယု။ (တက္ကသိုလ်များ ဗဟို စာကြည့်တိုက်၊ ပေမူ အမှတ်– ၆၄၇၅)။
၃။ သရိုးကိုင်ဝတ်လဲတော်မန်ကျည်းစေ့ကမ္မဝါ (ရွှေတိဂုံ စေတီတော် ပိဋကတ်တိုက်၊ အမှတ်– ၉၈၀)။
၄။ သီးလုံးဆရာတော် (ရှင်စန္ဒိမာ)။ ကမ္မဝါစာဂဏ္ဌိ။ (တက္ကသိုလ်များဗဟို စာကြည့်တိုက်၊ ပေမူ အမှတ် ၉၅၈၁)။
၅။ သဒ္ဓမ္မသိရီ၊ ရှင် (သာလွန်မင်းဆရာတော်)။ ကမ္မဝါစာ နိဿယနှင့် အဓိပ္ပာယ်။ (တက္ကသိုလ်များဗဟို စာကြည့် တိုက်၊ ပေမူ– အမှတ်– ၁၁၄၁၉)။
၆။ အတုလစက္က၊ ရှင်။ သာသနမူလ ပါဠိနိဿယ။ (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပေမူ– အမှတ် ၇၆၆၈)။
၇။ အမှတ်မရှိသေးသော အခြားကမ္မဝါစာများ (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်နှင့် ရွှေတိဂုံပိဋကတ်တိုက်)။




ငွေမျက်ပါးချ စာညှင်း ကမ္မဝါ (ဥပသမ္ပဒခန်း)




ကမ္မဝါ ပလ္လင်ချပ်၏ အပြင်ဘက်မျက်နှာ၌ တွေ့ရသော
နဂါးလိမ်ရုပ်အပြောက်အမွမ်းများ




ကမ္မဝါကျမ်းဖုံး၏ အတွင်းဘက်မျက်နှာ၌ တွေ့ရသော
ဘီလူးခေါင်းဆောင်းရုပ်အပေါ် အပြောက်အမွမ်းများ




ကမ္မဝါ ရွှေပလ္လင်ချပ်၏ အတွင်းဘက်မျက်နှာ၌တွေ့ရသော
သဇင်ခွေ ကျေးနှင်းရုပ်ပါ အပြောက်အမွမ်းများ




ညောင်းရမ်းခေတ်ရေးဟု ယူဆရသော ရေးကျသည့်
မန်းကျည်းစေ့ကမ္မဝါ




မအူပင်မြို့နယ် မလက်တိုရွာ ဂူကုန်းကျောင်းမှ
ဆင့်စွယ်မန်ကျည်းစေ့ ကမ္မဝါ




မင်းတုန်းမင်းတရားကောင်းမှုတော် ဥပရိပဏ္ဏာသပါဠိတော်
မင်ရှေးပေစာ ရွှေ.ပလ္လင်ချပ်နှင့် ကျမ်းဖုံးအပြောက်အမွမ်းများ



ဓမ္မစက္ကပဝတ္တနသုတ် ရေးထားသော ငွေမျက်ပါးချ
သရိုးကိုင်ပေစာ၏ စက်ဝိုင်းပုံအပြောက်အမွမ်းများ



ရှေးကျသော မန်ကျည်းစေ့ အက္ခရာရေးပါတိမောက် ပါဠိ
(ပေသရိုးကိုင်)



ဟင်္ဒီအက္ခရာ ပန်းစာလုံးနမူနာ

ပ၊ စ၊ လ ၅၁၇/ ၂၀၀၀/ (စာတည်း) /၁၁၀၀ / စာပေ



**၁၉၉၉ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု**

**သုတေသနစာပေဆုရ**

**"မန်ကျည်းစေ့ကမ္ဗဝါပန်းအကွရာ"**

**ရေးသူ – ဦးညွန့်မောင်**

အဖ ဦးပိုး၊ အမိဒေါ်ဂေါက်တို့မှ ၂၄.၁၂.၂၉ ရက်တွင် တောင်သာမြို့နယ် နွားတဲရွာ၌ မွေးဖွားသည်။ နွားတဲရွာဘုန်းတော်ကြီးကျောင်းတွင် အခြေခံအရေးအဖတ်ပညာသင်ကြားပြီး တောင်သာအထက်တန်းကျောင်းမှ သတ္တမတန်းအောင်မြင်သည်။ ၁၉၄၉ ခုနှစ်တွင် ပခုက္ကူမြို့၌ ရဟန်းဝတ်သည်။ နွားတဲရွာမှန် ကျောင်းမှ အစိုးရပထမငယ်တန်းနှင့် ပထမလတ်တန်းအောင်မြင် သည်။ ၁၉၅၁ ခုနှစ်တွင် မန္တလေးမြို့၌ အထက်တန်းပိဋကတ်စာပေများ ဆက်လက်သင်ယူပြီး အစိုးရပထမကြီးတန်း၊ အစိုးရစာချတန်းနှင့် သကျသီဟ အောင်မြင်သည်။ ၁၉၇၀ ပြည့်နှစ်တွင် မန္တလေး တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ စာကြည့်တိုက်ပညာဒီပလိုမာဘွဲ့ ရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်မှစ၍ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၌ အမှုထမ်းခဲ့ရာ စာကြည့်တိုက်မှူး အဆင့် (၂) ဖြင့် အငြိမ်းစားယူခဲ့သည်။

၁၉၆၉ ခုနှစ်မှစ၍ စာပေများစတင်ရေးသားခဲ့ပြီး အတ္ထုပ္ပတ္တိတစ်စောင်၊ စာပေဆောင်းပါးနှင့် ပညာရပ်ဆောင်းပါး ၁၆ စောင်မျှ စာနယ်ဇင်းများ၌ ရေးသားခဲ့ဖူးသည်။

နေရပ်လိပ်စာမှာ ၄၇၅၊ ဗဟိုလမ်း (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းဖြစ်သည်။ တက္ကသိုလ်များသမိုင်း သုတေသနဌာန၌ အကြံပေးအရာရှိအဖြစ် အမှုထမ်းလျက်ရှိသည်။

**အမည်ရင်းမှာ ဦးညွန့်မောင်ဖြစ်သည်။**